**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ



# မြဝတီ နေ့စဉ်

မုန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၉၇)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်
၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ တနင်္လာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရင်ပြင်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင်နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်၌ ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာပြီး ပြခန်းတာဝန်ခံများ၏ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်)

# အနုပညာကိုအခြေတည်ပြီး အမျိုးသားရေးစိတ်ဓာတ်ဖြင့်ဖော်ဆောင်

မြန်မာ့ရုပ်ရှင်သည် မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်များကို ကမ္ဘာနှင့်ဆက်သွယ်ပေးနိုင်သည့် ဘာသာစကားတစ်ခုဖြစ်ပြီး လူမျိုးတို့၏ဘာသာစကားများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ လူနေမှုဘဝများကို ကမ္ဘာသို့ထုတ်ပြနိုင်သည့် မီဒီယာတစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် ရုပ်ရှင်အနုပညာသည် နိုင်ငံတည်ဆောက်ရေးအတွက် အင်အားတစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံတော်၏စိတ်ဝိညာဉ်လည်းဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်ကတည်းကပေါ်ပေါက်ခဲ့သည့် မြန်မာ့ရုပ်ရှင်သမိုင်းသည် ယခုဆိုပါက နှစ်ပေါင်း (၁၀၆) နှစ်တိုင်ခဲ့ပြီဖြစ်သည်။

ရုပ်ရှင်အနုပညာသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသည့် အခြေခံအင်အားတစ်ရပ်ပင်ဖြစ်သည်။ နိုင်ငံနှင့်ပြည်သူများ၏အတွေးအခေါ်ပိုင်း၊ စိတ်ဓာတ်ပိုင်းနှင့်တန်ဖိုးထားမှုများကိုထင်ဟပ်ဖော်ပြနိုင်သည့် အနုပညာဖြစ်သည့်အတွက် ရုပ်ရှင်အနုပညာကဏ္ဍနှင့်ယဉ်ကျေးမှုကဏ္ဍမပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုများသည် ပြီးပြည့်စုံမှုမရှိဟုဆိုနိုင်သည်။ နိုင်ငံတစ်ခု လူမျိုးတစ်မျိုး၏ယဉ်ကျေးမှုအဆင့်အတန်းပြယုဂ်ကို လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားမှုများကတစ်ဆင့် ပြသနိုင်မည်ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများ၏နောက်ကွယ်တွင် စောင့်ထိန်းအပ်သည့်စရိုက်လက္ခဏာများပျက်စီးခြင်း၊ လူမျိုးတစ်မျိုး နိုင်ငံတစ်နိုင်ငံ၏ကိုယ်ပိုင်အမှတ်သရုပ်လက္ခဏာများပျောက်ဆုံးခြင်း၊ အတုယူမှားခြင်းများ ကြုံတွေ့လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားၣ အမှာစကားပြောကြားစဉ် **"မိမိအနေဖြင့် နှစ်စဉ်တိုက်တွန်းပြောကြားခဲ့သည့်စကားတစ်ခွန်းကို ယခုနှစ်တွင်လည်း ပြန်လည်တိုက်တွန်းပြောကြားလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့်နယ်ပယ်ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည့်အားပေးကူညီမှုများကိုလုပ်ဆောင်ပေးခဲ့ပြီး ဆက်လက်၍လည်း ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရုပ်ရှင်အနုပညာရှင်များကလည်း ပြည်သူများကို ဖျော်ဖြေရေးသက်သက်သာမက နိုင်ငံ၏ယဉ်ကျေးမှုနှင့် ချစ်စဖွယ် မြန်မာ့ဓလေ့ မြန်မာ့စရိုက်၊ မြန်မာ့ရေ၊ မြေ၊ တော၊ တောင် သဘာဝအလှအပများကိုဖော်ညွှန်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုရိုက်ကူးတင်ဆက်ပေးရန်မှာကြားလိုကြောင်း"**ဟု ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာ့ရုပ်ရှင်လောကသားများအနေဖြင့် အမျိုးသားရေးနှင့်ယှဉ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ထွန်းကားရေး၊ ပြည်သူများအသိပညာတိုးတက်ရေး၊ နိုင်ငံတော်၏ဦးတည်ချက်များ အောင်မြင်စေရေးတို့အတွက် ရိုက်ကူးတင်ဆက်ပေးကြရန် နိုင်ငံတော်အကြီးအကဲက အလေးထားလမ်းညွှန်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုအမွေအနှစ်များသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင်ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်များကဲ့သို့ ထူးခြားလေးနက်သည့်ဝိသေသနှင့်အဓိပ္ပာယ်များရှိနေသည်။ ရုပ်ရှင်လောကသားအားလုံးသည် ရှေးရှေးဘိုးဘွားဘီဘင်တို့ထားရှိခဲ့သည့် တန်ဖိုးမဖြတ်နိုင်သော နိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ်များကို နောင်လာနောက်သားမျိုးဆက်သစ်သားစဉ်မြေးဆက်အထိ လက်ဆင့်ကမ်းသယ်ဆောင်ပေးနိုင်စွမ်းရှိကြသည့်အနုပညာရှင်များဖြစ်ကြသည်။ ထို့ကြောင့် မြန်မာတို့၏ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အားလုံးကို လူသားအားလုံးနှင့်သက်ဆိုင်သည့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ထိန်းသိမ်းကာကွယ်ပြီး တန်ဖိုးထားလုပ်ဆောင်ပေးကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ယဉ်ကျေးမှုကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်နှင့်ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်ဆိုသည့်နယ်ပယ်နှစ်ခုဖြင့် မိမိတို့ ခွဲခြားသိမြင်ထားကြသည်။ လူမျိုးတစ်မျိုး၏ပြောဆိုသည့်ဘာသာစကား၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ကိုးကွယ်ယုံကြည်မှုနှင့်ရိုးရာဓလေ့ထုံးစံများ၊ အတွေးအခေါ်များ၊ လက်မှုအနုပညာနှင့်အနုသုခုမပညာများပေါင်းခြုံထားသည့်ယဉ်ကျေးမှုကို ဒြပ်မဲ့ယဉ်ကျေးမှုဟုခေါ်ဆိုကြပြီး လူမျိုးတစ်မျိုး၏ ပြုလုပ်သုံးစွဲခဲ့သည့် ကိုင်တွယ်ထိတွေ့၍ရသည့်ပစ္စည်းအားလုံးကို ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်ဟုခေါ်ဆိုကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အကျိုး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏အကျိုးကိုရှေးရှုပြီး ပိုမိုကောင်းမွန်သည့်နိုင်ငံတော်နှင့် ပိုမိုကောင်းမွန်သည့်လူမှုစီးပွားဘဝများကို ဖြစ်ထွန်းပေါ်ပေါက်လာအောင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ အနှစ်ချုပ်ဆိုရသော် ရုပ်ရှင်လောကသားများအနေဖြင့် အနုပညာကိုအခြေတည်ပြီး အမျိုးသားရေးစိတ်ဓာတ်ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

# မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကြည့်ရှုစစ်ဆေး

မိုင်းနောင် ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့ နားလင်လိုင်ကျေးရွာအတွင်း ဆောင်ရွက်သော နားလင်လိုင်ကျေးရွာမြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းအား တာဝန်ရှိသူများက ဖေဖော်ဝါရီလ ၇ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းညွန့်ဆွေ၊ မြို့အုပ်ချုပ်ရေးမှူး ဦးစည်သူထွန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် နားလင်လိုင်ကျေးရွာအတွင်း ဆောင်ရွက်နေသော မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းများအား ဌာနမှသတ်မှတ်ထားသောဒီဇိုင်းပုံစံများအတိုင်း အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစွာ သတ်မှတ်ကာလအတွင်းပြီးစီးအောင်ဆောင်ရွက်နိုင်ရေး၊ မြေသားလမ်းဖောက်လုပ်မည့်လမ်းများတွင် ရေနုတ်မြောင်းများ စနစ်တကျရှိစေရေးတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါနားလင်လိုင်ကျေးရွာ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းသည် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေကျပ် ၆၃ သန်းဖြင့် ပေ ၄၅၅၀ ဆောင်ရွက်မည်ဖြစ်ပြီး မြေသားလမ်းဖောက်လုပ်ပြီးပါက ကျေးရွာနေ ဒေသခံပြည်သူများ အဆင်ပြေစွာသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၄၁၄)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၂-၂၀၂၆(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၁၁။ | ၁၇:၀၀ | စိုက်ပျိုးသုတ |
| ၂။ | ၀၇:၁၆ | မေတ္တာပို့ | ၁၂။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၃။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် | ၁၃။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၄။ | ၁၀:၀၀ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်း | ၁၄။ | ၁၉:၀၀ | **CGTN Nature အပိုင်း(၃၆)** |
| ၅။ | ၁၁:၀၀ | ကမ္ဘာ့ရေးရာမှတ်သားစရာ | | | |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု | ၁၅။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၇။ | ၁၃:၀၀ | လူတိုင်းကျန်းမာသိမှတ်စရာ | ၁၆။ | ည ၈ နာရီ သတင်းအပြီး | နိုင်ငံတကာသတင်း |
| ၈။ | ၁၄:၀၀ | မှတ်သားလိုက်နာပုံပမာ | ၁၇။ | | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် |
| ၉။ | ၁၅:၀၀ | အဟောင်းထဲမှအကောင်းဆုံးတေးသီချင်းများ | ၁၈။ | | မှတ်တမ်း |
| ၁၀။ | ၁၆:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၉။ | | တရားတော် |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဆန်းသစ်တီထွင်မှုများနှင့်အတူ MSME လုပ်ငန်းများကို နိုင်ငံတော်ကအားပေးမြှင့်တင်

ဆုလတ်မေ

ယနေ့ခေတ် ကမ္ဘာကြီးသည် အရာရာတွင် တိုးတက်မှုအပေါင်းနှင့် ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည်။ လူသားတို့၏ တီထွင်ကြံဆမှုကြောင့် အသစ်အသစ်တို့သည် အဆက်မပြတ်ဖြစ်ပေါ်နေလျက်ရှိရာ စီးပွားရေးလုပ်ငန်းများသည်လည်း နည်းပညာသစ်များဖြင့် တိုးတက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၏ အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါလှသည့် အခန်းကဏ္ဍ၌ပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ နိုင်ငံတော်အစိုးရက အသေးစား၊ အငယ်စားနှင့် အလတ်စား ကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များချမှတ်ပြီး တွန်းအားပေးထောက်ပံ့ကူညီမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ MSME လုပ်ငန်းများသည် မတူညီသည့်အတွေးအခေါ်များ၊ ဆန်းသစ်တီထွင်မှုများနှင့်အတူ ဈေးကွက်ထိုးဖောက်နိုင်ရေးအတွက် အရည်အသွေးမြင့်မားအောင် ကြိုးစားဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများကိုပါ ဖန်တီးပေးလျက်ရှိသည်။

**MSME ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး**

အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME)လုပ်ငန်းများသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူဖြစ်စေသောကြောင့် MSME လုပ်ငန်းများနှင့် ထုတ်ကုန်များဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ လက်ရှိတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ မတည်ပံ့ပိုးငွေကျပ် ဘီလီယံ ၁၇၀ အနက် ကျပ် ၂၀ ဘီလီယံကို MSME ဖွံ့ဖြိုးတိုးတက်ရေး အကူအညီအဖြစ်လည်းကောင်း၊ ကျန်ရှိသည့်ဘီလီယံ ကျပ် ၁၅၀ ကို ချေးငွေထုတ်ချေးနိုင်ရေးအတွက်လည်းကောင်း သုံးစွဲလျက်ရှိကြောင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု(၁/၂၀၂၆) အစည်းအဝေးပြောကြားချက်အရ သိရသည်။

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကဏ္ဍဖြစ်သည်။ အဆိုပါကဏ္ဍများမှ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ပြီး ပြည်ပသို့တင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်သည်။ MSME လုပ်ငန်းများအတွက် အဓိကလိုအပ်ချက်လေးခုရှိသည်။ ၎င်းတို့မှာ ကုန်ကြမ်း၊ ရင်းနှီးမြှုပ်နှံမှု၊ သွင်းအားစုနှင့် လူသားအရင်းအမြစ်တို့ဖြစ်သည်။ ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများကိုအသုံးပြုပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) လုပ်ငန်းများတွင် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်၍ ဒေသတွင်းကုန်ထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်မှ MSME လုပ်ငန်းရှင်များ၏ လိုအပ်ချက်များဖြစ်သည့် ကုန်ကြမ်းရရှိရေးကိုလည်း ဖြည့်ဆည်းပေးလျက်ရှိရာတွင် MSME ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများလွှဲပြောင်းပေးခြင်း၊ ကုန်စည်ပြပွဲများ ဖိတ်ခေါ်ပြသခြင်း၊ ဒေသတွင်းထုတ်ကုန်ပြပွဲပြိုင်ပွဲများပြုလုပ်၍ ဆုများချီးမြှင့်ခြင်း၊ နိုင်ငံတကာကုန်ထုတ်လုပ်မှု ကွင်းဆက်များတွင် ဝင်ရောက်နိုင်ရန်အကူအညီပေးခြင်း၊ အရင်းအနှီးလိုအပ်ချက်အတွက် ချေးငွေရရှိရေးဆောင်ရွက်ပေးခြင်းတို့ကို နိုင်ငံတော်ကပံ့ပိုးကူညီပေးလျက်ရှိရာ လုပ်ငန်းရှင်များအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ပြည်တွင်း၌ရှိသည့် စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းသည် အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများဖြစ်ပြီး ပုဂ္ဂလိကစီးပွားရေးကဏ္ဍတွင်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများ အများဆုံးပါဝင်နေသည်။ MSME လုပ်ငန်းစုများသည် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၏ ကျောထောက်နောက်ခံဖြစ်သကဲ့သို့ တီထွင်



ဆန်းသစ်မှုများ၏ အဓိကအရင်းအမြစ်များအဖြစ်လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ခြင်း၊ ဆင်းရဲမှုလျှော့ချရေးနှင့် စွန့်ဦးတီထွင်လုပ်ငန်းစုများ၏ အစပြုရာနေရာအဖြစ်လည်းကောင်း၊ MSME လုပ်ငန်းများမှတစ်ဆင့် နိုင်ငံအတွင်း ငွေကြေးလည်ပတ်စီးဆင်းမှုကို စဉ်ဆက်မပြတ်ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းတစ်ရပ်ဖြစ်သည့် ပြည်တွင်းအသားတင်ထုတ်လုပ်မှု (Gross Domestic Product) တိုးတက်စေရန်ကိုလည်းကောင်း အထောက်အကူပြုနိုင်သည်။

**ပြည်ထောင်စုအဆင့် ကုန်စည်ပြပွဲ၊ ပြိုင်ပွဲ**

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်အစိုးရမှ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နေပြည်တော်၌ ဖေဖော်ဝါရီလ ၈ ရက်မှ ၁၃ ရက်အထိ ၆ ရက်တာ ကျင်းပပြုလုပ်လျက်ရှိသည်။ အဆိုပါ ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်တွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုပြခန်း ၁၅ ခန်း ပါဝင်ပြသထားပြီး ဝန်ကြီးဌာနပြခန်းများ၊ စီးပွားရေးချိတ်ဆက်မှုနည်းပညာပြခန်းများ၊ လယ်ယာသုံးစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများစသည်ဖြင့် ပြခန်းစုစုပေါင်း ၁၂၆ ခန်းခန့် ပါဝင်ပြသထားသည်။

MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများကို ပြခန်းအလိုက် အမျိုးအစားစုံလင်စွာ ပါဝင်ပြသထားသည်။ ထို့ပြင် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ ဆိုင်ခန်းများလည်း ပါဝင်မည်ဖြစ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနက ပြပွဲတွင် ငါးခြောက်၊ ပုစွန်ခြောက်အပါအဝင် ရေထွက်ကုန်ပစ္စည်းများကိုအခြေခံ၍ ထုတ်လုပ်ထားသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ၊ အသေးစား၊ အလတ်စားလုပ်ငန်းများမှ ထုတ်လုပ်သည့် ရေထွက်ကုန်ပစ္စည်းများကို အမျိုးအစားစုံလင်စွာ ပါဝင်ခင်းကျင်းပြသထားသည်။ ထိုသို့ပြသရာတွင် ရေထွက်ကုန်ပစ္စည်းပြုပြင်ထုတ်လုပ်မှုအတွက် အရေးပါသည့် (GHP၊ GMP၊ SSOP) ကဲ့သို့ သန့်ရှင်းရေးနှင့် ဘေးကင်းစေရေးအတွက် ထုတ်လုပ်သူများအနေဖြင့် သိရှိရမည့်အချက်များ၊ ထုတ်လုပ်ခွင့်လိုင်စင်များနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကိုလည်း ပြပွဲလာရောက်သူများလေ့လာနိုင်ရန် ထည့်သွင်းပြသထားသည်။ နိုင်ငံတော်မှအဆိုပါ ပြပွဲခင်းကျင်းပြသရသည့် ရည်ရွယ်ချက်မှာ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ထုတ်ကုန်ပြသခြင်းအတွက်သာမက MSME လုပ်ငန်းရှင်များနှင့် စိုက်ပျိုးတောင်သူများ၏ လုပ်ငန်းတိုးတက်ရေးအတွက် လက်တွေ့အကူအညီပေးသည့် ပလက်ဖောင်းတစ်ခုအဖြစ် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်သည်။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဦးတည်ချက်များအောက်က MSME**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအခြေအနေများဖြစ်သည့် ပြည်ပတင်ပို့မှု၊ တင်သွင်းမှုမျှတမှုများသည် နိုင်ငံ၏ စီးပွားရေးအပေါ် များစွာမူတည်သည်။ တင်ပို့မှု၊ တင်သွင်းမှုကွာဟချက် သို့မဟုတ် သွင်းကုန်သည်ပို့ကုန်ထက်များပြားနေပါက တိုင်းပြည်စီးပွားရေးတွင် Trade deficit အနုတ်လက္ခဏာကိုသာ မြင်ရမည်ဖြစ်သည်။ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သစ်တောသယံဇာတပေါများကြွယ်ဝသော မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ပြည်ပပို့ကုန်ထက် ပြည်ပတင်သွင်းမှုပမာဏများပြားလျက်ရှိသည်။ သို့သော် အရေးကြီးကိစ္စရပ်များစွာနှင့်အတူ ပြုပြင်ပြောင်းလဲမှုများဖြင့် တည်ဆောက်နေသော အခြေအနေများတွင် နိုင်ငံတော်အစိုးရအနေဖြင့်ရှေ့လုပ်ငန်းစဉ်များ၊ စီးပွားရေးနှင့်ပတ်သက်သည့် ဆက်စပ်စီးပွားရေးမူဝါဒများချမှတ်ပြီး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ့လူ့အဖွဲ့အစည်းရှိ လူမှုဘဝအများစု၏ ၉၉ ရာခိုင်နှုန်းခန့်သည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအများစုအပေါ်တွင် ရပ်တည်နေရပြီး ၎င်းသည် နိုင်ငံစီးပွားရေးယန္တရားတွင် အဓိကမောင်းနှင်အားတစ်ခုဖြစ်သည်။ နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်တွင် ပြည်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ထားပြီး ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများဖြင့် စားရေရိက္ခာဖူလုံရန်နှင့် တိုင်းပြည်သာယာဝပြောရေးကို ကြိုးပမ်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များပါရှိသည်။

MSME ဖွံ့ဖြိုးရေး ရည်ရွယ်ချက်များသည် ရေရှည်အာမခံချက်ရှိရန်နှင့်ကျွဲကူးရေပါဆိုသလို အလုပ်အကိုင်အခွင့်အလမ်းများစွာနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ပေးနိုင်မည့် လုပ်ငန်းစဉ်များဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားများပိုင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ထုတ်ကုန်အမြောက်အမြားကို ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ နိုင်ငံတော်၏စီးပွားရေး

စာမျက်နှာ ၄ သို့ ●

✠ **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုအားကောင်းလာပါက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများမှတစ်ဆင့် စီးပွားရေးသမားတစ်ယောက်ဖြစ်လာမည်ဖြစ်သည်။ တစ်နိုင်တစ်ပိုင် အိမ်တွင်းထုတ်လုပ်ငန်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် ပြည်တွင်းသာမက ပြည်ပ၌ပင် အသုံးချနိုင်သည့် အရည်အသွေးမြင့်ထုတ်ကုန်များကို ထုတ်လုပ်လျက် နိုင်ငံတော်၏အကျိုးစီးပွား၊ လူမှုစီးပွားဘဝ တိုးတက်ရေးကို ဖြည့်စွမ်းနိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး ဆန်းသစ်တီထွင်မှုများမှတစ်ဆင့် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများကို အားပေးကူညီဆောင်ရွက်သွားရမည်ဖြစ် . . .**

● စာမျက်နှာ ၃ မှအဆက်

လုပ်ငန်းစဉ်များကို လေ့လာကြည့်ပါက ပြည်သူတစ်ရပ်လုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး မြို့ပြကျေးလက်ကွာဟမှု လျော့ပါးကာ ဆင်းရဲမှုပပျောက်ရေးအတွက် MSME လုပ်ငန်းများအပေါ် များစွာအခြေပြုထားကြောင်း တွေ့ရှိရမည်ဖြစ်သည်။

**ဈေးကွက်ခိုင်မာမှုစနစ်ကို ကိုယ်စားပြုခြင်း**

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသည် သုံးစွဲသူပြည်သူများကို ဗဟိုပြုသောလုပ်ငန်းများဖြစ်သည်။ လုပ်ငန်းများကောင်းမွန်စွာ လည်ပတ်နိုင်ရေးသုံးစွဲသူနှင့် ထိတွေ့ဆက်ဆံခြင်းသည် ဈေးကွက်အတွင်းရှိ ကုန်စည်အရည်အသွေးကို စုံစမ်းခြင်းလည်းဖြစ်သည်။ ပြိုင်ဘက်ကောင်းများနှင့် တွေ့ဆုံခြင်းလည်းဖြစ်သည်။ အလားတူ မိမိ၏လုပ်ငန်း၊ ကုန်အမှတ်တံဆိပ်ကို တောက်ပလာအောင် လုပ်ဆောင်ခြင်းနှင့်လည်းတူညီသည်။ အရောင်းမြှင့်တင်ခြင်း၊ ကြော်ငြာခြင်းဆိုင်ရာ ဈေးကွက်ရှာဖွေသည့်လုပ်ငန်းများသည် မိမိကုန်ပစ္စည်းကို အာမခံခြင်းဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းသည် တိုးတက်ပြောင်းလဲလျက်ရှိသည့် ခေတ်ကိုဆွဲဆောင်ခြင်းသာဖြစ်သည်။ ဥပမာအားဖြင့် ဆန်၊ ဆီ၊ ဆားအစ လူသုံးကုန်ပစ္စည်းများကို ဖုန်းဖြင့်ဆက်သွယ်မှာယူနိုင်ပြီး အိမ်တိုင်ရာရောက်ပို့ဆောင်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဝယ်ယူသည့်ပစ္စည်းအပေါ် တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် အာမခံဆောင်ရွက်ပေးခြင်းသည် ဈေးကွက်ခိုင်မာမှုစနစ်ကို ကိုယ်စားပြုလာခြင်းဖြစ်သည်။

ထို့ကြောင့် **အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းအစီအစဉ်များတွင် စတင်လုပ်ကိုင်မည့်သူများကို လမ်းဖွင့်ကြိုဆိုကြရမည်ဖြစ်သည်။ ချေးငွေနှင့်အကူအညီရရှိရေး လမ်းပြကူညီကြရပါမည်။ အတွေ့အကြုံရင့်ကျက်သော လုပ်ငန်းတိုင်းတွင် မဟာဗျူဟာ၊ နည်းဗျူဟာ လုပ်ငန်းအစီအစဉ်များရှိသကဲ့သို့ မတူညီသော လုပ်ငန်းအစီအစဉ်၊ မတူညီသော လုပ်ငန်းနယ်ပယ်များတွင် လုပ်ငန်းတစ်ခု ရေရှည်တည်တံ့ရေး ရှုထောင့်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ရလေ့ရှိသည်။** လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံခြင်းသည် အကျိုးအမြတ်ကို ဖန်တီးပေးစွမ်းနိုင်သည်။ လုပ်ငန်းတစ်ခုသည် ဈေးကွက်နှင့် ဝန်းကျင်ကောင်းပေါ်တွင် တည်မှီနေခြင်းကြောင့် ခိုင်မာသောဈေးကွက်ကို ဖော်ဆောင်ကြရမည်ဖြစ်သည်။ လက်ရှိနိုင်ငံတော်က ချမှတ်ထားသည့် **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"** ဟူသော ဆောင်ပုဒ်သည် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်တင်ရန်နှင့် ပြည်ပမှီခိုမှု လျှော့ချရန် အသိပေးနေခြင်းဖြစ်ပြီး ဆောင်ပုဒ်အတိုင်း လုပ်ဆောင်သွားမည်ဆိုပါက နိုင်ငံတစ်ခုလုံး၏ စီးပွားရေးမှာ တိုးတက်လာမည်မှာ အမှန်ပင်ဖြစ်သည်။

အနှစ်ချုပ်ပါက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုအားကောင်းလာပါက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများမှတစ်ဆင့် စီးပွားရေးသမားတစ်ယောက်ဖြစ်လာမည်ဖြစ်သည်။ တစ်နိုင်တစ်ပိုင် အိမ်တွင်းထုတ်လုပ်ငန်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် ပြည်တွင်းသာမက ပြည်ပ၌ပင် အသုံးချနိုင်သည့် အရည်အသွေးမြင့် ထုတ်ကုန်များကို ထုတ်လုပ်လျက် နိုင်ငံတော်၏ အကျိုးစီးပွား၊ လူမှုစီးပွားဘဝ တိုးတက်ရေးကို ဖြည့်ဆည်းစွမ်းနိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ **နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး ဆန်းသစ်တီထွင်မှုများမှတစ်ဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများကို အားပေးကူညီဆောင်ရွက်သွားရမည်**ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ပင်းတယမြို့နယ် ကော်ဖီစိုက်ပျိုးရေးခြံများမှထွက်ရှိသော ကော်ဖီသီးစိမ်းများအရောင်းအဝယ်ကောင်း



**ပင်းတယ ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ်ရပ်ကွက်/ကျေးရွာများရှိတောင်ယာ၊ လယ်ယာခြံများ၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသော ကော်ဖီပင်များမှ ကော်ဖီသီးစိမ်းများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ပင်းတယမြို့နယ် အနောက်ဘက်တောင်တန်းဒေသ(ဒေသအခေါ်-နဂါးပတ်တောင်တန်း)ရှိ ကူးကော်ကျေးရွာအုပ်စု၊ တောင်ပေါ်ကြီးကျေးရွာအုပ်စု၊မဲနယ်တောင်ကျေးရွာ၊ ထွက်နီကျေးရွာအုပ်စုတို့အတွင်းရှိ ကျေးရွာများ၊ တောင်ခြေရှိ ရေဖြူကျေးရွာအုပ်စု၊ ညောင်ကောက်ကျေးရွာအုပ်စုအစရှိသော ကျေးရွာများရှိ ပြည်သူများ၏ မိသားစုစားဝတ်နေရေးအတွက် တောင်ယာ၊ လယ်ယာခြံမြေများ၌ စိုက်ပျိုးထားသော ကော်ဖီပင်များမှကော်ဖီသီးများ ရင့်မှည့်လာပြီဖြစ်၍ ခူးဆွတ်ရောင်းချရာ ယခုအခါအရောင်းအဝယ်ကောင်းမွန်လျက်ရှိသည်။

ပင်းတယမြို့နယ် အနောက်တောင်တန်းဒေသတစ်လျှောက် ကျေးရွာစိုက်ပျိုးရေးခြံများမှ ကော်ဖီသီးစိမ်းများအား ကော်ဖီကြိတ်စက်ဖြင့် အခွံချွတ်ခွဲခြမ်းစိတ်ဖြာ၍ နေလှန်းအခြောက်ခံကြပြီး ကော်ဖီမှုန့်ထုတ်စက်ရုံများသို့ ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ပင်းတယမြို့နယ်အတွင်းရှိ ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း၊ အင်းသျှား၊ ဗမာအစရှိသော ဒေသနေတိုင်းရင်းသားများ၏ စားဝတ်နေရေးအတွက် မိသားစုစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော ကော်ဖီပင်များမှ ကော်ဖီသီးများအား ဈေးနှုန်းမှန်ကန်စွာ ဝယ်ယူဆောင်ရွက်ပေးပြီး အနံ့အရသာပြည့်စုံလတ်ဆတ်သော ကော်ဖီမှုန့်များဖြစ်ရန် ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

(၄၀၅)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၉-၂-၂၀၂၆(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Sport News |
| ၂။ | ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၃။ | ၁၅:၀၀ | Jumping For You |
| ၄။ | ၁၆:၄၀ | I Music |
| ၅။ | ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၆။ | ၂၂:၂၀ | Goodnight Listeners |

**ပြည်ထောင်စုကြီးတိုးတက်ဖို့ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်စို့။**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်

**နေပြည်တော်၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က ဖေဖော်ဝါရီ ၅ ရက်တွင် အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုအခက်အခဲများ၊ နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စဉ် တိုင်းတွင် ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဖိအားပေးမှုများ၊ စီးပွားရေးပိတ်ဆို့မှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့်အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းများ၊ နိုင်ငံတကာအသိုက်အဝန်းများနှင့် လိုက်လျောညီထွေရှိနိုင်မည့် ပြုပြင်ပြောင်းလဲမှုများ စသည့်စိန်ခေါ်မှုများစွာကို အခက်အခဲအကျပ်အတည်းများကြားမှ နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျစီမံခန့်ခွဲဖြေရှင်းနိုင်ခဲ့သကဲ့သို့ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည့် ထူးကဲသောဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်က ယခုကဲ့သို့ ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ကိုချီးမြှင့်အပ်နှင်းခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**နာယက၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်**
**စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)**

## ဝါးခယ်မမြို့နယ်၌ ပြီးခဲ့သည့်မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါးဧက ၂၁၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်

**ဝါးခယ်မ ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ပြီးခဲ့သည့်မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါးဧက ၂၁၀၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ် ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက ဝါးခယ်မမြို့နယ်၌ စပါး ၂၁၃၂၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ထိုသို့ စိုက်ပျိုးခဲ့သည့် စပါးများကို ၂၀၂၅ ခုနှစ် အောက်တိုဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧကအားလုံး ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရိတ်သိမ်း ပြီးဖြစ်သည့် စပါးတစ်ဧကလျှင် ၁၀၁ ဒသမ ၇၅ တင်းခန့်ထွက်ရှိကြောင်း သိရသည်။



"ဝါးခယ်မမြို့နယ် တစ်မြို့နယ်လုံး အနေနဲ့ မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၂၁၃၂၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိစိုက်ပျိုးထားတဲ့ မိုးစပါးအားလုံး ပြန်လည်ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ရိတ်သိမ်းခဲ့တဲ့စပါးတွေ တစ်ဧကချင်းအထွက်နှုန်း ကောင်းခဲ့သလို စပါးအရည်အသွေးလည်း ကောင်းပါတယ်။ ဝါးခယ်မမြို့နယ်အပါအဝင် ခရိုင်အတွင်းက မြို့နယ်တွေမှာ မိုးစပါးစိုက်ပျိုးဖို့ စပါးစတင်မစိုက်ပျိုးမီ အချိန်ကတည်းက သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူ နည်းပညာပေးလုပ်ငန်းတွေကို ကြိုတင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့်လည်း ရိတ်သိမ်းခဲ့တဲ့စပါးတွေ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းတာပါ"ဟု မြောင်းမြ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

ဝါးခယ်မမြို့နယ်၌ စိုက်ပျိုးခဲ့သော စပါး ၂၁၃၂၁၆ ဧကတွင် ဆင်းသုခ၊ GW-11၊ ပခမ်း၊ GW -3၊ ဧရာမင်း၊ မော်ဘီ-၁၊ ထိုင်းဘေးကျား၊ ရက် ၉၀၊ သီးထပ်ရင်၊ နံ့ကား၊ မော်ဘီ-၃၊ နယူးဧရာ-၁၊ GW-18 စသည့်စပါးအမျိုးအစားများကို အများ ဆုံးစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါမိုးစပါးများ လျာထားဧကပြည့်မီအောင် စိုက်ပျိုး/ ရိတ်သိမ်းနိုင်ရေး ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင် ရွက်ခဲ့ကြောင်း သိရသည်။

**သုတကျော်**

## သဲကုန်းမြို့နယ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူ

**သဲကုန်း ဖေဖော်ဝါရီ ၈**

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် တွင် ကျရောက်မည့် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ပဲခူးတိုင်းဒေသကြီး နတ်တလင်း ခရိုင် သဲကုန်းမြို့နယ် သမဝါယမဦးစီး ဌာနရုံးရှေ့၌ ဖေဖော်ဝါရီလ ၈ ရက် တွင် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူ ခဲ့သည်။

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူ ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေး ဦးဆောင်၍ မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူ များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ် ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်း အဖွဲ့များ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ သည်။

အဆိုပါမြေစိုက်ပိုစတာတွင် ပြည် ထောင်စုနေ့အမျိုးသားရေးဦးတည်ချက် များ၊ ပြည်ထောင်စုအဆောက်အအုံ များ၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ၊ ပြည်ထောင်စုအထိမ်းအမှတ် ကျောက်တိုင်တို့ပါရှိပြီး ပြည်သူများ အနေဖြင့် ပြည်ထောင်စုနေ့ကို အစဉ် သတိရပြီး တန်ဖိုးထားတတ်စေရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိစေရန် ရည်ရွယ်၍ စိုက်ထူပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သဲကုန်း)**

### ၈-၂-၂၀၂၆ ရက်နေ့ ခာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ခာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP)က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်

**နေပြည်တော်၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ကဏ္ဍအသီးသီးတွင် ဘက်စုံကဏ္ဍစုံမှ ထူးခြားပြောင်မြောက်စွာ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး စွမ်းဆောင်နိုင်ခဲ့ခြင်း၊ အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများအကြားမှ မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကိုကာကွယ်ပြီး သံတမန်ဆက်ဆံရေးနည်းလမ်းများကို ဖော်ဆောင်နိုင်ခဲ့ခြင်း၊ မြန်မာ့နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ဆောင်ရွက်ချက်သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည့် စိန်ခေါ်မှုများအကြားမှ ပြည်သူများ အထူးလိုလားတောင့်တမျှော်လင့်လျက်ရှိသည့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကိုလည်း အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့ခြင်းတို့အတွက် ရန်ကုန်တက္ကသိုလ်က ဖေဖော်ဝါရီ ၅ ရက်တွင် အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခံရခြင်းအပေါ် မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP) အနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP)**

# မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်မှ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်

**နေပြည်တော်၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ကို ဖေဖော်ဝါရီ ၅ ရက်တွင် ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

ထိုသို့နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည့် ထူးကဲသောဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်က ယခုကဲ့သို့ ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကိုချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်ပြီး ထိုသို့ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ ချီးမြှင့်အပ်နှင်းခံရခြင်းအပေါ် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးစည်ပင်သာယာဝပြောရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများတိုးတက်ခိုင်မာအောင် ဆက်လက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်**

# တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၃၃ / ၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
( ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် )

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း ( ၈ ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်းပေးပို့လာသည့် အောက်ဖော်ပြပါ တပ်မတော်သားများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီးဖြစ်၍ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၁ အရ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| ( ၁ ) | ကြည်း ၂၅၈၁၄ | ဗိုလ်ချုပ် | ကျော်သူရအေး |
| ( ၂ ) | ကြည်း ၂၀၇၇၅ | ဗိုလ်မှူးချုပ် | လှမျိုး |
| ( ၃ ) | ကြည်း ၂၀၈၃၄ | ဗိုလ်မှူးချုပ် | ဝင်းကိုကို |
| ( ၄ ) | ကြည်း ၂၃၇၅၀ | ဗိုလ်မှူးချုပ် | အောင်အောင် |
| ( ၅ ) | ကြည်း ၂၆၁၁၄ | ဗိုလ်မှူးချုပ် | ထွန်းထွန်းနိုင် |
| ( ၆ ) | ကြည်း ၂၆၈၈၄ | ဗိုလ်မှူးချုပ် | သန်းထွန်းအောင် |
| ( ၇ ) | လေ ၁၉၆၂ | ဗိုလ်မှူးချုပ် | မြင့်သောင်း |
| ( ၈ ) | ကြည်း ၂၃၉၂၃ | ဗိုလ်မှူးကြီး | စိုးမိုးကျော် |
| ( ၉ ) | ကြည်း ၂၃၉၆၃ | ဗိုလ်မှူးကြီး | အောင်အောင်ဟိန်း |
| (၁၀) | ကြည်း ၂၅၀၇၇ | ဗိုလ်မှူးကြီး | စိုးမြင့်အောင် |
| (၁၁) | ကြည်း ၂၅၇၂၈ | ဗိုလ်မှူးကြီး | သက်ပိုင် |
| (၁၂) | ကြည်း ၂၅၇၈၀ | ဗိုလ်မှူးကြီး | တင်အောင်မြင့် |
| (၁၃) | ကြည်း ၂၅၈၆၃ | ဗိုလ်မှူးကြီး | လှိုင်ဝင်း |
| (၁၄) | ကြည်း ၂၆၁၈၁ | ဗိုလ်မှူးကြီး | ဆန်းသွင် |
| (၁၅) | ကြည်း ၂၆၇၆၃ | ဗိုလ်မှူးကြီး | ညီညီတင် |
| (၁၆) | ကြည်း ၂၆၇၇၁ | ဗိုလ်မှူးကြီး | စိုးရွှေ |
| (၁၇) | ကြည်း ၂၆၇၇၆ | ဗိုလ်မှူးကြီး | သက်ဇင်ထွန်း |
| (၁၈) | ကြည်း ၂၆၇၉၃ | ဗိုလ်မှူးကြီး | ဖြိုးမင်းဝင်း |
| (၁၉) | ကြည်း ၂၆၈၃၄ | ဗိုလ်မှူးကြီး | မင်းဇော် |
| (၂၀) | ကြည်း ၂၆၈၈၆ | ဗိုလ်မှူးကြီး | ဇော်မင်းထက် |
| (၂၁) | ကြည်း ၂၇၅၅၈ | ဗိုလ်မှူးကြီး | ခင်ဇော် |
| (၂၂) | ကြည်း ၂၈၁၉၅ | ဗိုလ်မှူးကြီး | မျိုးထွဋ်ဝင်း |

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| (၂၃) | ကြည်း ၃၂၉၁၁ | ဗိုလ်မှူးကြီး | အောင်သိန်းလွင် |
| (၂၄) | ကြည်း ၂၇၃၅၆ | ဒုတိယဗိုလ်မှူးကြီး | ဝင်းသိန်း |
| (၂၅) | ကြည်း ၂၇၃၇၀ | ဒုတိယဗိုလ်မှူးကြီး | မောင်မောင်စိုး |
| (၂၆) | ကြည်း ၂၉၃၇၂ | ဒုတိယဗိုလ်မှူးကြီး | ဝင်းမြင့်ထွန်း |
| (၂၇) | ကြည်း ၃၂၈၄၅ | ဒုတိယဗိုလ်မှူးကြီး | သန့်ဇင်ထွန်း |
| (၂၈) | ကြည်း ၃၃၅၁၈ | ဒုတိယဗိုလ်မှူးကြီး | မျိုးမောင်သိန်း |
| (၂၉) | ကြည်း ၂၃၀၄၈ | ဗိုလ်မှူး | ဇဝန |
| (၃၀) | ကြည်း ၂၈၄၇၇ | ဗိုလ်မှူး | သက်ထွန်းဦး |
| (၃၁) | ကြည်း ၃၂၄၃၂ | ဗိုလ်မှူး | ပြည်ထွန်း |
| (၃၂) | ကြည်း ၃၃၅၆၅ | ဗိုလ်မှူး | မျိုးမင်းသန့် |
| (၃၃) | ကြည်း ၃၄၇၁၁ | ဗိုလ်မှူး | တင့်လွင်အေး |
| (၃၄) | ကြည်း ၃၅၁၈၈ | ဗိုလ်မှူး | နိုင်ဝင်းလတ် |
| (၃၅) | ကြည်း ၃၆၃၁၃ | ဗိုလ်မှူး | သိန်းထိုက်ကျော် |
| (၃၆) | ကြည်း ၃၆၄၅၄ | ဗိုလ်မှူး | ကျော်ဇေယျာဝင်း |
| (၃၇) | ကြည်း ၃၆၅၁၈ | ဗိုလ်မှူး | ဇေယျာဝင်း |
| (၃၈) | ကြည်း ၃၉၁၈၇ | ဗိုလ်မှူး | သိန်းထွန်းကျော် |
| (၃၉) | ကြည်း ၃၉၂၂၄ | ဗိုလ်မှူး | ထက်လွင်ဦး |
| (၄၀) | ကြည်း ၄၁၂၀၅ | ဗိုလ်မှူး | ဖြိုးဝေအောင် |
| (၄၁) | ကြည်း ၄၃၀၀၄ | ဗိုလ်မှူး | ဇော်ဝင်းထွဋ် |
| (၄၂) | ကြည်း ၄၅၄၅၄ | ဗိုလ်မှူး | ဝင်းမင်းထွန်း |
| (၄၃) | ကြည်း ၄၇၇၆၁ | ဗိုလ်မှူး | ဇော်မင်းလတ် |
| (၄၄) | ကြည်း ၅၂၇၈၉ | ဗိုလ်မှူး | ကျော်ဇင်ဝင်း |
| (၄၅) | ရေ ၄၀၈၄ | ဗိုလ်မှူး | တင်ထွဋ် |
| (၄၆) | ရေ ၄၄၂၆ | ဗိုလ်မှူး | အောင်ခိုင်လင်း |
| (၄၇) | လေ ၃၂၁၄ | ဗိုလ်မှူး | နေထက်လင်း |
| (၄၈) | လေ ၃၃၀၅ | ဗိုလ်မှူး | သန်းထွန်းဦး |
| (၄၉) | အင်န် ၇၂၁ | ဗိုလ်မှူး | ဒေါ်မော်မော်သန်း |
| (၅၀) | ကြည်း ၅၄၈၄၃ | ဗိုလ်ကြီး | သက်အောင် |
| (၅၁) | ကြည်း ၆၇၅၀၁ | ဗိုလ်ကြီး | ဒေါ်ခင်ရတနာထင်အောင် |
| (၅၂) | ကြည်း ၆၇၅၀၉ | ဗိုလ်ကြီး | ဒေါ်ဖြူဖြူမောင် |
| (၅၃) | ကြည်း ၆၇၅၅၀ | ဗိုလ်ကြီး | ဒေါ်ဖြိုးဖြိုးဝေ |
| (၅၄) | ကြည်း ၆၉၃၅၄ | ဗိုလ်ကြီး | ခိုင်စိုးလင်း |
| (၅၅) | ကြည်း ၇၀၁၈၁ | ဗိုလ်ကြီး | ဒေါ်စုမြတ်ဝေ |
| (၅၆) | ကြည်း ၇၄၂၉၄ | ဗိုလ်ကြီး | ဒေါ်ဖြိုးသီရိမွန် |

**( ပုံ )သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အင်းလေးကန်ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်သာယာလှပစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၈

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် ကလောခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန်ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သာယာလှပစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ပြည်ထောင်စုဝန်ကြီးက အင်းလေးကန်မတိမ်ကောစေရန်နှင့်သဘာဝဝန်းကျင်ဂေဟစနစ် မပျက်သုဉ်းစေရန် ကန်ရေပြင်ကျယ်အတွင်းနှင့် စက်လှေ ရေလမ်းကြောင်းတစ်လျှောက် ဗေဒါများ၊ ကျွန်းမျောဟောင်းများဆယ်ယူရေးဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အင်းလေးကန် အစဉ်သာယာလှပစိမ်းလန်းစိုပြည်နေစေရေးဆောင်ရွက်ရန် လုပ်ငန်းများကို အသေးစိတ်ဆွေးနွေးမှာကြားပြီး လုပ်ငန်းများအားလုံး ပွင့်လင်းရာသီအတွင်း အပြီးသတ်ဆောင်ရွက်နိုင်ရေး စီမံပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အင်းလေးကန်၏ မြောက်ဘက်မှ တစ်နှစ်ပတ်လုံးစီးဝင်လျက်ရှိသည့် နမ့်လတ်ချောင်းအားအုတ်ဖိုရွာအနီးတွင် ကျောက်စီရေလွှဲဆည်တည်ဆောက် ရေလွှဲယူ၍နုန်းစစ်အနည်ထိုင်စေခြင်းဖြင့် အင်းလေးကန်အတွင်း နုန်းများတိုက်ရိုက်ဝင်ရောက်မှုမှကာကွယ်ရန် တည်ဆောက်ထားသည့် နဒီကန်နှင့် သာစည်ကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဆယ်ယူရရှိသော နုန်းများကို တောင်သူများ၏ စိုက်ပျိုးမြေများတွင် ပြန်လည်အသုံးချဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများကိုအသေးစိတ်ဆွေးနွေးမှာကြားသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် ဟဲဟိုးမြို့ ညောင်ခါးရှည်ရွာရှိ ဟဲဟိုး အာလူး ထုတ်လုပ်သူအသင်း၏မျိုးအာလူး အအေးခန်းသိုလှောင်ရုံ၌ အားလူးစိုက်တောင်သူများ၊ အာလူးမျိုးထုတ်လုပ်သူလုပ်ငန်းရှင်များကိုတွေ့ဆုံ၍ အာလူးမျိုးထုတ်လုပ်မှုလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှထုတ်လုပ်နိုင်သည့်အနေအထားနှင့်ထပ်မံလိုအပ်သော မျိုးအာလူးပမာဏအတွက် အာလူးမျိုးထုတ်လုပ်ခြင်းကို တောင်သူများကိုယ်တိုင် တက်ကြွစွာ ပူးပေါင်းဆောင် ရွက်ကြရန်နှင့် နည်းပညာ



လိုအပ်သည့်အကူအညီများကို ဌာနပညာရှင်များအပိုင်းက ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မြေယာ အသုံးပြုရာတွင် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား တိတိကျကျလိုက်နာဆောင်ရွက်ရန်လိုအပ်ချက်များကို ဆွေးနွေး ပြောကြားပြီး အာလူးစိုက်တောင်သူများ ၊ လုပ်ငန်းရှင်များ၏တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ဒေသခံတောင်သူများစိုက်ပျိုးထားသော အာလူးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သောပံ့ပိုးကူညီမှုများဆောင်ရွက်ပေးသည်။

ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏တာယောစိုက်ပျိုးရေးသုတေသနခြံ၊ စိုက်ပျိုးရေးဦးစီးဌာန၏တာယောမျိုးသန့်ခြံနှင့် ထုံးဖို စိုက်ပျိုးရေးသုတေသနခြံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးသည်စိုက်ပျိုးရေးသုတေသနဦးစီးဌာန တာယောစိုက်ပျိုးရေး သုတေသနခြံသို့ရောက်ရှိပြီး ပဲပုပ်နှင့် နေကြာသုတေသနပြုစိုက်ကွင်းကို ကြည့်ရှုစစ်ဆေး၍ စိုက်ခင်းအတွင်း မိုးရာသီရေကြီးရေလျှံမဖြစ်ပွားစေရေးအတွက် ရေကာတမံတည်ဆောက်မည့်အစီအမံနှင့် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးဆောင်ရွက်နေမှုအပေါ် လိုအပ်သည်များဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာန တာယောမျိုးသန့်ခြံသို့ရောက်ရှိပြီး စိုက်ကွင်းအတွင်း ဆိုလာရေတင်စနစ်ဖြင့် ရေတင်ဆောင်ရွက်နိုင်မှုနှင့် နေကြာမျိုးစေ့ထုတ်ရန် မြေပြုပြင်ထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ ခြံစည်းရိုးပတ်လည်တစ်လျှောက် အရိပ်ရမန်ကျည်းပင်များစိုက်ပျိုးရေး၊ ခြံအတွင်း နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထုံးဖို စိုက်ပျိုးရေးသုတေသနခြံသို့ ရောက်ရှိရာ သစ်ခွနှင့်သဇင်ပန်းဥများအား တစ်သျှူးကာချာ(Tissue culture)နည်းဖြင့် မျိုးမွေးမြူသုတေသနပြုထုတ်လုပ်နိုင်ရေးဆောင်ရွက်နေမှုကိုကြည့်ရှု၍ လိုအပ်ချက်များ မှာကြားပြီး ခြံအတွင်းဆောင်ရွက်လျက်ရှိသော ကြက်သွန်နီမျိုးစေ့ထုတ် စိုက်ပျိုးခြင်းလုပ်ငန်းနှင့်နှစ်ရှည်ပင်စိုက်ပျိုး သုတေသနပြုရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

မြဝတီ

# မရန်းသီး၏ဆေးဖက်ဝင်ပုံအကြောင်း သိကောင်းစရာ

ဒေါက်တာလပြည့်ခင်

ချိုချဉ်အရသာလေးနှင့် ဆောင်းရာသီအကုန်လောက်တွင်ပေါ်သည့် မရန်းသီးကို ဆားရည်စိမ်၍ဖြစ်စေ၊ ဆေးသကြားနှင့်စိမ်၍ဖြစ်စေ၊ ပါးပါးလှီးပြီးသုပ်၍ဖြစ်စေ၊ ငါးပိနှင့်ရောထောင်း၍ဖြစ်စေ၊ လက်ဖက်နှင့်ရောထောင်း၍ဖြစ်စေ စားပါက ခံတွင်းမြိန်စေသည်။

မြန်မာလူမျိုးတို့သည် မရန်းသီးကို အသီးကင်းမှအစ အသီးမှည့်သည်အထိ အမျိုးမျိုးပြုလုပ်၍ စားလေ့ရှိကြသည်။ မရန်းသီးဆားရည်စိမ်၊ မရန်းသီးသနပ်၊ မရန်းယို၊ မရန်းပြား စသည်ဖြင့် မရန်းသီးကို တာရှည်ခံအောင်ပြုလုပ်၍ စားသုံးကြသည်။ မရန်းသီးကို ဟင်းလျာအမျိုးမျိုးတွင် ထည့်သွင်း၍ မရန်းသီးသုပ်၊ မရန်းသီးငါးပိကြော်၊ မရန်းသီးငါးပိချက်၊ မျှင်ငါးပိနှင့် မရန်းသီးထောင်း၊ ငါးကြင်းဆီပြန် မရန်းသီးအုပ်၊ ငါးရံ့အူဆီပြန် မရန်းသီးအုပ်၊ ရေချိုပုစွန်အစပ်ချက်ကို မရန်းသီးအုပ်၊ မရန်းသီးနှင့် အာပွဲခြောက်ငရုတ်သီးထောင်း စသည်ဖြင့် အမျိုးမျိုးချက်ပြုတ်စားသောက်ကြသည်။ ထို့ပြင် မရန်းချိုသီးအမှည့်များကို ချိုချဉ်ငန်စပ်ပြုလုပ်၍ သရေစာအဖြစ်လည်း စားသုံးကြသည်။ ထိုသို့စားကောင်းသည့် မရန်းသီးတွင် ဆေးဖက်ဝင်ပြီး ကျန်းမာရေးအတွက် ကောင်းကျိုးများစွာရရှိနိုင်ပုံကို ဖော်ပြလိုက်ပါသည်။



### အရေပြားသန့်စင် ကျန်းမာစေသော မရန်းသီး

မရန်းသီးတွင် ဗီတာမင်-C ကြွယ်ဝစွာပါဝင်သောကြောင့် ကော်လာဂျင်တစ်သျှူးများကို အာဟာရဖြည့်ပေးသည့်အပြင် ဘီတာကယ်လ်ရိုတင်းကဲ့သို့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်ခြင်းကြောင့် အသားအရေကို ကြည်လင်ကျန်းမာစေပြီး အသားအရေစိုပြည်စေရန် မရန်းသီးက ရေဓာတ်ဖြည့်ပေးနိုင်သည်။ ထို့ပြင် မရန်းသီးသည် အသားအရေကိုကောင်းမွန်စေပြီး ကော်လာဂျင်ထုတ်လုပ်မှုကိုလည်း မြှင့်တင်ပေးကာ ခရမ်းလွန်ရောင်ခြည်ကျရောက်မှုနှင့် အညစ်အကြေးများကိုလည်း သန့်စင်ပေးသည်။

### ခုခံအားကောင်းစေသော မရန်းသီး

မရန်းသီးတွင် ဗီတာမင်-A၊ ဗီတာမင်-C နှင့် ဗီတာမင်-E တို့ အများဆုံးပါဝင်သောကြောင့် ခုခံအားစနစ်၊ အရေပြားနှင့် မျက်စိကျန်းမာရေးအတွက် များစွာအထောက်အကူပြုသည်။ မရန်းသီးတွင်ပါဝင်သည့် ဗီတာမင်-C သည် ခန္ဓာကိုယ်တွင်းရှိ သွေးဖြူဥများကို အထောက်အကူပြုသည့်အတွက် ရောဂါများတိုက်ထုတ်ရာတွင် ကူညီပေးနိုင်သည်။ ထို့ကြောင့် အအေးမိဖျားနာခြင်းနှင့် တုပ်ကွေးအဖျားများကို ခံနိုင်ရည်မြင့်စေသည်။

### ကြွက်သားသန်မာစေသော မရန်းသီး

မရန်းသီးတွင် ပိုတက်ဆီယမ်၊ ကယ်လ်စီယမ်နှင့် မဂ္ဂနီဆီယမ်ဓာတ်တို့ပါဝင်သောကြောင့် ကြွက်သားများကို သန်မာစေသည်။ ထို့ပြင် မရန်းသီးတွင် သဘာဝကပေးသည့် သကြားဓာတ်ပါဝင်သောကြောင့် အားကစားသမားများအတွက် အထူးသင့်လျော်သည်။

### အာရုံကြောချို့တဲ့မှုကို ကာကွယ်ပေးသော မရန်းသီး

မရန်းသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သောကြောင့် အာရုံကြောချို့တဲ့မှုကိုဖြစ်စေသောအရာများအား ချေဖျက်ပေးခြင်းဖြင့် ကာကွယ်ပေးသည်။

### ခန္ဓာကိုယ်အပူချိန်ကို ချိန်ညှိပေးသော မရန်းသီး

မရန်းသီးတွင် ရေဓာတ်များစွာပါဝင်သည့်အတွက် ခန္ဓာကိုယ်အပူချိန်ကို ချိန်ညှိရာတွင် အထောက်အကူပြုသည်။

### ခန္ဓာကိုယ်ရောင်ရမ်းမှုကို လျော့ကျစေသော မရန်းသီး

မရန်းသီးတွင်ပါဝင်သည့် Polyphenols နှင့် Flavonoids ဓာတ်များသည် ခန္ဓာကိုယ်ရောင်ရမ်းမှုကိုသက်သာစေပြီး အဆစ်အမျက်ရောဂါများကိုလည်း သက်သာစေသည်။

### ကိုယ်အလေးချိန် လျော့ကျစေသော မရန်းသီး

မရန်းသီးတွင်ပါဝင်သည့် အမျှင်ဓာတ်က အဆာခံနိုင်ပြီး ခန္ဓာကိုယ်အလေးချိန်တက်ခြင်းကို လျော့ကျစေသည်။

### အရိုးအားကောင်းစေသော မရန်းသီး

မရန်းသီးတွင်ပါဝင်သည့် ကယ်လ်စီယမ်၊ မဂ္ဂနီဆီယမ်နှင့် ဖော့စဖရပ်စ်ဓာတ်များသည်အရိုးကျန်းမာရေးကိုအားကောင်းစေပြီး အသက်အရွယ်ကြီးရင့်ချိန်တွင်ဖြစ်တတ်သည့် အရိုးပွရောဂါများမဖြစ်အောင် ကာကွယ်ပေးသည်။

### မျက်စိအားကောင်းစေသော မရန်းသီး

မရန်းသီးတွင်ပါဝင်သည့် ဗီတာမင်-A သည် မျက်စိကျန်းမာရေးအတွက် အထောက်အကူပြုပြီး အသက်အရွယ်ကြီးရင့်ချိန် ကြွက်သားအားနည်းခြင်း၊ မျက်စိတိမ်ဖြစ်ခြင်းအတွက် ကာကွယ်ပေးသည်။ မရန်းသီးတွင်ပါဝင်သော ဘီတာကယ်လ်ရိုတင်းသည် မျက်စိနှင့်အမြင်အာရုံကျန်းမာစေရန် အထောက်အကူပြုသည်။

### ဆီးချိုရောဂါအတွက် အထူးသင့်လျော်သော မရန်းသီး

မရန်းသီးတွင်ပါဝင်သော ဓာတ်များသည် ခန္ဓာကိုယ်တွင်းသကြားဓာတ်ကို ထိန်းညှိပေးသောကြောင့် ဆီးချိုရောဂါအတွက် အထူးသင့်လျော်သည်။

### ဗက်တီးရီးယားနှင့် မှိုပေါက်ပွားမှုကို ရပ်တန့်စေသော မရန်းသီး

မရန်းသီးတွင်ပါဝင်သည့် ဓာတ်များသည် ဗက်တီးရီးယားနှင့် မှိုများပေါက်ပွားမှုအား ရပ်တန့်စေသည့်အတွက် ခံတွင်းသန့်ရှင်းရေးကို အထောက်အကူပြုသည်။

### အသည်းကို ကျန်းမာစေသော မရန်းသီး

မရန်းသီးတွင်ပါဝင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက အသည်းကို ကျန်းမာစေသည်။

### အနာကျက်စေနိုင်သော မရန်းသီး

မရန်းသီးတွင် ပရိုတင်းနှင့် ဗီတာမင် – C ကြွယ်ဝစွာပါဝင်သောကြောင့် အရေပြားဆဲလ်များ အသစ်ဖြစ်ပေါ်စေရန်နှင့် ကော်လာဂျင်ထွက်ရှိရန်အတွက် အားဖြည့်ပေးသောကြောင့် အနာကျက်မြန်စေရန် အကောင်းဆုံးအထောက်အကူပြုသည်။

### ကင်ဆာရောဂါအတွက် အထောက်အကူပြုပေးနိုင်သော မရန်းသီး

မရန်းသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် ဗီတာမင်-A၊ ဗီတာမင်-C၊ ရေဓာတ်နှင့် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် အစာခြေစနစ်ကို ကျန်းမာစေသကဲ့သို့ အူနံရံများ လိုအပ်သည့် အာဟာရစုပ်ယူမှုကို အားကောင်းစေပြီး ဝမ်းမှန်စေခြင်းနှင့် အစာခြေစနစ်တစ်လျှောက်၌ဖြစ်နိုင်သည့် အူမကြီးကင်ဆာကဲ့သို့ ကင်ဆာများမဖြစ်အောင် အကောင်းဆုံးအထောက်အကူပြုပေးနိုင်ပြီး ရောင်ရမ်းခြင်းကို တိုက်ထုတ်ပေးနိုင်သည်။

### သွေးလည်ပတ်မှု ကောင်းစေနိုင်သော မရန်းသီး

မရန်းသီးတွင် ခန္ဓာကိုယ်၌ သွေးလည်ပတ်မှုကောင်းစေရန်အတွက် ရေဓာတ်ကြွယ်ဝရန်လိုအပ်ပြီး ကိုယ်တွင်းသွေးစီးဆင်းမှုကောင်းစေရန် ရေဓာတ်ပြည့်ဝစွာပါဝင်သော မရန်းသီးကို စားသုံးသင့်သည့်အပြင် ရေများများသောက်ရန်လည်း လိုအပ်သည်။ မရန်းသီးစားခြင်းဖြင့် သွေးကြောစနစ်များကို ကောင်းမွန်စေပြီး တစ်ချိန်တည်းတွင် သွေးပေါင်ချိန်တက်ခြင်းကိုလည်း လျော့ကျစေသည်။

### ဦးနှောက်စွမ်းဆောင်ရည် ကောင်းစေသော မရန်းသီး

ဦးနှောက်၏ ၇၀ ရာခိုင်နှုန်းကို ရေဓာတ်နှင့်ဖွဲ့စည်းထားသည့်အတွက် ဦးနှောက်၏လုပ်ငန်းစဉ်များကို အကောင်းဆုံးလုပ်ဆောင်နိုင်ရန် ရေဓာတ်ပြည့်ဝမှုမဖြစ်မနေလိုအပ်ချက်ကို မရန်းသီးစားပေးခြင်းဖြင့် ကုစားနိုင်သည်။ ထို့ကြောင့် မရန်းသီးစားသုံးခြင်းသည် ခန္ဓာကိုယ်နှင့် စိတ်ကို တည်ငြိမ်လန်းဆန်းစေပြီး စိုးရိမ်ကြောင့်ကြမှုများကိုလည်း လျော့ကျစေသည်။

### ကိုယ်တွင်းအဆိပ်အတောက်များကို ဖယ်ရှားပေးသော မရန်းသီး

ခန္ဓာကိုယ်ကျန်းမာရန် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေသောရေဓာတ်က ခန္ဓာကိုယ်အပူချိန်ကို ထိန်းညှိပေးသကဲ့သို့ ကိုယ်တွင်းရှိ အဆိပ်အတောက်များကို အကောင်းဆုံးစွန့်ထုတ်ပေးနိုင်သည်။ ထိုကဲ့သို့လုပ်ဆောင်ပေးနိုင်မှုများမှ နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ ဆီးချိုရောဂါ၊ လေဖြတ်ခြင်းနှင့် တခြားကျန်းမာရေးပြဿနာများမဖြစ်စေရန် အကောင်းဆုံးကာကွယ်ပေးနိုင်သည်။

### နှလုံးကျန်းမာစေသော မရန်းသီး

မရန်းသီးတွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် နှလုံးကို အကောင်းဆုံးစောင့်ရှောက်မှုပေးနိုင်သည်။ လူတစ်ဦးသည် တစ်ရက်လျှင် အမျှင်ဓာတ် ၂၆ ဂရမ်စားသုံးပေးခြင်းဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေကို ၄၀ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်သောကြောင့် နှလုံးကျန်းမာလိုပါက အမျှင်ဓာတ်များစွာပါသော မရန်းသီးကို စားရန် လိုအပ်သည်။

### အဆုတ်ကျန်းမာစေသော မရန်းသီး

မရန်းသီးတွင်ပါဝင်သော အာဟာရဓာတ်များက တခြားကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများနည်းတူ ရေဓာတ် ၉၀ ရာခိုင်နှုန်းနှင့်ဖွဲ့စည်းထားသည့် အဆုတ်ကို ရေဓာတ်လုံလောက်စွာရရှိစေပြီး အဆုတ်ကို ကျန်းမာစေသည်။

မရန်းသီးတွင် အချဉ်ဓာတ်များပါဝင်သောကြောင့် အစာအိမ်အနာရှိသူများ သတိပြု၍စားသုံးသင့်သည်။ တန်ဆေးလွန်ဘေးဆိုသကဲ့သို့ အမှည့်လွန်ပြီး ယင်ပေါများသည့်အချိန် စားသုံးမှုများပါက ဝမ်းရောဂါဖြစ်စေတတ်သဖြင့် ဆင်ခြင်စားသုံးသင့်သည်။

မရန်းသီးသည် အဆီများသောအစားအစာများတွင် ထည့်သွင်းချက်ပြုတ်ခြင်းဖြင့် အဆီများကို ချေဖျက်နိုင်ခြင်း၊ မရန်းသီးကို သုပ်စားခြင်း၊ ချက်စားခြင်းဖြင့် ခံတွင်းပျက်ခြင်းနှင့် ခံတွင်းအရသာမပေါ်ခြင်းတို့ကို သက်သာပျောက်ကင်းစေခြင်း၊ သံဓာတ်နှင့် ကယ်လ်စီယမ်ဓာတ်တို့ အချိုးကျပါဝင်သည့်အတွက် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာရရှိစေခြင်း၊ မရန်းသီးသည် အစာခြေစနစ်အတွက် အကောင်းဆုံးအားဖြည့်ပေးနိုင်သည့်အပြင် ရေဓာတ်ရော အမျှင်ဓာတ်ပါ ကြွယ်ဝသော အသီးတစ်မျိုးဖြစ်သောကြောင့် မရန်းသီးကို အသား၊ ငါးများနှင့် တွဲဖက်၍စားသုံးပါက အသားဓာတ်တိုးပွားသည့်အတွက် အာဟာရများစွာရရှိနိုင်ခြင်း၊ ပဲမှုန့်၊ ပုစွန်ခြောက်တို့ဖြင့် သုပ်စားပါက အသားဓာတ်အပြင် သတ္တုဓာတ်များလည်း ပေါများစွာရရှိစေနိုင်ခြင်း၊ အဖျားဟောင်းနှင့် ကိုယ်တွင်းအပူလောင်ခြင်း၊ သွေးဝမ်းသွားခြင်း၊ ဝမ်းကိုက်ခြင်း၊ သွေးကြောင့်ဖြစ်သောရောဂါနှင့် အရိုးကြားတို့၌ နာကျင်ကိုက်ခဲမှုတို့ကို သက်သာပျောက်ကင်းစေခြင်း၊ အသည်းအဆီဖုံးရောဂါကို ပျောက်ကင်းစေခြင်း၊ အဆီများသောအသား၊ ငါးများတွင် မရန်းသီးထည့်၍ ချက်ပြုတ်ခြင်းဖြင့် ပိုလျှံသောအဆီများကို ချေဖျက်နိုင်ခြင်း၊ မီးယပ်ဝမ်းသွားခြင်းများအတွက် မရန်းသီးဆားရည်စိမ်အရည်သောက်ပေးခြင်း၊ ဆားရည်စိမ်မရန်းသီးကိုသုပ်စားပေးခြင်းဖြင့် ဝမ်းကိုက်ပိုးများကိုသေစေနိုင်ခြင်း၊ မရန်းစေ့များကို ဝမ်းပိတ်ဆေးများတွင် အသုံးပြုနိုင်ခြင်း စသည့်ကျန်းမာရေးကောင်းကျိုးများစွာ ရရှိနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

---

## (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ပန်းချီပြိုင်ပွဲနှင့် စာအုပ်ပြပွဲကျင်းပ

ဇီးကုန်း ဖေဖော်ဝါရီ ၈

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို ပန်းချီပြိုင်ပွဲနှင့်စာအုပ်ပြပွဲကို ဖေဖော်ဝါရီလ ၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဦးက ပန်းချီပြိုင်ပွဲနှင့်စာအုပ်ပြပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဇီးကုန်းမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်းခွဲ (ဝက်ကော်)မှ ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်များကို ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့

**စည်းလုံးခြင်းသည်**

**အင်အား၊**

**ညီညွတ်ခြင်းသည်**

**စွမ်းအား၊**

**ငြိမ်းချမ်းခြင်းသည်**

**အလှတရား**




# မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်ကိုဂုဏ်ပြုသောအားဖြင့် လွမ်းတေးဆက်ဆို မန္တလေးတက္ကသိုလ်ပန်းချီပြပွဲကျင်းပ



မန္တလေး ဖေဖော်ဝါရီ ၈

မန္တလေးတက္ကသိုလ် ဘူမိဗေဒ ကျောင်းသားဟောင်း ပန်းချီမျိုးသက်၏ မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့်ကိုဂုဏ်ပြုသောအားဖြင့် "လွမ်းတေးဆက်ဆို မန္တလေးတက္ကသိုလ်"အမည်ရှိ တစ်ကိုယ်တော်ရေဆေးပန်းချီပြပွဲကိုချမ်းအေးသာစံမြို့နယ် နမ္မတီပန်းချီပြခန်း၌ ဖေဖော်ဝါရီလ ၆ ရက်မှ ၈ ရက်ထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသလျက်ရှိသည်။

လွမ်းတေးဆက်ဆိုမန္တလေးတက္ကသိုလ်ပန်းချီပြပွဲတွင် မန္တလေးမြို့မှ မျိုးဆက်သစ်ပန်းချီဝါသနာရှင်မျိုးသက်၏ မန္တလေးတက္ကသိုလ်၏ ပုံရိပ်ပန်းချီကားများပြသထားပြီး ပန်းချီကားများတွင်၁၅ လက်မ၊ ၂၂ လက်မအရွယ် ရေဆေးပန်းချီကားများပါဝင်သည်။

ပန်းချီပြပွဲတွင်မန္တလေးတက္ကသိုလ်ဘူမိဗေဒပါမောက္ခ(ငြိမ်း)ဒေါက်တာမြင့်သိန်း၊ စာရေးဆရာဆူးငှက်၊ ပန်းချီဆရာမ ခင်နန်းဆန်တို့က အမှာစကားပြောကြားကြသည်။

အဆိုပါပြပွဲသို့ မန္တလေးမြို့မှ ပန်းချီအနုပညာချစ်မြတ်နိုးသူများ၊ မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)နှင့်ပန်းချီ၊ ပန်းပုကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

# ပွင့်ဖြူမြို့နယ်၌ ဖူးစားပြောင်းသီးနှံ ၂၂၀၅ ဧက ရိတ်သိမ်း



ပွင့်ဖြူ ဖေဖော်ဝါရီ ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် စိုက်ပျိုးထားသော ဖူးစားပြောင်းသီးနှံ ၂၂၀၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၂၄၁၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၂၀၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၁၄၉၈၂ ဖူး ထွက်ရှိကြောင်း သိရသည်။

"ဖူးစားပြောင်းစိုက်ခင်းများ ရိတ်သိမ်းရာတွင် အထွက်နှုန်းလျော့နည်းမှုမဖြစ်အောင်၊ အရည်အသွေးကောင်းမွန်အောင် အချိန်မီ ရိတ်သိမ်းနည်းပညာနဲ့ရိတ်သိမ်းပြီး ဖူးစားပြောင်းများကို အချိန်မီအမိုးအကာအောက် စနစ်တကျ ထားသိုထိန်းသိမ်းနိုင်ရေး သက်ဆိုင်ရာဌာနများနဲ့ ပူးပေါင်းကူညီဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများတိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ မြေဩဇာနှင့်သွင်းအားစုများစနစ်တကျသုံးစွဲရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ အထွက်နှုန်းလျော့နည်းမှုမဖြစ်အောင် အချိန်မီရိတ်သိမ်းခြွေလှေ့နည်းပညာများ ပံ့ပိုးကူညီပေးခြင်းစသည့် တောင်သူပညာပေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## ပြည်ထောင်စုသား တို့အင်အားဖြင့်

♦ ပြာရောင်ကောင်းကင်၊ အလှဆင်၏
စိုလွင်မြရိုန်း၊ သစ်တောစိမ်းနှင့်
ယိမ်းနွဲ့ပျံ့သင်း၊ စပါးခင်းတို့
မှည့်ဝင်းသစ်နေ၊ စီးရစ်ခွေကာ
မြစ်ရေချောင်းမြောင်း၊ ရှုမညောင်းပြီ
လှပေါင်းစီခြယ် ပြည်မြန်မာ။

♦ ကယား ကရင် ချင်း ကချင်နှင့်
တူယှဉ်ဗမာ၊ မွန်လည်းပါခဲ့
သာစွပိုင်ပိုင်၊ ရခိုင်နှင့်ရှမ်း
တစ်စိတ်တစ်ဝမ်းတည်း၊ လမ်းဖြောင့်ဦးတည်
များတွက်ရည်၍၊ တိုင်းပြည်ကောင်းကျိုး
လွန်မြတ်နိုးကာ၊ သယ်ပိုးဆောင်ရွက်
ချီတက်နေသော ပြည်မြန်မာ။

♦ တို့အားလုံးသည်
ပြည်ပအားကိုးပုဆိန်ရိုးနှင့်
အဆိုးမြင်သူ၊ မျိုးဖျက်သူကို
ညီတူပေါင်းစည်းဆန့်ကျင်မည်။

♦ တို့အားလုံးသည်
ပြည်တွင်းအရေး၊ တို့အရေးမို့
ဘေးတီးဖောက်ဖျက်၊ ဝင်နှောင့်ယှက်သည့်
အရှက်မဲ့စွ၊ ပယောဂကို
ရှုတ်ချတားဆီးကြပါမည်။

♦ ပြည်ထောင်စုအမွေ၊ တည်တံ့စေရန်
မသွေဆက်ဆက်၊ ညီညာတက်၍
တွဲလက်ခိုင်ခိုင်၊ မယိမ်းယိုင်ဘဲ
ကြံ့ခိုင်သည့်စိတ်၊ မျိုးချစ်စိတ်ဖြင့်
မမိုတ်မသုန်၊ စောင့်ရှောက်ကုန်လော့။

♦ စဉ်လာပြောထုံး၊ ပေါင်းရုံးညီညာ
ကြည်သာမျှဝေ၊ တာဝန်တွေကို
တို့ဆွေတို့သား၊ ထမ်းဆောင်ပွားစို့
မာန်အားကိုသွန်၊ မြဲကျေပွန်အောင်
ရည်မွန်သတိ၊ ဖွဲ့ရှိရှိဖြင့်
တိုင်းသိပြည်ရွာ၊ ကြိုးပါကုန်လော့။

♦ တံခါးကိုဖွင့်၊ ချိန်ခါသင့်၍
ပွင့်လင်းမြင်သာ၊ ရဲဝံ့စွာဖြင့်
ညီညာခေတ်မီ၊ ဖွံ့ဖြိုးစည်သော
ဒီမိုကရေစီ၊ လမ်းသစ်သည်လည်း
ပြည်ထောင်စုသား၊ တို့အင်အားဖြင့်
ပေါက်ပွားဝေဆာ သင်းစေသတည်း။
တောက်ကြွားတေဇာ ဝင်းစေသတည်း။
မောက်ထွားပြည်ရွာ လင်းစေသတည်း။ ။

**စန္ဒကူးသစ္စာ**

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်မှ စကားသံများ

**(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်ကို နေပြည်တော်ရင်ပြင်၌ ယနေ့နံနက်ပိုင်းတွင်စတင်ဖွင့်လှစ်ခဲ့သည်။ အဆိုပါ MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်မှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်တို့၏စကားသံများကို ဖော်ပြပေးလိုက်ရပါသည်-**


ဦးမျိုးဆွေ


ဦးတင်ဦး


ဒေါ်ရီရီလှိုင်


ဦးကြေးမုံထွန်း


ဒေါက်တာမြင့်စိန်


ဒေါ်ခင်ချမ်းမြေ့သူ


ဦးမောင်မောင်ဇော်


ဦးစိုးမိုး

**ဦးမျိုးဆွေ (ကချင်ပြည်နယ် MSME ဥက္ကဋ္ဌ၊ စီးပွားရေးရာဝန်ကြီး )**

ကချင်ပြည်နယ် MSME ပြခန်းအနေနဲ့ လုပ်ငန်းရှင် ၁၇ ဦးနဲ့ ကျွန်တော်တို့ပစ္စည်းအမျိုးအမည် ၂၁၁ မျိုး ခင်းကျင်းပြသထားတာဖြစ်ပါတယ်။ ဒီလို MSME ပြပွဲတွေ ကျင်းပပေးမှုက အင်မတန်ကောင်းမွန်တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ ပယင်းနဲ့ပတ်သက်တဲ့ ပယင်းကုန်ကြမ်းကနေပြီးတော့ ကျွန်တော်တို့တွေ တိုင်းရင်းဆေးတစ်မျိုးပေ့ါလေ၊ အဲဒါ ဖျန်းဆေး၊ ရှူဆေး၊ လိမ်းဆေး၊ နောက် ကျွန်တော်မျက်နှာသစ်တဲ့ဆပ်ပြာ စသဖြင့်ထုတ်လုပ်ထားတာရှိပါတယ်။ ဒါတွေကျွန်တော် သိသလောက်ကတော့ တောင်ကိုရီးယားက တော်တော်လေးသဘောကျတယ်ဆိုတာကျွန်တော်သိရှိရပါတယ်၊ ဒီ MSME နဲ့ ပတ်သက်ပြီးတော့ နှစ်စဉ်ပေ့ါလေ ဒီ ပြည်ထောင်စုနေ့တင်မကဘဲနဲ့ တခြားအချိန်အခါတွေမှာလည်း အလျဉ်းသင့်သလိုပေ့ါ ခမ်းခမ်းနားနားနဲ့ဆောင်ရွက်ပေးသင့်တယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။

**ဦးတင်ဦး( ပဲခူးတိုင်းဒေသကြီး MSME ပြခန်းတာဝန်ခံ၊ စီးပွားရေးရာဝန်ကြီး)**

ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းမှာ ကျွန်တော်တို့ သွင်းကုန်အစားထိုး၊ ပြည်တွင်းကုန်ကြမ်းသုံး၊ အဆင့်မြင့်လယ်ယာစိုက်ပျိုးရေးကိရိယာ မျိုးစုံ ၃၉ မျိုးခင်းကျင်းပြသထားပါတယ်။ ထို့အတူပဲ MSME နဲ့ပတ်သက်တဲ့ထုတ်ကုန် အမည်ပေါင်း ၃၃၆ မျိုး ခင်းကျင်းပြသထားပါတယ်။ ယခုမြင်တွေ့ရတဲ့အတိုင်းပဲ ဒါ ကျွန်တော်တို့သွင်းကုန်အစားထိုး၊ပြည်တွင်းကုန်ကြမ်းသုံး၊ တန်ဖိုးမြင့်သွင်းကုန်ပစ္စည်းတွေဖြစ်တဲ့ သဘာဝအခြောက်ခံစက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ပဲမျိုးစုံသန့်စင်စက်၊ ရေနက်ကွင်းထဲမှာအသုံးပြုတဲ့ တမန်းဖော်စက်အပြင်ပေ့ါနော် ကျွန်တော်တို့ဒီကနေ့ လက်မှုလယ်ယာကနေ စက်မှုလယ်ယာကို ကူးပြောင်းနိုင်ရေးအတွက် ရှစ်တန်းသွားလူစီးကောက်စိုက်စက်၊ နောက်တစ်ခါ ကျွန်တော်တို့ ရှစ်တန်းသွား၊ ခြောက်တန်းသွား၊ လေးတန်းသွားပေ့ါ၊ နောက်တစ်ခါ စက်မပါကောက်စိုက်စက်တွေကျွန်တော်တို့ ထုတ်လုပ်ပြီးတော့ ခင်းကျင်းပြသထားပါတယ်၊ နိုင်ငံတော်က အခုလိုတိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာရှိတဲ့ MSME ထုတ်ကုန်လုပ်ငန်းရှင်တွေကို အခုလိုကြီးမားတဲ့ ရည်ရွယ်ချက်တွေနဲ့ ငွေကြေး၊ အချိန်အကုန်အကျခံပြီးတော့ ဒီ MSME ထုတ်ကုန်ပြပွဲ၊ ဈေးရောင်းပွဲတော်ကို ကျင်းပဆောင်ရွက်ပေးတဲ့အတွက် ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့လည်းကောင်း၊ တိုင်းဒေသကြီး MSME Agency အနေနဲ့လည်းကောင်း အထူးပဲကျေးဇူးတင်ရှိပါကြောင်း ဂါရဝပြုပြောကြားအပ်ပါတယ်။

**ဒေါ်ရီရီလှိုင် (အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး)**

ကျွန်မအနေနဲ့ကတော့ ဒီသမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ပြခန်းတာဝန်ခံတစ်ယောက်ပဲဖြစ်ပါတယ်ရှင်။ ကျွန်မတို့ဌာနအနေနဲ့ကတော့ ကျွန်မတို့ဌာနမှာ ထုတ်လုပ်တဲ့ ထုတ်ကုန်ပစ္စည်းအမျိုးအစားပေါင်း ၁၇၂ မျိုးကို ကျွန်မတို့ ပြသရောင်းချသွားမှာ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့ဌာနအနေနဲ့ ဝန်ကြီးဌာနအပြင် အသေးစားတိုင်းဒေသကြီး၊ ပြည်နယ်တွေကနေပြီးတော့ အသေးစားထုတ်ကုန်ပြခန်း ငါးခန်းပါဝင်ပြသထားပါတယ်။ ကျွန်မတို့ အမျိုးအစားပေါင်း ၄၇၀ကျော်မှာ သိန်း ၂၈၀ ဖိုးအထိကို ကျွန်မတို့ ရောင်းချသွားမှာ ဖြစ်ပါတယ်ရှင်။ ဒီလိုမျိုးနှစ်စဉ် ဆောင်ရွက်ပေးခြင်းအားဖြင့် လုပ်ငန်းရှင်တွေရဲ့အထဲမှာလည်း ဒီ MSME ပွဲရှိတယ်။ ဘယ်အချိန်ဆိုရင် MSME ပွဲရှိတယ်။ ဒီပွဲအတွက် ငါတို့ ဘာတွေပြင်ဆင်ကြမလဲ။ ဘာတွေရောင်းချကြမလဲ။ ဘာတွေဆန်းသစ် ကြမလဲဆိုတဲ့ အတွေးအမြင်တွေရရှိတယ် လို့တော့ ကျွန်မထင်မိပါတယ်ရှင်။ ဒါဆိုလို့ရှိရင် ကိုယ့်ရဲ့ ထုတ်ကုန်ပစ္စည်းတွေက မိဘပြည်သူတွေလည်း သိသွားမယ်၊ ကိုယ့်ရဲ့ ဈေးကွက်မှာလည်း ကျယ်ပြန့်သွားမယ်ဆိုပြီးတော့ ဒီပွဲကိုမျှော်လင့်ပြီးတော့မှ တီထွင်ဆန်းသစ်တာတွေ၊ ပစ္စည်းတွေထုတ်လုပ်တာတွေ၊ ပိုပြီးတော့ တစ်နှစ်ထက်တစ်နှစ် ကောင်းအောင်လို့ဆောင်ရွက်ကြမယ်လို့ ကျွန်မထင်မိပါတယ်ရှင်။

**ဦးကြေးမုံထွန်း ကရင်ပြည်နယ်ပြခန်း (ကရင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး)**

ကျွန်တော်တို့က ဒီကရင်ပြည်နယ်ရဲ့ စိုက်ပျိုးမွေးမြူရေး၊ သစ်တောပေ့ါ၊ အခြေခံထွက်ကုန်တွေကို ကျွန်တော်တို့ value-added (တန်ဖိုးမြှင့်) လုပ်ပြီးတော့ ဒီမှာ ထုတ်ကုန်အမည် လုပ်ငန်း ၃၀ ကျော်၊ ထုတ်ကုန်အမည် ၅၀ ကျော်နဲ့ ထုတ်ကုန်အမျိုးအစားပေါင်းရာကျော်ပေ့ါ၊ ကျွန်တော်တို့ ဒါတွေကို ခင်းကျင်းပြသထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့က ထုတ်ကုန်တစ်ခုတည်းပြတာတင်မဟုတ်ဘဲနဲ့ ကရင်ဒေသရဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ရိုးရာဓလေ့ထုံးတမ်းတွေဒါတွေကိုလည်း ကျွန်တော်တို့ပူးတွဲပြီးတော့ ပြသထားခြင်းဖြစ်ပါတယ်။ MSME ကတော့ အလွန်ကျယ်ပြန့်ပါတယ်။ ကျွန်တော်တို့ဒေသမှာရှိတဲ့ထုတ်ကုန်အပြင် အခြားတိုင်းဒေသကြီးမှာရှိတဲ့ အရင်းအမြစ်တွေရဲ့ ထုတ်ကုန်တွေနဲ့လည်း အခုလိုပူးပေါင်းဆောင်ရွက် ချိတ်ဆက်ခွင့်ရနိုင်တဲ့ အခွင့်အရေးတွေ များစွာရရှိတာကြောင့်မို့ ဒီပြပွဲကိုခင်းကျင်းပြသပေးတဲ့ နိုင်ငံတော်အစိုးရနဲ့ ကော်မတီတွေကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။

**ဒေါက်တာမြင့်စိန် လုပ်ငန်းရှင် ( ORCHARD Company Limited)**

ကျွန်တော် စိုက်ပျိုးမွေးမြူရေးလုပ်လာတာက ၁၉၉၄ ခုနှစ်ကတည်းကစပြီးတော့ လုပ်လာတယ်။ စိုက်ပျိုးရေး စပါးစိုက်တာကေ ၄၅၀၊ ငါးမွေးတာကေ ၂၃၅၀၊ အဲဒီအပေါ်မှာ ကျွန်တော်က ဝါးတွေကိုပတ်ချာလည်စိုက်ထားတယ်။ စိုက်ထားတဲ့ဝါးတွေကို အခုဒီ Production (ထုတ်လုပ်မှု) ပေ့ါနော်၊ ကျွန်တော် ဒီနှစ်မှာ ပထမဆုံးလုပ်ထားတဲ့ ဝါး Tea Stand (လက်ဖက်ရည်ခွက်တင်ခုံ) ရယ်၊ ဝါး Wireless Charger (ဝိုင်ယာမဲ့အားသွင်းစက်)ရယ်၊ ဝါးဘောပင်ရယ်၊ အဲဒါလေးတွေအပြင် ကျွန်တော် အခု ဝါးချည်မျှင်ထုတ်ဖို့အတွက်ကို လုပ်ထားပါတယ်။ မနှစ်ကတော့ ပြပွဲ / ပြိုင်ပွဲလုပ်တယ်။ ဒီနှစ်ကတော့ ပြပွဲသဘောမျိုးနဲ့ အရောင်းသဘောမျိုး လုပ်လိုက်တယ်။ ဒါတွေလည်း ရည်ရွယ်ချက်တအားကောင်းပါတယ်။ အဲလိုမျိုးလုပ်မယ်ဆိုလို့ရှိရင် တိုင်းပြည်မှာ MSME လုပ်နေတဲ့လူအများကြီးတိုးတက်သွားမှာ ဖြစ်ပါတယ်။

**ဒေါ်ခင်ချမ်းမြေ့သူ (လုပ်ငန်းရှင်-လူသုံးကုန်)**

ကျွန်မက ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ပြိုင်ပွဲ တပေါင်းကွင်းမှာ ပထမဆုရရှိခဲ့ပါတယ်။ ကျွန်မကတော့ သဘာဝအဓိကပေ့ါနော်။ ကျွန်မ မနှစ်က စံပြထုတ်ကုန်ဆုလည်း ရရှိထားတာဖြစ်တဲ့အတွက် ကျွန်မရဲ့ထုတ်ကုန်တော်တော်များများက ပရုတ်မပါတာ၊ အရက်ပြန်မပါတာတို့ အဲလိုသဘာဝနဲ့ပတ်သက်တဲ့ လူသုံးကုန် ၂၅ မျိုးကို ကျွန်မကလာရောက်ပြသခြင်းဖြစ်ပါတယ်ရှင်၊ တခြားကျွန်မတို့ရဲ့ ရန်ကုန်တိုင်းဒေသကြီးကနေ ထုတ်ကုန်တွေလည်းအများကြီးပါခဲ့ပါတယ်။ နောက်တစ်ခါစားသောက်ကုန်တွေရော အသေးစိတ် စနစ်တကျရွေးချယ်လာခဲ့တာဆိုတော့ လာရောက် လေ့လာကြည့် စေချင် ပါတယ်။

**ဦးမောင်မောင်ဇော်(မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဥက္ကဋ္ဌ)**

MSME ပြပွဲမှာတော့ ပြည်ပကနေတင်သွင်းတဲ့ဆီတွေထက်စာရင် ပြည်တွင်းဆီစက်တွေကနေ ထွက်တဲ့ဆီတွေကို ခင်းကျင်းပြသထားတာဖြစ်ပါတယ်ခင်ဗျာ။ နိုင်ငံတော်ရဲ့ MSME ပြခန်းတွေကို အခုလိုခင်းကျင်းပြသထားတဲ့အတွက် နံပါတ်တစ်ကတော့ ကျွန်တော်တို့ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးနဲ့တစ်ဦးချိတ်ဆက်မှုအားကောင်းပါတယ်။ နောက်နိုင်ငံတော်ကအခုဆောင်ရွက်ပေးနေတဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ကနေပြီးတော့ ဆောင်ရွက်ပေးနေတဲ့အတွက်ကျွန်တော်တို့ ဒီပစ္စည်းတွေကိုလည်း တစ်ခါတည်း ဈေးကွက်ထဲကို ရောက်ရှိမှုအတွက် အများကြီး အထောက်အကူပြုပါတယ်။ အကျိုးသက်ရောက်မှုကတော့ ပြည်တွင်းလုပ်ငန်းတွေ တိုးတက်လာတဲ့အတွက်ကို ကျွန်တော်တို့ နိုင်ငံခြားငွေတွေလည်း တစ်ဖက်မှာ လျှော့ချနိုင်မှာဖြစ်ပါတယ်။

**ဦးစိုးမိုး (Regional Sales Manager)**

ကျွန်တော် တာဝန်ယူရတာကတော့ မြန်မာသြဘာ Business Unit (စီးပွားရေးကဏ္ဍ) ကပေ့ါ။ ကျွန်တော်တို့ ကုမ္ပဏီကတော့ မြန်မာသြဘာ Group (အုပ်စု) ဆိုပြီးတော့ Business Unit တွေ ပေါင်းထားတာရှိပါတယ်။ ဒီနေ့ပြပွဲမှာတော့ ကျွန်တော်တို့ သြဘာ Group ရဲ့ အောက်က မြန်မာသြဘာစိုက်ပျိုးရေးသွင်းအားစုပါပါတယ်။ နောက်တစ်ခါ မြန်မာသြဘာ Fertilizer (မြေသြဇာ)၊ Comet Fertilizer သွင်းအားစု ပါပါတယ်။ နောက် မြန်မာသြဘာရဲ့ Business Unit ခွဲတစ်ခုဖြစ်တဲ့ ဇရာဝတီမျိုးစေ့ Business Unit စတာတွေပါပါတယ်။ ဒီလိုပြပွဲတွေ ခင်းကျင်းပြသတဲ့အတွက် ကျွန်တော်တို့ ကုမ္ပဏီတွေရဲ့ အကြောင်းကိုလည်း လူအများသိအောင် ပြသခွင့်ရတယ်။ ကျန်တဲ့ တောင်သူတွေအနေနဲ့ရော၊ အခြားလုပ်ငန်းရှင်တွေအနေနဲ့ရော ပြည်တွင်းမှာ လုပ်ကိုင်နေတဲ့ ဒီ Business လုပ်ငန်းတွေကို သိခွင့်ရတယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ မြန်မာသြဘာအနေနဲ့တော့ နောင်ရှေ့ဆက်မယ့်နှစ်တွေမှာ တောင်သူတွေအတွက် အစအဆုံး ကျွန်တော်တို့ one-stop service ပေးနိုင်တဲ့လုပ်ငန်းစုကြီးဖြစ်အောင်တော့ ကျွန်တော်တို့အစဉ်တစိုက်ကြိုးစားနေမှာပါလို့ပြောချင်ပါတယ်။ ကျွန်တော်တို့ ၁၃ ရက်အထိ ခင်းကျင်းပြသမှာပါ။တောင်သူတွေအနေနဲ့လာရောက်လေ့လာနိုင်ပါတယ်။ ဖိတ်ခေါ်အပ်ပါတယ်။

**ဇော်မျိုး(မြဝတီ)**
**ဓာတ်ပုံ - ကျော်လွင်**



## ပြည်ထောင်စုစိတ်ဓာတ်မွေးမြူကြ

**မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့်တည်ဆောက်ထားသည့် နိုင်ငံဖြစ်၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စေရန်အတွက် အရေးကြီးဆုံးနှင့်အလိုအပ်ဆုံးမှာ ပြည်ထောင်စုစိတ်ဓာတ်မွေးမြူကြရေးပင်ဖြစ်ကြောင်း အသိပေးတိုက်တွန်းမှာကြားလိုပါသည်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
(၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်)

၇.၂.၂၀၂၄

# ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ထမ်းများအား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၈

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ ပြည်နယ်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး၌ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များဖြစ်ကြသည့် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ဓနုတိုင်းရင်းသားရေးရာအဖွဲ့၊ တောင်ရိုးစာပေနှင့် ယဉ်ကျေးမှုအသင်း၊ အင်းသားစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်း၊ ကိုးကန့်စာပေနှင့်ယဉ်ကျေးမှုအသင်း၊ ကချင်စာပေနှင့် ယဉ်ကျေးမှုအသင်း၊ ထနော့စာပေနှင့် ယဉ်ကျေးမှုအသင်း၊ လီဆူစာပေနှင့်ယဉ်ကျေးမှုအသင်း၊ ယင်းကျားစာပေနှင့်ယဉ်ကျေးမှုအသင်း၊ ယင်းနက်စာပေနှင့် ယဉ်ကျေးမှုအသင်းတို့မှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ရှိသူများက တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုနှင့်စာပေဆောင်ရွက်နေမှုအခြေအနေ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုတွင် တိုင်းရင်းသားပေါင်းစုံ ရောယှက်လျက် ပြည်နယ်နှင့်တိုင်းအသီးသီးတွင်နေထိုင်လျက်ရှိရာ ရှမ်းပြည်နယ်တွင် တိုင်းရင်းသားပေါင်းစုံစည်းလုံးညီညွတ်စွာ ပေါင်းစည်း၍ အတူယှဉ်တွဲနေထိုင်လျက်ရှိကြောင်း၊ တိုင်းရင်းသားတစ်မျိုးစီ၏ စာပေနှင့်ယဉ်ကျေးမှုသည် အခြားတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့စရိုက်များ ထိခိုက်မှုမရှိစေရေး ဂရုစိုက်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များသည် အခြေခံကျသောအဖွဲ့များဖြစ်၍ စာပေယဉ်ကျေးမှု ဘာသာစကားတို့ကို အပြန်အလှန်လေးစားကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းစွာ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအတိုင်း နိုင်ငံတော်ကိုဗဟိုပြု၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်ပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးသို့ ရောက်ရှိရာ ပြည်နယ်ဦးစီးမှူး၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သင်တန်းကျောင်းများဖွင့်လှစ်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးပြီး ချီးမြှင့်ငွေများပေးအပ်ကာ ရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ



## ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း (၁၀၂) နှစ်ပြည့် အထိမ်းအမှတ် လှေလှော်ပြိုင်ပွဲ ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၈

ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်း (၁၀၂)နှစ်ပြည့် အထိမ်းအမှတ် လှေလှော်ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ အင်းယားကန်၌ ကျင်းပလျက်ရှိရာ ပြိုင်ပွဲသို့ ရန်ကုန်တက္ကသိုလ်၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်နှင့် နည်းပညာတက္ကသိုလ်တို့မှ ကျောင်းသား၊ ကျောင်းသူအားကစားသမား ၁၇၀ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

အဆိုပါ လှေလှော်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီလ ၇ ရက်မှစတင်ကာ ဖေဖော်ဝါရီလ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဗိုလ်လုပွဲကို ဖေဖော်ဝါရီလ ၁၂ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၈

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

(မိုး/ဇလ)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံပွဲတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



အပြည်ပြည်ဆိုင်ရာ တရားရုံး(ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ကျေးဇူးတင်စကားပြောကြားစဉ်။

**❒ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် မြန်မာနိုင်ငံက ရင်ဆိုင်ဖြေရှင်းခဲ့ရသည့် ယခုအမှုသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် တစ်သင်းတစ်ဖွဲ့ကို စွဲဆိုခြင်းမဟုတ်ဘဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို စွဲဆိုခြင်းဖြစ်၍ ထို့ကြောင့် နိုင်ငံ၊ ပြည်သူလူထုနှင့် နိုင်ငံအစိုးရတို့အပါအဝင် တစ်နိုင်ငံလုံးကို တရားပြိုင်အဖြစ် စွဲဆိုတာဖြစ်သဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာ၊ ပြည်သူလူထု တစ်ရပ်လုံး၏ဂုဏ်သိက္ခာနှင့် တိုက်ရိုက်ပတ်သက်နေခြင်းဖြစ်ပြီး မိမိတို့နိုင်ငံအတွက်အထူးအရေးပါသည့်ကိစ္စတစ်ရပ်လည်းဖြစ် . . .**

**❒ ယခုအမှုတွင် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဥပဒေကြောင်းဆိုင်ရာအရလည်းကောင်း၊ အချက်အလက်ပိုင်းဆိုင်ရာအရလည်းကောင်း၊ ပြည့်ပြည့်စုံစုံခိုင်ခိုင်မာမာ ရပ်တည်ချေပလျှောက်လဲနိုင်ခဲ့ကြောင်း သိရှိရသည့်အတွက်လည်း မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်တကွ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသည့် သက်ဆိုင်ရာဌာနအားလုံးကို နိုင်ငံတော်အနေဖြင့် အထူးပင်ကျေးဇူးတင်ရှိ . . .**

○ **ကျောဖုံးမှအဆက်**

အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကျင်းပပြုလုပ်သည့် ဂုဏ်ပြုညစာစားပွဲတွင် အမှာစကားပြောကြားခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်မိကြောင်းကို ဦးစွာပြောကြားလိုကြောင်း၊ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် လူမျိုးသုဉ်းစေမှု Genocide ဖြင့် စွဲဆိုထားသည့်အမှုကို နောက်ဆုံးအပြန်အလှန်နှုတ်ဖြင့်လျှောက်လဲချက်ကြားနာစစ်ဆေးမှု Oral Hearing ၌ မြန်မာနိုင်ငံဘက်မှ သွားရောက်ရင်ဆိုင်လျှောက်လဲခဲ့ကြသည့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦးတို့ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူလူထုက သောင်းသောင်းဖြဖြ ထောက်ခံအားပေးဂုဏ်ပြုကြိုဆိုခဲ့ကြသည့်နည်းတူ နိုင်ငံတော်အစိုးရကလည်း နိုင်ငံတော်ကိုကိုယ်စားပြုပြီး ယခုကဲ့သို့ ဂုဏ်ပြုညစာစားပွဲဖြင့် ဂုဏ်ပြုကြိုဆိုခြင်းပင်ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ဂမ်ဘီယာနိုင်ငံမှ ၂၀၁၉ ခုနှစ်တွင် စတင်စွဲဆိုခဲ့သည့် ယင်းအမှုသည် ၆ နှစ်ကျော်ကြာမြင့်ခဲ့ပြီးနောက် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ၌ အမှုကြားနာစစ်ဆေးသည့် Merit အဆင့်ပြီးဆုံးသွားခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူခဲ့ပြီးနောက် အမှုကိစ္စနှင့်ပတ်သက်၍ အစိုးရများနှင့်သက်ဆိုင်သည့်နိုင်ငံတကာဥပဒေ Public International Law အရ ရှေ့က အစိုးရ၏ လုပ်ဆောင်ခဲ့သည့်လုပ်ငန်းနှင့် ကတိကဝတ်များကို ယေဘုယျအားဖြင့် ဆက်ခံရမည့် Succession of State တာဝန်ရှိမှုနှင့်အညီ ဆက်လက်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

ထိုကဲ့သို့ ဆက်ခံဆောင်ရွက်နိုင်ရေး အပြည်ပြည်ဆိုင်ရာတရားရုံးက ၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းလောက်တွင် စတင်ဆက်သွယ်လာခဲ့ပြီးသည့်နောက် မိမိတို့အစိုးရအနေဖြင့် ယင်းအမှုကို ဆက်ခံဆောင်ရွက်သင့်မသင့် တာဝန်ရှိသူများအကြား အကျေအလည်ဆွေးနွေးခဲ့ကြပြီးနောက် ထိုအချိန်တွင်ဖြစ်ပေါ်နေသည့် နိုင်ငံတကာနှင့် ပြည်တွင်းနိုင်ငံရေးအခြေအနေများအရ ယင်းအမှုကိုဆက်လက်ပြီး တာဝန်ယူဆောင်ရွက်သင့်သည်ဟုဆုံးဖြတ်ခဲ့ပြီး တာဝန်ခံဆောင်ရွက်မည့် Agent နှင့် Alternate Agent ကိုယ်စားလှယ်နှစ်ဦးကို ရွေးချယ်ခန့်အပ်တာဝန်ပေးခဲ့ကြောင်း။

အဆိုပါကာလက နိုင်ငံတကာနှင့် ပြည်တွင်းနိုင်ငံရေးအခြေအနေကိုပြန်ပြောင်းလေ့လာမည်ဆိုပါက မြန်မာနိုင်ငံအတွက် ပြည်တွင်းပြည်ပဖိအားများနှင့်စိန်ခေါ်မှုများ များပြားနေခဲ့သည့်အချိန်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးနှင့် လက်အောက်ခံအဖွဲ့အစည်းများတွင် မိမိတို့အစိုးရကို တရားဝင်အသိအမှတ်ပြုရန် တွန့်ဆုတ်နေခဲ့ကြပြီး ကုလသမဂ္ဂအထွေထွေညီလာခံ၌ပါ မြန်မာအမြဲတမ်းကိုယ်စားလှယ်အနေဖြင့် သစ္စာဖောက် ဘက်ပြောင်းသွားသည့်အတွက် နိုင်ငံတကာစင်မြင့်၌ ပြောရေးဆိုခွင့်ဆုံးရှုံးနေရသည့်အချိန်ဖြစ်ကြောင်း၊ အလားတူ အာဆီယံတွင်လည်း မြန်မာအစိုးရခေါင်းဆောင်များကို နိုင်ငံရေးအရ ဘေးဖယ်ထားခြင်းခံရသည့်အချိန်လည်း ဖြစ်ကြောင်း။

ပြည်တွင်း၌လည်း ကိုဗစ်-၁၉ ကပ်ရောဂါ ပြင်းထန်ပျံ့နှံ့နေသကဲ့သို့ မင်းမဲ့စရိုက်ဆန်သည့်ဆူပူမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြင်းထန်နေခဲ့သည့်အချိန်လည်းဖြစ်ကြောင်း၊ ထိုကဲ့သို့အချိန်ကာလတွင် ယင်းအမှုကို ဆက်ခံပြီးဆောင်ရွက်ပါက ဖြစ်လာနိုင်သည့် အလားအလာကို အကောင်းအဆိုးအကျိုးအပြစ်များကို လေ့လာချိန်ဆပြီးမှဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ဆုံးဖြတ်ရသည့် အဓိကအကြောင်းရင်းမှာ အပြည်ပြည်ဆိုင်ရာတရားရုံးအနေဖြင့် မြန်မာဘက်ကဆက်ခံဆောင်ရွက်သည်ဖြစ်စေ၊ မဆောင်ရွက်သည်ဖြစ်စေ အမှုကိစ္စကို တရားပြိုင်ဘက်က မပါဝင်ဘဲလည်း **စာမျက်နှာ ၁၃ သို့** ○

❍ စာမျက်နှာ ၁၂ မှအဆက်

တစ်ဖက်သတ် စစ်ဆေးသွားနိုင်ပါကြောင်း၊ ထိုကဲ့သို့ တစ်ဖက်သတ်စစ်ဆေးခဲ့ပါက တစ်ဖက်သတ်အချက်အလက်များကိုသာ ရယူစစ်ဆေးမည်ဖြစ်၍ မလိုလားအပ်သည်များ ဖြစ်လာနိုင်ကြောင်း၊ ထိုသို့ဆိုပါက မြန်မာနိုင်ငံအနေဖြင့် သမိုင်းတစ်လျှောက် ဖျောက်မရသည့် ဂုဏ်သိက္ခာအမည်းစက်ကြီး စွန်းထင်းသွားမည်ဖြစ်သကဲ့သို့ နောက်ဆက်တွဲအနေဖြင့် အခြားမလိုလားအပ်သည့်ကိစ္စများ ဆက်လက်တွဲပါလာနိုင်ကြောင်း၊ ထို့ကြောင့် ယင်းအချိန်ကာလအခြေအနေများအရ အကောင်းဆုံးဖြေရှင်းချက်အဖြစ် အဆိုပါနည်းလမ်းကို ရွေးချယ်ခဲ့ရခြင်းဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း မိမိတို့ဘက်က အဆင့်ဆင့် တရားရင်ဆိုင်ရတော့မည်ဆိုပါက အကောင်းဆုံးပြင်ဆင်နိုင်ရေးအတွက် နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ပြည်ထဲရေး၊ ဥပဒေရေးရာ၊ လူဝင်မှုကြီးကြပ်ရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးစသည့် သက်ဆိုင်ရာဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် တရားရင်ဆိုင်ရေးဆိုင်ရာ ဦးဆောင်ကော်မတီကို ဖွဲ့စည်းပြီး ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်ခဲ့ကြောင်း။

ဥပဒေအထောက်အကူပြုအနေဖြင့်လည်း ပြည်တွင်းက ဝါရင့်ဥပဒေပညာရှင်ကြီးများနှင့် ဥပဒေအကြံပေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး ဥပဒေပိုင်းဆိုင်ရာ အကြံဉာဏ်များ ရယူခဲ့သကဲ့သို့ နိုင်ငံတကာရှေ့နေအဖွဲ့ကိုလည်း ယင်းအမှုတွင် လိုက်ပါဆောင်ရွက်ရန် ငှားရမ်းဖွဲ့စည်းခဲ့ရကြောင်း၊ ထို့အပြင် သမိုင်းကြောင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာရရှိနိုင်ရေးအတွက် ရခိုင်သမိုင်းဆိုင်ရာ ပြည်ပကျွမ်းကျင်ပညာရှင်တစ်ဦးကိုပါ ငှားရမ်း၍ ဆောင်ရွက်ခဲ့ပါကြောင်း။

ထိုကဲ့သို့ စနစ်တကျဖြင့် စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် မူလချမှတ်ထားသည့် မဟာဗျူဟာအတိုင်း အချိန်အလုံအလောက်ရရှိခဲ့ပြီး အမှုအတွက် ပြင်ဆင်မှုလုပ်ငန်းများကိုလည်း ပြည့်ပြည့်စုံစုံ ခိုင်ခိုင်မာမာလုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ယင်းအမှု စစ်ဆေးကြားနာမှု၏ နောက်ဆုံးအဆင့်ဖြစ်သည့် နှုတ်ဖြင့်စစ်ဆေးကြားနာပွဲကို ဇန်နဝါရီလ ၁၂ ရက်မှ ၂၉ ရက်အထိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ကျင်းပခဲ့ရာတွင် မိမိတို့ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ပြည့်စုံသည့်ကြိုတင်ပြင်ဆင်မှုများရှိခဲ့သောကြောင့် ခိုင်မာအားကောင်းစွာ ကာကွယ်ချေပလျှောက်လဲနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ထို့အတွက်လည်း မိမိတို့၏အေးဂျင့်နှစ်ဦးခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်အနေဖြင့် ချီးကျူးဂုဏ်ယူသည်ကို ပြောကြားလိုပါကြောင်း။

## ❒ မြန်မာနိုင်ငံအတွက် အလွန်ကြီးမားသည့် စိန်ခေါ်မှု တစ်ရပ်ဖြစ်သော်လည်း ယင်းစိန်ခေါ်မှုမှ မြန်မာနိုင်ငံ အနေဖြင့် အကျိုးအမြတ်ရရှိအောင်ဆောင်ရွက်နိုင်ခဲ့သည် ကိုလည်း တွေ့ရ . . .

အမှန်ဆိုပါက အပြည်ပြည်ဆိုင်ရာတရားရုံးတွင် မြန်မာနိုင်ငံက ရင်ဆိုင်ဖြေရှင်းခဲ့ရသည့် ယခုအမှုသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် တစ်သင်းတစ်ဖွဲ့ကိုစွဲဆိုခြင်းမဟုတ်ဘဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို စွဲဆိုခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၊ ပြည်သူလူထုနှင့် နိုင်ငံအစိုးရတို့အပါအဝင် တစ်နိုင်ငံလုံးကို တရားပြိုင်အဖြစ် စွဲဆိုတာဖြစ်သဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာ၊ ပြည်သူလူထုတစ်ရပ်လုံး၏ ဂုဏ်သိက္ခာနှင့် တိုက်ရိုက်ပတ်သက်နေခြင်းဖြစ်ပြီး မိမိတို့နိုင်ငံအတွက် အထူးအရေးပါသည့်ကိစ္စတစ်ရပ်လည်း ဖြစ်ကြောင်း။

ယခုအမှုတွင် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဥပဒေကြောင်းဆိုင်ရာအရလည်းကောင်း၊ အချက်အလက်ပိုင်းဆိုင်ရာအရလည်းကောင်း၊ ပြည့်ပြည့်စုံစုံခိုင်ခိုင်မာမာရပ်တည်ချေပလျှောက်လဲနိုင်ခဲ့ကြောင်း သိရှိရသည့်အတွက်လည်း မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်တကွ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသည့် သက်ဆိုင်ရာဌာနအားလုံးကို နိုင်ငံတော်အနေဖြင့် အထူးပင်ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

ယင်းအမှုကိစ္စသည် မြန်မာနိုင်ငံအတွက် အလွန်ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သော်လည်း ယင်းစိန်ခေါ်မှုမှ မြန်မာနိုင်ငံအနေဖြင့် အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ ယင်းအကျိုးအမြတ်များအနက် အရေးအကြီးဆုံးအချက်တစ်ရပ်မှာ **“အရေးကြီးပြီ သွေးစည်းကြစို့”** ဟူသည့်အတိုင်း မြန်မာနိုင်ငံအပေါ် မတရားစွပ်စွဲခံရသည့်

## ❒ အရေးအကြီးဆုံးအချက်တစ်ရပ်မှာ “အရေးကြီးပြီ သွေးစည်းကြစို့” ဟူသည့်အတိုင်း မြန်မာနိုင်ငံအပေါ် မတရားစွပ်စွဲခံရသည့် ယခုအမှုအပေါ် မြန်မာပြည်သူလူထု တစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ စည်းစည်းလုံးလုံး လက်တွဲပြီး နိုင်ငံချစ်စိတ်နှင့် ကိုယ့်နိုင်ငံဘက်က အပြည့်အဝ ထောက်ခံရပ်တည်ခဲ့ကြသည့်အတွက် အမျိုးသားစည်းလုံး ညီညွတ်မှု၏သာဓကတစ်ရပ်ရရှိခဲ့သည်ဟုဆိုရမည်ဖြစ် . . .

ယခုအမှုအပေါ် မြန်မာပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ စည်းစည်းလုံးလုံးလက်တွဲပြီး နိုင်ငံချစ်စိတ်နှင့် ကိုယ့်နိုင်ငံဘက်က အပြည့်အဝထောက်ခံရပ်တည်ခဲ့ကြသည့်အတွက် အမျိုးသားစည်းလုံးညီညွတ်မှု၏ သာဓကတစ်ရပ်ရရှိခဲ့သည်ဟုဆိုရမည်ဖြစ်ကြောင်း။

နောက်ထပ်အကျိုးအမြတ်တစ်ခုအနေဖြင့် နှစ်ပေါင်းများစွာရှိနေခဲ့သည့် ရခိုင်ပြည်နယ်မြောက်ပိုင်းပြဿနာ၏ အရင်းအမြစ်တစ်ခုဖြစ်သည့် နိုင်ငံရေးအရ လုပ်ကြံဖန်တီးထားသည့် အမည်အမှတ်သရုပ်လက္ခဏာတစ်ရပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ရပ်တည်ချက်ကို နိုင်ငံတကာစင်မြင့်တွင် အထောက်အထားအခိုင်အမာဖြင့် တင်ပြခွင့်ရခဲ့ခြင်းပင်ဖြစ်ကြောင်း။

ထို့အပြင် ဥပဒေပိုင်းဆိုင်ရာတွင်လည်း ယင်းအမှုမှ နိုင်ငံတကာအဆင့် အတွေ့အကြုံများရရှိခဲ့ပြီး မိမိနိုင်ငံအတွက် ဥပဒေကြောင်းအရ အလားတူထိုးနှက်တိုက်ခိုက်လာခြင်းမျိုး ထပ်မံရှိလာပါက မည်ကဲ့သို့ အကောင်းဆုံးပြင်ဆင်သွားမည်ဟူသည့် အသိအမြင်ဗဟုသုတများရရှိနိုင်ခဲ့သည်မှာလည်း အဆိုးထဲကအမြတ်တစ်ခုဟုဆိုရမည်ဖြစ်ကြောင်း။

ကုလသမဂ္ဂ၏ လက်အောက်ခံအဖွဲ့အစည်းဖြစ်သည့် ICJ အနေဖြင့် မည်ကဲ့သို့သောရည်ရွယ်ချက်ရှိသည်ဖြစ်စေ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ယခုအမှုကိစ္စနှင့်ပတ်သက်၍ ကိစ္စကြီးငယ်မခွဲခြားဘဲ မဆုတ်မနစ်သော ဇွဲ၊ လုံ့လဖြင့် (ခြင်္သေ့က သားကောင်ကိုလိုက်သည့် ဥပမာကဲ့သို့) စနစ်တကျပြင်ဆင်၍ အင်ပြည့်အားပြည့်ဖြင့် ဆောင်ရွက်ခဲ့သည့်အတွက်ကြောင့် ယခုကဲ့သို့ အခြေအနေမျိုးအထိ ရောက်လာနိုင်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှစ်ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ဂုဏ်ပြုပါကြောင်းကိုလည်း ပြောကြားလိုကြောင်း။

မည်သို့ပင်ဖြစ်စေ နိုင်ငံငယ်များအနေဖြင့်ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုးပြီး ရပ်တည်နေကြရသည့် မျက်မှောက်ခေတ်အင်အားနိုင်ငံရေး နိုင်ငံတကာအခင်းအကျင်းတွင် မည်ကဲ့သို့စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ရသည်ဖြစ်စေ မိမိတို့နိုင်ငံ၏အသက်အမျှအရေးပါသည့် အကျိုးစီးပွားများဖြစ်သည့်ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားပြည်သူလူထုတို့အကြား ယခုဖြစ်စဉ်မှာကဲ့သို့ပင် အတူတကွ စည်းလုံးညီညွတ်စွာ လက်တွဲစောင့်ရှောက်ကာကွယ်သွားကြရေး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်းကို တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့မှု အခြေအနေများနှင့် ပတ်သက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျဖြင့်ဆောင်ရွက်ခဲ့ပြီး လိုအပ်သည့်အချက်အလက်များ စုဆောင်းခြင်း၊ ဖြစ်စဉ်ဖြစ်ရပ်မှန်များနှင့် သမိုင်းကြောင်းအချက်အလက်များ ပြည့်စုံစွာရရှိစေရေး ဆောင်ရွက်ခြင်း၊ ပြည်တွင်းမှ ဝါရင့်ဥပဒေပညာရှင်ကြီးများနှင့် ဥပဒေအကြံပေးအဖွဲ့ဖွဲ့စည်း၍ ဥပဒေပိုင်းဆိုင်ရာအကြံဉာဏ်များ ရယူခြင်း၊ အမှုတွင်လိုက်ပါဆောင်ရွက်နိုင်ရေး နိုင်ငံတကာရှေ့နေအဖွဲ့နှင့် သမိုင်းဆိုင်ရာပညာရှင်တစ်ဦးငှားရမ်းဖွဲ့စည်းခြင်းတို့ကို စနစ်တကျဖြင့်စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားဖြည့်ဆည်းမှုများနှင့်အတူ အကောင်းဆုံးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်းနှင့် မိမိတို့ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယခုကဲ့သို့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားဖြင့်ကြိုဆိုဂုဏ်ပြုမှုအပေါ် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ (၇)ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တွင် ကြုံတွေ့ခဲ့ရသည့်အခက်အခဲများကို ဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျစီမံခန့်ခွဲ ဖြေရှင်းနိုင်ခဲ့သည့်စွမ်းဆောင်ချက်များနှင့် ဖြစ်စဉ်တိုင်းတွင် ကြုံတွေ့ခဲ့ရသည့်စိန်ခေါ်မှုများကြားမှ နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်း စသည့်ကဏ္ဍ အသီးသီးတွင် ဘက်စုံကဏ္ဍစုံမှ ထူးခြားပြောင်မြောက်စွာ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ထိုသို့ထူးကဲသောဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်က **ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D. P. A.honoris causa)** ကို ဖေဖော်ဝါရီလ (၅) ရက်နေ့တွင် အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် အပ်နှင်းခဲ့ခြင်းအပေါ် မြန်မာနိုင်ငံ၏ အမျိုးသားရေးအသင်းကြီးဖြစ်သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
| --- | --- | --- | --- |
| နေပြည်တော် | ၁၇˚c | / | ၃၃˚c |
| ရန်ကုန် | ၁၉˚c | / | ၃၄˚c |
| မန္တလေး | ၁၆˚c | / | ၃၄˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန် ရေချိုကို ချွေတာကြပါစို့

# နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၈

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ (မိုး/ဇလ)

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် YMBA အသင်းစုပေါင်းသွေးလှူဒါန်း

**ရန်ကုန်  ဖေဖော်ဝါရီ  ၈**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်ဆေးရုံကြီး (ခုတင်- ၁၀၀၀)၌ ကျင်းပသည်။

ရှေးဦးစွာ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက သွေးလှူဒါန်းကြမည့် သွေးလှူရှင်များအား ကျန်းမာရေးစစ်ဆေးပေးပြီး လှူဒါန်းခြင်းများဆောင်ရွက်စေသည်။ အဆိုပါသွေးလှူဒါန်းနေမှုများကို တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တပ်မှူး ဗိုလ်မှူးချုပ်မြင့်ဇော်၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)နာယက ဦးရဲထွန်း၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)ဥက္ကဋ္ဌ ဦးမြင့်အောင်သန်းနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး အာဟာရပြည့်စားသောက်ဖွယ်ရာများပေးအပ်ကြောင်း သိရသည်။ **လင်းခန့်**



# ကော့မှူးမြို့နယ် အိုးဘိုကျေးရွာ၌ ကုန်ထုတ်လမ်းသစ်ဖွင့်လှစ်

**ရန်ကုန်  ဖေဖော်ဝါရီ  ၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုငွေဖြင့် လက်ခိုက်ကျေးရွာအုပ်စု အိုးဘိုကျေးရွာ၌ ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီလ ၇ ရက်က ကျင်းပသည်။




ရှေးဦးစွာ တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်က အဖွင့်အမှာစကားပြောကြားရာတွင် ကုန်ထုတ်လမ်းများ ဆောင်ရွက်ပေးခြင်းကြောင့် ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ကိုလတ်က အိုးဘိုကျေးရွာ၌ ကုန်ထုတ်လမ်းဂဝံကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်နွယ်၊ တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်ဦး၊ ကော့မှူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်း၊ လက်ခိုက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးကိုနိုင်တို့က ကုန်ထုတ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါကုန်ထုတ်လမ်း ဂဝံကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုငွေ ငွေကျပ် ၂၄၄ ဒသမ ၅၅ သန်းဖြင့် ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အထွေး**




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၂-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၃၅ | ၂၄၅၀ | ၂၄၁၅ | ၂၃၅၀ | ၂၄၅၅ | ၂၄၇၀ | ၂၄၉၀ | ၂၄၀၅ | ၄၅၀၅ | ၂၇၀၀ | ၂၄၂၅ | ၂၅၆၅ | ၂၄၉၅ | ၂၄၆၀ | ၂၄၈၅ | ၂၇၄၀ |
| 95 Ron | ၂၄၀၀ | ၂၅၁၀ | ၂၄၈၀ | ၂၄၁၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၅၀ | ၂၄၇၀ | ၄၅၆၀ | ၂၇၆၀ | ၂၄၈၅ | ၂၆၂၅ | ၂၅၅၅ | ၂၅၂၀ | ၂၅၄၅ | ၂၈၀၀ |
| HSD (500 ppm) | ၂၄၆၀ | ၂၅၇၅ | ၂၅၄၀ | ၂၄၇၅ | ၂၅၈၀ | ၂၅၉၅ | ၂၆၁၀ | ၂၅၃၀ | - | ၂၈၂၅ | ၂၅၅၀ | ၂၉၈၀ | ၂၆၂၀ | ၂၅၈၅ | ၂၆၀၅ | ၂၈၆၅ |
| HSD (50 ppm) | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၅ | ၂၈၁၅ | ၄၈၃၀ | ၃၁၀၅ | ၂၈၃၀ | ၂၉၉၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၉၀ | ၃၁၄၅ |
| HSD (10 ppm) | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၅ | ၂၈၁၅ | - | ၃၁၀၅ | ၂၈၃၀ | ၂၉၉၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၉၀ | ၃၁၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၈၅ | ၂၂၆၂ |
| 95 Ron | ၂၂၄၅ | ၂၃၂၃ |
| HSD (500 ppm) | ၂၃၀၅ | ၂၃၈၁ |
| HSD (50 ppm) | ၂၅၇၈ | ၂၆၆၀ |
| HSD (10 ppm) | ၂၅၇၈ | ၂၆၆၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ငြိမ်းချမ်းရေး၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှုကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်၌ ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာပြီး ပြခန်းတာဝန်ခံများ၏ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးစဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တိုးတက်ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပြည်ပဈေးကွက်သို့ ချိတ်ဆက်နိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း။

ယခု ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် MSME ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာ ရောင်းချသည့်ဆိုင်ခန်းများ၊ လုပ်ငန်း/စီးပွား ချိတ်ဆက်မှုများ (Business Matching)၊ နည်းပညာပြခန်းများ၊ လယ်ယာသုံးစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ Solar Farm များ၊ SKD ဦးစားပေး လျှပ်စစ်သုံး မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ်/ သုံးဘီးဆိုင်ကယ်ပြခန်းများ၊ အထည်ချုပ်ပြခန်းများ၊ ကုမ္ပဏီပြခန်းများအပါအဝင် စုစုပေါင်းပြခန်းပေါင်း ၁၂၀ ကျော်အား ပြသရောင်းချလျက်ရှိကြောင်းနှင့် ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အား ဖေဖော်ဝါရီလ ၁၃ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဈေးရောင်းပွဲတော်ကာလအတွင်း နိုင်ငံကျော်အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူများအနေဖြင့် လွတ်လပ်စွာ လာရောက်လေ့လာဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## စာဖတ်ရှုန်မြှင့်တင်ရေးအသိပညာပေးဟောပြော

**ဒေးဒရဲ ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတများ တိုးပွားစေရေး၊ ပြည်သူ့စာကြည့်တိုက်များနှင့် ရင်းနှီးကျွမ်းဝင်မှုပိုမိုရရှိစေရေး ရည်ရွယ်၍ စာဖတ်ရှုန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကို ဖေဖော်ဝါရီလ ၇ ရက်က မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား၊ ကျောင်းသူ လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံ၍ အသိပညာ ဗဟုသုတများ တိုးပွားလာစေရန်၊ အားလပ်ချိန်များတွင် စာပေလေ့လာဖတ်ရှု၍ အချိန်ကို အကျိုးရှိစွာအသုံးချနိုင်စေရန်၊ စာအုပ်စာပေလေ့လာခြင်းဖြင့် အသိဉာဏ်ပညာဖွံ့ဖြိုးလာပြီး မိမိနိုင်ငံနှင့် မိမိလူမျိုးကို အကျိုးပြုနိုင်မည့် လူငယ်များ ဖြစ်ပေါ်လာစေရန် အခြေခံပညာကျောင်းများအရောက် စာဖတ်ရှုန်မြှင့်တင်ရေးဟောပြောပွဲ၊ အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေမှုကို ရှင်းလင်းဆွေးနွေးပြီး လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ဉာဏစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲတို့ကို ကျင်းပသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**အေဇာလင်း**

MWD Education, Knowledge & Sports Channel

၉-၂-၂၀၂၆(တနင်္လာနေ့)

၁။ ၀၇:၀၀ – ၀၇:၄၅ Grade – 5 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ

၂။ ၀၇:၄၅ – ၀၈:၄၀ Grade – 5 လူမှုရေး၊ သိပ္ပံ

၃။ ၁၀:၀၀ – ၁၁:၀၀ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ (သမိုင်းဘာသာရပ်)

၄။ ၁၅:၃၀ – ၁၅:၅၀ Grade – 5 သိပ္ပံ

၅။ ၁၅:၅၀ – ၁၇:၄၀ Grade – 9 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁)

၆။ ၁၇:၄၀ – ၁၈:၂၅ Grade – 9 သင်္ချာ(၂)၊ ပထဝီဝင်

၇။ ၁၈:၂၅ – ၁၈:၅၅ Grade – 9 သမိုင်း၊ သိပ္ပံ

## ပခုက္ကူတက္ကသိုလ်၏ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ပခုက္ကူ ဖေဖော်ဝါရီ ၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ပခုက္ကူတက္ကသိုလ်၏ (၂၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီလ ၇ ရက်က အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင် ဦးဆောင်သော သဟာရအဖွဲ့ဝင်များက ဘွဲ့နှင်းသဘင်စင်မြင့်ထက်သို့ တက်ရောက်နေရာယူကြပြီး ခေတ္တပါမောက္ခချုပ်က ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျင်းပသော(နေ့သင်တန်း)စာမေးပွဲများ၌ ဖြေဆိုအောင်မြင်ခဲ့ကြသည့် မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ စသည့် ဘွဲ့ရမောင်မယ် စုစုပေါင်း ၁၄၂ ဦးအား ဘွဲ့များအသီးသီးအပ်နှင်းသည်။

ထို့ပြင် ပခုက္ကူတက္ကသိုလ် အဝေးသင်သင်တန်း(စတုတ္ထအကြိမ်မြောက်)ဘွဲ့နှင်းသဘင်ခမ်းအနားကို ဖေဖော်ဝါရီလ ၈ ရက်တွင် ဆက်လက်ကျင်းပရာ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျင်းပသော (အဝေးသင်သင်တန်း)စာမေးပွဲများ၌ ဖြေဆိုအောင်မြင်ခဲ့ကြသည့် ဥပဒေပညာဘွဲ့၊ စီးပွားရေးပညာဘွဲ့အပါအဝင် ဝိဇ္ဇာနှင့်သိပ္ပံဘွဲ့ရမောင်မယ် စုစုပေါင်း ၄၀၈ ဦးအား ဘွဲ့များအပ်နှင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## မက်မန်းမြို့၌ (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကျင်းပ



**မက်မန်း ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မက်မန်းမြို့၌ (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၇ ရက်နံနက်ပိုင်းတွင် မက်မန်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့အတွင်းရေးမှူး ဦးကျော်မြင့်လှိုင်က ဖတ်ကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဇေယျကျော်ထင်စည်သူ ဦးအောင်အောင်ထံမှ (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို မက်မန်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီလွင်က ဖတ်ကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့အတွင်းရေးမှူး ဦးကျော်မြင့်လှိုင်နှင့်ဝန်ထမ်းများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရှမ်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့၊ လားဟူတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့နှင့် “ဝ”တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

**မက်မန်းခရိုင်(ပြန်/ဆက်)**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်အခမ်းအနားမှခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်၌ ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာပြီး ပြခန်းတာဝန်ခံများ၏ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးစဉ်။

☆ **ရှေ့ဖုံးမှအဆက်**

ပြည်နယ်များမှ MSME အောင်မြင်စီဥက္ကဋ္ဌများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းအဖွဲ့များနှင့် ပြခန်းတာဝန်ခံများ၊ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များ၊ အထူးဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့်နေရာသို့ရောက်ရှိကြရာ တာဝန်ရှိသူများက လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနားကို ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ၂၀၂၆ ခုနှစ်၊



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနား ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "စက်မှုကုန်စည်ပြပွဲဆီ" သီချင်းနှင့်အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်၌ ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာပြီး ပြခန်းတာဝန်ခံများ၏ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးစဉ်။

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနားမှတ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနား ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "စက်မှုကုန်စည်ပြပွဲဆီ" သီချင်းနှင့်အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ခင်းကျင်းပြသထားသည့် ပြည်ထောင်စုဝန်ကြီးဌာန ပြခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသထွက်ကုန်ပစ္စည်းများပြခန်းနှင့် အရောင်းပြခန်းများ၊ MSME လုပ်ငန်းရှင်များ၏ MSME ထုတ်ကုန်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် ရင်းရင်းနှီးနှီး လိုက်လံကြည့်ရှုလေ့လာခဲ့ကြပြီး ပြခန်းတာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျောရိုးဖြစ်သည့် MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှ ကုန်ကြမ်းများကိုအခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်စေရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားပေးခြင်းဖြင့်ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များကို လျှော့ချရေးနှင့် သွင်းကုန်အစားထိုးထုတ်လုပ်လာစေနိုင်ရန်၊ ပြည်တွင်းစီးပွားရေးကောင်းမွန်လာစေပြီး အလုပ်အကိုင် အခွင့်အလမ်း ပေါ်များလာစေရန်၊ ဒေသအလိုက် ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP)အစီအစဉ်များ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များနှင့် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးမှုသက်သက်သာမက ဒေသအသီးသီးမှ လုပ်ငန်းရှင်အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာဓလေ့ယဉ်ကျေးမှုများ၊ ဗဟုသုတများဖလှယ်ရရှိမှု၊ ဈေးကွက်ချိတ်ဆက်နိုင်မှု၊ **စာမျက်နှာ ၁၅ သို့** ☆

**❖ ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျောရိုးဖြစ်သည့် MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှ ကုန်ကြမ်းများကိုအခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်စေရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြင့် ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များကို လျှော့ချရေးနှင့် သွင်းကုန်အစားထိုးထုတ်လုပ်လာစေနိုင်ရန်၊ ပြည်တွင်းစီးပွားရေးကောင်းမွန်လာစေပြီး အလုပ်အကိုင်အခွင့်အလမ်း ပေါ်များလာစေရန်၊ ဒေသအလိုက် ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP)အစီအစဉ်များ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များနှင့် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ် . . .**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Opening ceremony of 2026 79th Anniversary Union Day Commemorative Union-level MSME Product Fair and Market Festival held, attended by Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing

NAY PYI TAW February 8

The opening ceremony of 2026 79th Anniversary Union Day Commemorative Union-level MSME Product Fair and Market Festival took place at Nay Pyi Taw Square this morning, attended by Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing, who formally opened it.

Also present on the occasion together with the Senior General were Vice Chairman of SSPC Vice-Senior General Soe Win, SSPC member Prime Minister U Nyo Saw, SSPC Secretary General Ye Win Oo, SSPC members, union ministers, union level dignitaries, region/state chief ministers, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, MSME agency chairs from regions and states, Nay Pyi Taw Council members, heads of departments, officials of organizations and exhibitions, ethnic cultural dance troupes, honoured guests and local people.

The Senior General and party arrived at the venue and were warmly welcomed by officials. SSPC Vice Chairman Vice-Senior General Soe Win, SSPC member Prime Minister U Nyo Saw, Union Ministers, Dr. Kan Zaw, U Hla Moe, Dr. Charlie Than, U Chit Swe, and Nay Pyi Taw Council Chair U Than Tun Oo formally opened the fair and the festival.

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing then formally unveiled the decorated archway of the fair and festival.

The Senior General and attendees enjoyed the dances of ethnic cultural troupes staged to the accompaniment of the song "Towards the industrial products fair" honouring the fair and the festival.

The Senior General and attendees looked around the booths of union ministries and region/state booths that displayed local products and sales rooms of the fair and festival with keen interest. They also asked for more information from the exhibition officials.



Senior General Min Aung Hlaing observes local products with keen interest.

The 2026 79th Anniversary Commemorative Union-level MSME Product Fair and Market Festival is held with the aim of improving socio-economic life of citizens, manufacturing value-added goods based on agricultural raw materials, supporting and promoting the local economy by encouraging domestic production, reducing imports and producing import-substitute goods, developing local businesses and generating job opportunities, providing support and encouragement for the success of one region one product (OROP) programs, establishing closer connections between MSMEs and local/foreign investors. Apart from economic progress, the fair and the festival will generate benefits, which are, closer relations, unity and mutual assistance between entrepreneurs from different places, while enabling entrepreneurs to conduct cultural exchanges, knowledge sharing, establish strong market links, and set up connections with foreign markets through value adding of local goods.



Senior General Min Aung Hlaing hears a report on functions of farm machinery.



Senior General Min Aung Hlaing watches traditional dances of ethnic cultural troupes.

The union-level fair and festival has over 120 booths including ministry booths, booths displaying MSME products of regions and states and Nay Pyi Taw, shops selling ethnic foods, business matching rooms, technological booths, farm machinery booths, booths of cottage industries and cooperatives, booths of associations and organizations, booths exhibiting solar farms, and SKD electric cars, motorcycles and tricycles, garment product booths, company booths. The fair and the festival goes on till 13 February and it will host entertainment programs staged by well-known artistes. It is open to all. **100**

▸▸From Page - 21

important point is the evidence of national unity; as the saying goes, **"Unity in times of crisis,"** the entire people of Myanmar stood united with the government, fully supporting and defending the country with patriotism against the unfair accusations in this case.

He stated that as another benefit, the country was able to present Myanmar's position on the international stage with solid evidence regarding a politically fabricated identity, which has been a root cause of the long-standing issues in northern Rakhine State.

Additionally, he noted that in terms of legal matters, international-level experience was gained from this case. He stated that it could be considered a silver lining, as the country acquired the knowledge and insight on how to best prepare should similar legal attacks against the nation occur in the future.

He stated that regardless of the intentions of the ICJ, a United Nations organ, the Myanmar delegation approached this case without distinguishing between major or minor issues, preparing systematically and acting with full strength and unwavering perseverance—akin to a lion hunting its prey. He noted that it was due to these efforts that such a status could be achieved. Therefore, he expressed special gratitude and honor to the two leaders and all members of the Myanmar delegation.

He urged that regardless of the challenges faced in the current landscape of international power politics, where small nations must stand on their own self-reliance, the State and its citizens must work together. He stated that it must be taken as a national duty to protect the vital interests of the country—the non-disintegration of the Union, the non-disintegration of national solidarity, and Perpetuation of sovereignty—by remaining as united as they were in this current event.

Afterward, Union Minister for the Ministry of the State Administration Council Office (2) U Ko Ko Hlaing, as the leader of the Myanmar delegation that traveled to the International Court of Justice (ICJ), provided a brief on the proceedings. He noted that the Myanmar delegation had conducted systematic preparations, including collecting necessary data and ensuring that facts and historical records were comprehensive. He stated that a legal advisory team consisting of veteran local legal experts was formed to obtain legal counsel, and an international legal team along with a historical expert was hired to represent the case. He added that these efforts were carried out with unity and systematic diligence, complemented by the guidance and support of the Head of State. Furthermore, he expressed deep gratitude for the warm welcome and the honorary dinner hosted for the delegation members.

Afterward, it is reported that the Senior General and the attendees had the honorary dinner together.

**100**

●●From Page - 20

operation lasted more than four months, and full control of Banmauk was re-established on February 8.

During the operation, 69 clashes of varying intensity reportedly occurred. Some security personnel were killed or injured. Security forces seized 27 assorted weapons, ammunition, grenades, the bodies of terrorist insurgents, and explosive-related materials used in the attacks.

Security forces are now planning rehabilitation efforts in Banmauk, including clearing debris, repairing damaged schools, hospitals, conducting mine clearance, and assisting displaced residents to return to their homes as quickly as possible in cooperation with local communities.

**100**



Terrorist insurgents set up fortified defence positions at a basic education school in Banmauk.



Photos show the police station recaptured by security forces.



Terrorist insurgents set up fortified defence positions at a basic education school in Banmauk.



Photos show the Myoma Monastery, blown up by terrorist insurgents.



Security forces recapture Myanmar Economic Bank, Information and Public Relations Office, Education Officer's Office, a primary school, shown in the photos.

# Security forces recapture Banmauk from KIA and NUG-linked PDF terrorist groups

NAY PYI TAW February 8


On September 20, 2025, the KIA and NUG-linked PDF insurgent groups launched a large-scale attack on security personnel responsible for maintaining stability in Banmauk, Sagaing Region. During the period of their control, they carried out various acts including the forced arrest of local residents who did not support them, forced recruitment, arson attacks on civilian homes and public buildings, looting of property, and actions that disrupted local administration. These incidents were previously reported on October 27, 2025.

Local residents were forced to flee their homes and seek shelter in temporary displacement camps due to the destruction of houses and insecurity in the area. It was also reported that excessive extraction and use of natural resources in and around Banmauk during this period caused significant environmental damage.

Security forces began clearance operations on September 24, 2025, advancing in columns to regain territorial control. They first secured villages and key locations temporarily held by the groups, including Pin Hin Khar, Shwe Kyaung, Kho Pyin, Naung Thar Yar, Tower Hill, Khamoe, and areas around Phyu Taung. On October 26, they gained control of strategically important positions about 2,000 meters west and northwest of Banmauk.

After making necessary preparations, security forces continued step-by-step clearance operations to fully regain the town. The insurgent groups had fortified religious buildings, schools, hospitals, government offices, residential buildings, hotels, and high-rise structures with sandbag bunkers and carried out attacks from these positions. They were also using local residents as human shields. As a result, security forces proceeded cautiously in accordance with Rules of Engagement (ROE) to minimize damage to buildings. The


See Page - 19 ●●



Security forces have regained control of Banmauk town, which had been temporarily occupied by insurgent terrorists.



Photos show the Border Areas Youth Development Training School, destroyed by terrorist insurgents.



Scene showing extensive environmental damage caused by excessive extraction and use of above-ground and underground natural resources in the Banmauk area by terrorist insurgent allied groups.



Documentary photo of security forces retaking Banmauk Township Hospital and Basic Education Middle School (Banmauk), along with bodies, weapons, and ammunition seized from the enemy.



Documentary photo of bodies and weapons seized by security forces from terrorist insurgents.

# Acting President of the Republic of the Union of Myanmar and SSPC Chairman Senior General Min Aung Hlaing hosts dinner in honour of Myanmar delegation that represented the country at the International Court of Justice (ICJ) hearing



Senior General Min Aung Hlaing delivers an address at the dinner hosted in honour of the Myanmar delegation that represented the country at the International Court of Justice (ICJ).

NAY PYI TAW February 8

Senior General Min Aung Hlaing, Acting President of the Republic of the Union of Myanmar and Chairman of the State Security and Peace Commission, hosted a dinner this evening at the National Defence and Security Council Office Banquet Hall in honour of the Myanmar delegation that represented the country at the International Court of Justice (ICJ) hearing.

Also present at the dinner were Commission Vice Chairman Vice-Senior General Soe Win, Commission member Prime Minister U Nyo Saw, Executive Chief U Aung Lin Dway, Commission Secretary General Ye Win Oo, commission members, Union ministers, Union-level dignitaries, chief ministers of regions and states, senior military officers from the Office of the Commander-in-Chief, and officials from the Myanmar delegation which defended the case at the ICJ.

In his honorary speech, the Senior General said that he was especially delighted to have the opportunity to deliver remarks at the gala dinner being held. Just as the people across the entire country warmly welcomed, supported, and honoured the Myanmar delegation that went to appear and present oral arguments on behalf of Myanmar at the International Court of Justice during the final round of oral hearings in the case filed by The Gambia against Myanmar alleging genocide, led by Union Minister for the Ministry 2 of the President's Office U Ko Ko Hlaing and Union Minister for Legal Affairs and Union Attorney General Dr Thida Oo, the State also, on behalf of the nation, was honouring and welcoming the delegation through the hosting of this honorary dinner.

The Senior General noted that the case filed by The Gambia against Myanmar at the International Court of Justice in 2019 had lasted for more than six years, and that the merits stage of the proceedings was completed in January 2026. He explained that after his government assumed state responsibilities in February 2021 in accordance with the Constitution, it had continued to handle the case in line with its responsibilities under public international law, whereby a succeeding government generally inherits the actions and commitments undertaken by the previous government under the principle of state succession.

After the International Court of Justice began contacting them around mid-2021 regarding the continuation of the case, the government held thorough discussions among responsible officials on whether it should assume and continue handling the matter. Taking into account the prevailing international and domestic political circumstances at the time, a decision was made to continue taking responsibility for the case, and two representatives were selected and appointed to serve as the Agent and Alternate Agent in charge of the proceedings.

When reviewing the international and domestic political situation at that time, it was a period in which Myanmar was facing numerous pressures and challenges both at home and abroad. The United Nations and its subordinate bodies were hesitant to officially recognize the government, and Myanmar had lost its right to speak on the international stage, including at the United Nations General Assembly, due to the defection of its Permanent Representative. Similarly, it was also a time when Myanmar's government leaders were politically sidelined within ASEAN.

Domestically, it was also a time when the COVID-19 pandemic was spreading severely and widespread, intense unrest of an anarchic nature was occurring. In such circumstances, the government carefully assessed the potential outcomes, weighing both the benefits and risks, before deciding to assume and continue handling the case. The main reason for this decision was that, at the International Court of Justice, the proceedings could continue unilaterally even if Myanmar chose not to participate. In such a unilateral process, the Court would consider only one-sided information, which could lead to undesirable consequences. This, in turn, could leave Myanmar with an indelible stain on its national dignity throughout history and could give rise to further unwanted repercussions. Therefore, given the conditions at that time, that course of action was chosen as the best possible solution.

As Myanmar would have to face the proceedings step by step, a leading committee on litigation before the International Court of Justice was formed to ensure the best possible preparation, comprising multiple relevant ministries, including Foreign Affairs, Defence, Home Affairs, Legal Affairs, Immigration, and Social Welfare, Relief and Resettlement, and that coordinated efforts were undertaken accordingly.

For legal support, a team of senior domestic legal scholars and an advisory legal committee was formed to provide legal advice, while an international team of lawyers was also engaged to participate in the case. In addition, to ensure that historical information and evidence were obtained accurately and comprehensively, a foreign expert on Rakhine history was also hired to assist in the proceedings.

Because efforts were carried out systematically and in a coordinated, unified manner, sufficient time was available according to the originally planned strategy, and all preparations for the case were carried out thoroughly and firmly.

The Senior General stated that, during the final stage of the case—the oral hearings held at the International Court of Justice from 12 to 29 January—Myanmar's delegation was able to defend and present its case strongly and effectively due to thorough prior preparation. For this reason, he expressed that the State commends and honours the Myanmar delegation, led by the two Agents.

In truth, the case Myanmar faced at the International Court of Justice was not an accusation against any individual or group of people, but rather a case brought against the Republic of the Union of Myanmar. Therefore, as the entire nation including the country, its people, and the government was being accused in the proceedings, the case directly concerned the dignity of the State and of all its citizens, making it an issue of special significance for the country.

He stated that he wished to express the State's special gratitude to the Myanmar delegation and all relevant departments that provided support, as it was learned that the delegation was able to stand firm and present comprehensive legal and factual arguments in this case.

He noted that although this case represents a very significant challenge for Myanmar, it was observed that the country was able to turn this challenge into a benefit. He stated that among these benefits, the most

See Page - 19▸▸

# Mach 6 အမြန်နှုန်းနဲ့ ၁၂ မိုင်အကွာအထိ ပစ်ခတ်နိုင်တဲ့ တရုတ်ရဲ့ ရေတပ်သုံးအမြောက်ဆန်



တရုတ်စစ်ဘက်သိပ္ပံပညာရှင်တွေဟာ အသံထက် ၆ ဆ ပိုမြန်တဲ့ Mach 6 အမြန်နှုန်းရှိပြီး ၁၂ မိုင်အကွာအထိ တိကျမှုရှိစွာ ပစ်ခတ်နိုင်တဲ့ အသံထက်မြန်အမြောက်ဆန် အသစ်တစ်မျိုးကို တီထွင်နိုင်ခဲ့ပါတယ်။ ဒီအမြောက်ဆန်ဟာ ရေတပ်ရဲ့လေကြောင်းရန်ကာကွယ်ရေးအမြောက်ဖြစ်တဲ့ သာမန် ၈၀ မီလီမီတာ စက်အမြောက်တွေကနေ ပစ်ခတ်နိုင်တဲ့ နည်းပညာသစ်ဖြစ်ပါတယ်။

အမြောက်ဆန်ရဲ့ ထူးခြားချက်ကတော့ အမြောက်ပြောင်းဝကနေ ထွက်လာတာနဲ့ Mach 6 အရှိန်နှုန်းရရှိမှာဖြစ်ပြီး အဆင့်နှစ်ဆင့် လမ်းညွှန်စနစ်နည်းပညာကိုအသုံးပြုထားတာပါ။ ဒါကြောင့် ၁၂ မိုင်အကွာရှိ ရွေ့လျားနေတဲ့ပစ်မှတ်တွေကို ၉၉ ရာခိုင်နှုန်းအထိ တိကျစွာထိမှန်အောင် ပစ်ခတ်နိုင်စွမ်းရှိပါတယ်။ အရင်က သေးငယ်တဲ့ အမြောက်ဆန်တွေမှာ အသံထက်မြန်တဲ့ အရှိန်ကို ထိန်းသိမ်းဖို့မဖြစ်နိုင်ဘူးလို့ ယူဆခဲ့ပေမယ့် အခုတော့ တရုတ်ပညာရှင်တွေက အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

ဒီနည်းပညာဟာ လက်ရှိအသုံးပြုနေတဲ့ ဒုံးကျည်တွေထက် ကုန်ကျစရိတ်အဆများစွာ သက်သာစေမှာဖြစ်သလို ရန်သူ့အနေနဲ့လည်း အမြောက်ဆန်က အနားရောက်မှ သာသိနိုင်မှာဖြစ်လို့ တုံ့ပြန်ဖို့ အချိန်စက္ကန့်ပိုင်းပဲရမှာဖြစ်တဲ့အတွက် စစ်ကစားပုံနည်းဗျူဟာတွေကို အကြီးအကျယ် ပြောင်းလဲသွားစေနိုင်တယ်လို့ စစ်ဘက်လေ့လာသူတွေက သုံးသပ်နေကြပါတယ်။ **Ref: IE**

**ကိုထက်**

# ပြန်သုံးနိုင်တဲ့ Shenlong အာကာသယာဉ်ကို တရုတ်က စတုတ္ထအကြိမ်မြောက် လွှတ်တင်

တရုတ်နိုင်ငံက ပြန်လည်အသုံးပြုနိုင်တဲ့ အာကာသယာဉ်တစ်စင်းကို မကြာသေးမီက ကျူကွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ပါတယ်။ ဒါဟာ ၂၀၂၀ ပြည့်နှစ်ကစလို့ တရုတ်နိုင်ငံအနေနဲ့ ပြန်အသုံးပြုနိုင်တဲ့ အာကာသယာဉ်ကို စတုတ္ထအကြိမ်မြောက် လွှတ်တင်မှုဖြစ်ပါတယ်။ ဒီယာဉ်ကို "Shenlong" (နတ်နဂါး)ဆိုပြီး အမည်ပေးထားတာပါ။

ဒီအာကာသယာဉ်ဟာ အမေရိကန် အာကာသတပ်ဖွဲ့ရဲ့ X-37B အာကာသယာဉ်နဲ့ လုပ်ဆောင်ချက်ချင်းဆင်တူပါတယ်။ လွှတ်တင်တဲ့အခါမှာ ဒုံးကျည်နဲ့ ပစ်လွှတ်ပေမယ့် ကမ္ဘာမြေကိုပြန်လာတဲ့အခါမှာတော့ သာမန်လေယာဉ်တွေလိုပဲ ပြေးလမ်းပေါ်မှာဆင်းသက်နိုင်တဲ့ နည်းပညာကို အသုံးပြုထားတာပါ။

တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနရဲ့ ဖော်ပြချက်အရဆိုရင် ဒီမစ်ရှင်က အာကာသယာဉ်ကို ပြန်လည်အသုံးပြုနိုင်မယ့် နည်းပညာတွေကို စမ်းသပ်ဖို့နဲ့ အာကာသနယ်ပယ်ကို ငြိမ်းချမ်းစွာအသုံးချနိုင်ရေးအတွက် ရည်ရွယ်တယ်လို့ ဆိုပါတယ်။

အရင်လွှတ်တင်ခဲ့တဲ့ အာကာသယာဉ်တွေဟာ အာကာသထဲမှာ ရက်ပေါင်း ၂၆၀ ကျော်အထိ ကြာအောင်နေဖူးတာကြောင့် အခုတစ်ခေါက် လွှတ်တင်လိုက်တဲ့ ယာဉ်ဟာလည်း အာကာသထဲမှာ ဘယ်လောက်ကြာကြာ နေထိုင်သွားမလဲဆိုတာကို နိုင်ငံတကာက စိတ်ဝင်တစား စောင့်ကြည့်နေပါတယ်။ **Ref: IE**

**ကိုထက်**



# XPeng ရဲ့ အဆင့်မြင့် SUV သစ် GX အကြောင်း အသေးစိတ်အချက်အလက်များ ထွက်ပေါ်လာ



တရုတ်နိုင်ငံမှ လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်တဲ့ XPeng ရဲ့ အဆင့်မြင့် Flagship SUV အသစ် XPeng GX နဲ့ ပတ်သက်တဲ့ အသေးစိတ်အချက်အလက်တွေကို တရုတ်အစိုးရရဲ့စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက ထုတ်ပြန်လိုက်ပါတယ်။ ရှေ့ပြေးပုံစံအဆင့်မှာ G01 လို့ လူသိများခဲ့တဲ့ အဲဒီကားဟာ နာမည်ကျော် Range Rover ကားတွေနဲ့ ဆင်တူပြီး ခံ့ညားတဲ့ဒီဇိုင်းမျိုးရှိပါတယ်။

ဒီ SUV ဟာ အလျား ၅ ဒသမ ၂ မီတာကျော်ရှိကိုယ်ထည်ကြီးမားတဲ့အမျိုးအစားဖြစ်ပြီး ထိုင်ခုံသုံးတန်း၊ ခြောက်ယောက်စီးပုံစံနဲ့ လာမှာပါ။ နည်းပညာပိုင်းမှာတော့ အင်ဂျင်နဲ့ ဘီးကြား Steer-by-wire စနစ်နဲ့ နောက်ဘီးပါလှည့်လို့ရတဲ့စနစ်တွေပါဝင်တာကြောင့် ကားကြီးပေမယ့် ကွေ့ရဝိုက်ရတာ အရမ်းပေါ့ပါးမယ်လို့ဆိုပါတယ်။

စွမ်းဆောင်ရည်ပိုင်းမှာတော့ လျှပ်စစ်သီးသန့် (BEV) နဲ့ အင်ဂျင်ကို Generator အဖြစ်သုံးတဲ့ (EREV) ဆိုပြီး နှစ်မျိုးရနိုင်ပါတယ်။ EREV ဗားရှင်းမှာဆိုရင် လျှပ်စစ်သီးသန့်နဲ့တင် ၃၂၀ ကီလိုမီတာအထိ မောင်းနိုင်ပြီး စုစုပေါင်းကီလိုမီတာ ၁၀၀၀ ကျော်အထိသွားနိုင်မှာပါ။ ဒါ့အပြင် လူမပါဘဲ အလိုအလျောက်မောင်းနှင်နိုင်တဲ့ Level 4 (L4) အဆင့်အထိ နည်းပညာတွေထည့်သွင်းထားပါတယ်။ **Ref: AE**

**ကိုထက်**

# မြင်းကောင်ရေ ၉၉၀ အားရှိတဲ့ Xiaomi ရဲ့ စွမ်းဆောင်ရည်မြင့် လျှပ်စစ် SUV YU7 GT



နည်းပညာလောကထိပ်တန်းကုမ္ပဏီ Xiaomi ဟာ သူတို့ရဲ့လူကြိုက်များတဲ့ SUV YU7 ကို အဆင့်မြှင့်တင်ထားတဲ့ Performance ဗားရှင်း YU7 GT ကို မိတ်ဆက်ဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ တရုတ်နိုင်ငံ စက်မှုနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ ဒီကားဟာ မြင်းကောင်ရေ ၉၉၀ အထိ ထွက်ရှိမှာဖြစ်ပြီး လက်ရှိရောင်းချနေတဲ့ YU7 Max ထက် စွမ်းဆောင်ရည် သိသိသာသာပိုမိုမြင့်မားလာတာကို တွေ့ရပါတယ်။

ဒီကားမှာ မော်တာနှစ်လုံးတပ် လေးဘီးယက်စနစ်ကို အသုံးပြုထားတာဖြစ်ပြီး ရှေ့မော်တာက 288 kW နဲ့ နောက်မော်တာက 450 kW အထိ စွမ်းအားပေးနိုင်မှာပါ။ အရှိန်နှုန်းအနေနဲ့ တစ်နာရီ ကီလိုမီတာ ၁၀၀ နှုန်းကို ၂ စက္ကန့်ဝန်းကျင်နဲ့ အရောက်သွားနိုင်ဖို့ မျှော်မှန်းထားပြီး အမြင့်ဆုံးအမြန်နှုန်းကတော့ တစ်နာရီ ကီလိုမီတာ ၃၀၀ အထိရှိမှာဖြစ်ပါတယ်။ ကိုယ်ထည်ပိုင်းမှာလည်း သာမန် YU7 ထက် ပိုမိုကျယ်ပြန့်ပြီး ကြမ်းတမ်းခိုင်ခံ့တဲ့ Wide-body ဒီဇိုင်းကို ပြောင်းလဲထားပါတယ်။ ဈေးနှုန်းက ယွမ် ၄၅၀၀၀၀ မှ ၅၀၀၀၀၀ ကြားရှိနိုင်တယ်လို့ ခန့်မှန်းရပါတယ်။ **Ref: AE ၊ ကိုထက်**

# နေရောင်ခြည်သုံး ဇီဝမီးသွေးအသစ်က သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ပိုမိုမြန်ဆန်စွာသန့်စင်ပေးနိုင်



နေရောင်ခြည်ကိုအသုံးပြုပြီး ညစ်ညမ်းစေတဲ့အရာတွေကို အလျင်အမြန် ခေတ်ပြိုကွဲစေနိုင်တဲ့ နေရောင်ခြည်တုံ့ပြန်မှုအားကောင်းသော ဇီဝမီးသွေးအသစ်တစ်မျိုးကို သိပ္ပံပညာရှင်တွေက ထုတ်ဖော်ပြသလိုက်ပါတယ်။ ဒီနည်းပညာအသစ်ဟာ သဘာဝပတ်ဝန်းကျင် ပြန်လည်သန့်စင်ရေးလုပ်ငန်းစဉ်တွေကို အရင်ကထက် အဆပေါင်းများစွာ ပိုမိုမြန်ဆန်လာစေမှာ ဖြစ်ပါတယ်။

အခုတီထွင်လိုက်တဲ့ ဇီဝမီးသွေးကို ထင်းရှူးလွှစာတွေကနေတစ်ဆင့် လူလုပ်ဒြပ်ပေါင်းတွေနဲ့ပေါင်းစပ်ဖန်တီးထားတာပါ။ သုတေသနပြုချက်တွေအရ ဒီဇီဝမီးသွေးဟာ နေရောင်ခြည်နဲ့ထိတွေ့တဲ့အခါ ဓာတုဓာတ်ပြုမှုတွေကို ၁၉ ဆကျော်အထိ ပိုမိုမြန်ဆန်စေတာတွေ့ရပါတယ်။ ဒါက ရေနဲ့ မြေဆီလွှာအတွင်းရှိ အဆိပ်သင့်သတ္တုတွေနဲ့ အော်ဂဲနစ်ညစ်ညမ်းပစ္စည်းတွေကို နေရောင်ခြည်စွမ်းအင်သုံးရုံနဲ့တင် ထိရောက်စွာဖယ်ရှားပေးနိုင်မှာ ဖြစ်ပါတယ်။

အရင်က ဇီဝမီးသွေးကို ညစ်ညမ်းပစ္စည်းတွေစုပ်ယူတဲ့ ရေမြှုပ်တစ်ခုလိုပဲ အသုံးပြုခဲ့ကြပေမယ့် အခုတော့နေရောင်ခြည်နဲ့အတူ တက်ကြွစွာ ဓာတ်ပြုပြီး ညစ်ညမ်းပစ္စည်းတွေကို တိုက်ရိုက်ဖျက်ဆီးနိုင်တဲ့ အစွမ်းထက်ပစ္စည်းတစ်ခုအဖြစ် ပြောင်းလဲနိုင်ခဲ့တာဖြစ်တယ်လို့ သုတေသနပညာရှင်များကဆိုပါတယ်။ **Ref: IE**

**ကိုထက်**

# ဂျပန်နိုင်ငံ၌ ရွေးကောက်ပွဲမဲပေးမှု စတင်ကျင်းပ အာဏာရညွန့်ပေါင်းအဖွဲ့ အနိုင်ရရှိ

**တိုကျို၊ နိုင်ငံရေး**

ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်မည့် အထွေထွေရွေးကောက်ပွဲအတွက် မဲပေးခြင်းလုပ်ငန်းစဉ်ကို ဖေဖော်ဝါရီလ ၈ ရက်နံနက်ပိုင်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်ကျင်းပကြောင်းနှင့်ရွေးကောက်ပွဲတွင် လက်ရှိအာဏာရညွန့်ပေါင်းအဖွဲ့က အနိုင်ရရှိကြောင်းသိရသည်။

ယခုရွေးကောက်ပွဲသည် ဂျပန်နိုင်ငံ၏ လက်ရှိအစိုးရအဖွဲ့အပေါ် ပြည်သူများ၏ ယုံကြည်မှုကို စမ်းသပ်သည့် အရေးပါသော ရွေးကောက်ပွဲတစ်ခုဖြစ်ပြီး အောက်လွှတ်တော်အမတ်နေရာ ၄၆၅ နေရာအတွက် အဓိကနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များယှဉ်ပြိုင်ခြင်းဖြစ်သည်။

ရွေးကောက်ပွဲရလဒ်များအရ အာဏာရညွန့်ပေါင်းအဖွဲ့သည် အောက်လွှတ်တော်အမတ်နေရာ ၃၁၀ ကျော်အထိ အနိုင်ရရှိရန် သေချာနေပြီး လွှတ်တော်၌ဆုံးဖြတ်ချက်များကို လွယ်ကူစွာ အတည်ပြုနိုင်မည့် အင်အားကြီးအဖွဲ့အဖြစ် ရပ်တည်နိုင်တော့မည် ဖြစ်ကြောင်းသိရသည်။ **Ref: Xinhua, ST**

# အိန္ဒိယနှင့်မလေးရှားနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရန် သဘောတူ



**ကွာလာလမ်ပူ၊ ဆက်ဆံရေး**

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးအဖြစ် သွားရောက်ပြီး ဖေဖော်ဝါရီလ ၈ ရက်တွင် မလေးရှားဝန်ကြီးချုပ် အန်ဝါအီဗရာဟင်နှင့် တွေ့ဆုံကာ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် လုံခြုံရေးနယ်ပယ်တို့၌ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားရန် အတည်ပြုသည်။ ယခုတွေ့ဆုံမှုသည် နှစ်နိုင်ငံအကြားတည်ရှိပြီးသားဖြစ်သည့် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် ခေါင်းဆောင်နှစ်ဦးသည် ကုန်သွယ်ရေးနှင့် နည်းပညာကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ ၁၁ ခုကိုလက်မှတ်ရေးထိုးသည်။ အထူးသဖြင့် နှစ်နိုင်ငံကုန်သွယ်မှု၌ ဒေသတွင်းသုံးငွေကြေးများဖြစ်သည့် ရူပီးနှင့် ရင်းဂစ်တို့ကိုအသုံးပြုရန် သဘောတူညီချက်ရရှိခြင်းမှာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ရန် အရေးပါသော ခြေလှမ်းတစ်ခုဖြစ်သည်။ ထို့ပြင် တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးနှင့် ဒစ်ဂျစ်တယ်နည်းပညာကဏ္ဍများတွင်လည်း အပြန်အလှန်အကူအညီပေးသွားရန် ကတိပြုသည်။

ကုန်သွယ်ရေးနှင့်အတူ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ရေကြောင်းလုံခြုံရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ထောက်လှမ်းရေးသတင်းဖလှယ်ရေး လုပ်ငန်းစဉ်များကိုပိုမိုမြှင့်တင်ရန် အိန္ဒိယဝန်ကြီးချုပ်နှင့် မလေးရှားဝန်ကြီးချုပ်တို့က သဘောတူကြောင်း ဒေသတွင်းသတင်းဌာနများက ဖော်ပြထားသည်ဟုသိရသည်။

**Ref: RT**

# ထိုင်းနိုင်ငံ အောက်လွှတ်တော် ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်၏ပါတီက ဦးဆောင်နေ

**ဘန်ကောက်၊ နိုင်ငံရေး**

ထိုင်းနိုင်ငံ၏ အနာဂတ်နိုင်ငံရေးဦးတည်ချက်ကိုဆုံးဖြတ်ပေးမည့်အောက်လွှတ်တော် ရွေးကောက်ပွဲကို ဖေဖော်ဝါရီလ ၈ ရက်တွင် စတင်ကျင်းပလျက်ရှိရာ အစောပိုင်းမဲရေတွက်မှုရလဒ်များအရ ဝန်ကြီးချုပ်၏ပါတီက ဦးဆောင်နေကြောင်းသိရသည်။

သို့သော်ဝန်ကြီးချုပ်၏ပါတီသည် ကျေးလက်ဒေသများနှင့် မြို့ပြအချို့တွင် မဲဆန္ဒရှင်များ၏ ခိုင်မာသောထောက်ခံမှုကိုရရှိထားသည့်တိုင် အတိုက်အခံပါတီများအနေဖြင့်လည်း မြို့ကြီးအချို့တွင် မဲရလဒ်အသာဖြင့်လိုက်ပါနေသည်။ ယခုရွေးကောက်ပွဲသည် ထိုင်းနိုင်ငံ၏ ဒီမိုကရေစီဖြစ်စဉ်အတွက် အရေးပါသောခြေလှမ်းတစ်ခုဖြစ်ပြီး အောက်လွှတ်တော် အမတ်နေရာ ၅၀၀ အတွက် နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းများယှဉ်ပြိုင်ကြခြင်းဖြစ်သည်။ ရွေးကောက်ပွဲတာဝန်ရှိသူများက မဲပေးခြင်းလုပ်ငန်းစဉ်များချောမွေ့စေရန် စီစဉ်ထားကြောင်းသိရသည်။

**Ref: Xinhua, ST**

# အကျပ်အတည်းများက ဂျာမနီစီးပွားရေးကို ဒေါ်လာ ၁ ထရီလီယံကျော် ဆုံးရှုံးစေ

**ဘာလင်၊ ပြည်တွင်းရေး**

လွန်ခဲ့သည့် ငါးနှစ်အတွင်း ဖြစ်ပွားသောတစ်ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းအမျိုးမျိုးက ဂျာမနီနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကိုအမေရိကန်ဒေါ်လာ ၁ ထရီလီယံကျော် ဆုံးရှုံးစေကြောင်း ဖေဖော်ဝါရီလ ၈ ရက်တွင် ထွက်ပေါ်လာသည့် သုတေသနအစီရင်ခံစာများအရ သိရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု၊ စွမ်းအင်ဈေးနှုန်းမြင့်တက်မှုနှင့် ပထဝီနိုင်ငံရေးတင်းမာမှုများသည် ဥရောပ၏စီးပွားရေးနိုင်ငံကြီးဖြစ်သော ဂျာမနီနိုင်ငံအတွက် ထိုးနှက်ချက်ကြီးများဖြစ်ကြောင်း သုတေသနတွင်ဖော်ပြထားသည်။

၂၀၂၀ ပြည့်နှစ်မှစတင်၍ ဖြစ်ပွားခဲ့သော ကပ်ရောဂါကြောင့် ထုတ်လုပ်မှုကွင်းဆက်များပြတ်တောက်ခြင်းနှင့် နောက်ဆက်တွဲရုရှား-ယူကရိန်း ပဋိပက္ခကြောင့် ဖြစ်ပေါ်လာသည့် လောင်စာဆီဈေးနှုန်း အဆမတန်မြင့်တက်မှုတို့သည် စီးပွားရေးကျဆင်းမှုကို အရှိန်အဟုန် မြှင့်တင်ပေးခဲ့ခြင်းကြောင့် GDP တိုးတက်မှုနှုန်း သိသာစွာထိခိုက်ရကြောင်းသိရသည်။ **Ref: Sputnik**

# ဂရင်းလန်းကျွန်းအပေါ် ထရမ့်၏ ခြိမ်းခြောက်မှုများက ဖာရိုးကျွန်းစုများအထိ ကူးစက်လာ





**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဒိန်းမတ်ပိုင်နက်ဖြစ်သော ဂရင်းလန်းကျွန်းကိုသိမ်းယူရန် ကြိုးပမ်းမှုနှင့်အတူ အခြားသော ဒိန်းမတ်ပိုင်နက်တစ်ခုဖြစ်သည့် ဖာရိုးကျွန်းစုများအထိပါ ၎င်း၏ခြိမ်းခြောက်မှုများပျံ့နှံ့လာကြောင်း သိရသည်။

သမ္မတဒေါ်နယ်ထရမ့်သည် ဂရင်းလန်းကျွန်းကို ဝယ်ယူရန် သို့မဟုတ် စစ်ရေးနည်းဖြင့် သိမ်းယူရန်ခြိမ်းခြောက်မှုများပြုလုပ်ပြီးနောက် ယခုအခါ အာတိတ်ဒေသလုံခြုံရေးအတွက်ဖာရိုးကျွန်းစုများ၏အခန်းကဏ္ဍကို ပါထည့်သွင်းပြောလာခြင်းဖြစ်သည်ကိုတွေ့ရသည်။

အမေရိကန်အစိုးရသည်ဂရင်းလန်းကျွန်းကို အမျိုးသားလုံခြုံရေးအတွက် မရှိမဖြစ်လိုအပ်သည်ဟုရှုမြင်ထားကာ ဒိန်းမတ်အစိုးရက ရောင်းချရန်ငြင်းဆိုခဲ့ပြီးနောက် ဥရောပနိုင်ငံများအပေါ် အခွန်တိုးမြှင့်ကောက်ခံမည်ဟု ခြိမ်းခြောက်ထားသည်။ ဖာရိုးကျွန်းစုများသည် ဂရင်းလန်းကျွန်းကဲ့သို့ပင် ဒိန်းမတ်၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေတစ်ခုဖြစ်ပြီး ယခုဖြစ်ရပ်ကြောင့် ဒိန်းမတ်နှင့် အမေရိကန်အကြား သံတမန်ရေးရာတင်းမာမှုများ ပိုမိုမြင့်တက်လာစေသည်။

ဒိန်းမတ်ဝန်ကြီးချုပ် မက်တီဖရက်ဒရစ်ဆင်က ဂရင်းလန်းကျွန်းသည် ရောင်းရန်မဟုတ်ကြောင်းနှင့် ထရမ့်၏ပြောဆိုချက်များသည် လက်ခံနိုင်ဖွယ်မရှိကြောင်း တုံ့ပြန်ပြောဆိုထားသည်ဟုသိရသည်။

**Ref: ST**

# တရုတ်နိုင်ငံမြောက်ပိုင်းတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွား လူရှစ်ဦး သေဆုံး


**ပေကျင်း၊ မတော်တဆမှု**

တရုတ်နိုင်ငံမြောက်ပိုင်းတွင် ပြင်းထန်သော ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခြင်းကြောင့် အနည်းဆုံးလူရှစ်ဦး သေဆုံးကြောင်း နိုင်ငံပိုင်သတင်းဌာနများက ဖေဖော်ဝါရီလ ၈ ရက်တွင် ထုတ်ပြန်ကြေညာသည်။ အဆိုပါပေါက်ကွဲမှုသည် ရှန်းရှီးပြည်နယ်ရှိ ရှို့ယန်မြို့၌ဖြစ်ပွားခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် အနီးအနားရှိအဆောက်အအုံများပါ ပျက်စီးဆုံးရှုံးမှုများရှိကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ ကယ်ဆယ်ရေးအဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချက်ချင်းသွားရောက်ပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်၍ ကုသပေးလျက်ရှိသည်။ ပေါက်ကွဲမှုဖြစ်ရသည့် အကြောင်းရင်းကို တိတိကျကျမသိရသေးသော်လည်း တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်းနှင့် ထိုနယ်မြေကို လုံခြုံရေးအရခေတ္တပိတ်ထားကြောင်း သတင်းများကဖော်ပြထားသည်။

ဒေသန္တရအစိုးရအနေဖြင့် သေဆုံးသူများ၏ မိသားစုဝင်များကို ကူညီပံ့ပိုးမှုများပြုလုပ်ပေးနေပြီး ပျက်စီးသွားသော အခြေခံအဆောက်အအုံများကို ပြန်လည်ပြုပြင်ရန်စီစဉ်လျက်ရှိသည်။ ယခုဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ်စစ်ဆေးမှုများ ပြီးစီးပါက ထပ်မံထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းဌာနများက ဖော်ပြထားသည်ဟု သိရသည်။

**Ref: ST**



# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ပထဝီဝင်ဘာသာရပ် သိကောင်းစရာများ

ဒေါက်တာဇင်နွယ်မြင့် ပါမောက္ခ(ဌာနမှူး)၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်

**အခြေခံပညာအထက်တန်း ဒွါဒသမတန်း ကျောင်းသား ကျောင်းသူများအနေဖြင့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မကြာမီဖြေဆိုကြရမှာဖြစ်သည်။ ဒါကြောင့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ပထဝီဝင်ဘာသာရပ်နဲ့ပတ်သက်ပြီး လွယ်ကူချောမွေ့စွာ ဖြေဆိုနိုင်ရန်ရည်ရွယ်ပြီး စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ သင်ကြားပို့ချမှာဖြစ်သည်။**

ရှေးဦးစွာ ဒွါဒသမတန်း ပထဝီဝင်ဘာသာရပ်အတွက် ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင်ပါရှိသည့် သင်ခန်းစာများကို အကျဉ်းမျှ ရှင်းလင်းဖော်ပြလိုပါသည်။ ထိုကျောင်းသုံးစာအုပ်တွင် သင်ခန်းစာ အခန်းကြီး (၅)ခန်း ပါဝင်ပါသည်။

အခန်း (၁)သည် ကမ္ဘာ့တိုက်ကြီးများ၏ သဘာဝပထဝီဝင်ဖြစ်ပြီး အာဖရိကတိုက်၊ မြောက်အမေရိကတိုက်၊ တောင်အမေရိကတိုက်၊ ဥရောပတိုက်နှင့် ဩစတြေးလျတိုက်များအကြောင်းပါဝင်သည်။ ဒီအခန်းမှာ ကမ္ဘာ့တိုက်ကြီးတစ်ခုချင်းစီ၏ တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်းတို့ကို အခြေခံပြီး ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာတို့ ကွဲပြားသွားပုံများကို လေ့လာကြရမှာဖြစ်သည်။

အခန်း (၂) ကမ္ဘာပေါ်ရှိ စီးပွားကုန်ထုတ်လုပ်ငန်းများအကြောင်းဖြစ်ပြီး စီးပွားရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုလုပ်ငန်းအမျိုးအစားများနှင့် ၎င်းလုပ်ငန်းတို့ပျံ့နှံ့တည်ရှိရာဒေသများ၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကုန်သွယ်ရေးတို့ပါဝင်ပါသည်။ ဒီသင်ခန်းစာမှာ အခြေခံကျသော စီးပွားကုန်ထုတ်လုပ်ငန်းများကို လေ့လာပြီးနောက် သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးအရေးပါပုံ၊ ကုန်သွယ်ရေးအရေးပါပုံများကို လေ့လာသင်ကြားရမှာဖြစ်သည်။

အခန်း (၃)သည် ပတ်ဝန်းကျင်ဆိုင်ရာပထဝီဝင်ဖြစ်ပြီး ကမ္ဘာ့လေထု၊ လေထုညစ်ညမ်းမှု၊ ၎င်း၏ အကျိုးသက်ရောက်မှုများ၊ လေထုညစ်ညမ်းမှုကို ကာကွယ်ထိန်းချုပ်သောနည်းလမ်းများ၊ ဥပမာအဖြစ် နိုင်ငံအချို့၏ လေထုညစ်ညမ်းမှုအခြေအနေများကို ရှင်းပြထားသည်။ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်၍ ကမ္ဘာ့လေထုညစ်ညမ်းစေသည့်အကြောင်းရင်းများ၊ လေထုညစ်ညမ်းမှုကြောင့် သက်ရှိနှင့် ဂေဟစနစ်အပေါ် ထိခိုက်မှုများ၊ ကာကွယ်ထိန်းချုပ်နိုင်မည့် နည်းလမ်းများကို လေ့လာကြရမှာဖြစ်သည်။

အခန်း (၄) ဒေသန္တရပထဝီဝင်မှာ အမေရိကတိုက်များမှ ရွေးချယ်ထားသော နိုင်ငံ(၅)နိုင်ငံ ဖြစ်သည့် ကနေဒါနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကိုနိုင်ငံ၊ ဘရာဇီးနိုင်ငံနဲ့ အာဂျင်တီးနားနိုင်ငံများအကြောင်း ပါဝင်ပါတယ်။ ဒီသင်ခန်းစာမှာတော့ နိုင်ငံတစ်နိုင်ငံချင်းစီ၏ မတူကွဲပြားစွာ ဖွံ့ဖြိုးတိုးတက်လာပုံများကို လေ့လာသင်ကြားကြရမှာဖြစ်သည်။

အခန်း (၅) သည် လက်တွေ့ပထဝီဝင်ဖြစ်ပြီး အဝေးမှစူးစမ်းလေ့လာမှုနည်းပညာ (Remote Sensing) နှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များ (Geographic Information Systems) အကြောင်းဖြစ်သည်။ အဝေးမှစူးစမ်းလေ့လာမှုနည်းပညာ၏ အခြေခံနိယာမများကို သိရှိစေပြီး ဂြိုဟ်တုပုံရိပ်များအကြောင်းနားလည်စေရန်နှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များတွင် ပေါင်းစပ်ပါဝင်သောအခြင်းအရာများ၊ အသုံးပြုသော အချက်အလက်အမျိုးအစားများ၊ မြေပုံနှင့်သက်ဆိုင်သောအကြောင်းအရာများကို နားလည်သဘောပေါက်စေရန်ဖြစ်သည်။ လက်တွေ့ပထဝီဝင်အပိုင်းမှာ အခြေခံသဘောတရားများကို သိနားလည်ရန်အပြင် တွက်ချက်မှုများကိုလည်း ကျွမ်းကျင်ရန်လိုသည်။ အဆင့်မြင့်သတင်းအချက်အလက်နည်းပညာတစ်ခုကို တက္ကသိုလ်အဆင့်တွင် ဆက်လက်လေ့လာနိုင်စေရန် အခြေခံများကို ထည့်သွင်းသင်ကြားထားခြင်းဖြစ်ပါသည်။

ဆက်လက်ပြီး ၂၀၂၆ ခုနှစ်တွင်ကျင့်သုံးမည့် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ် မေးခွန်းပုံစံကို ရှင်းပြပါမည်။ မေးခွန်းတွင် အပိုင်း(က)မှ အပိုင်း(စ)အထိ အပိုင်း(၆)ပိုင်း ပါဝင်ကာ အပိုင်းအားလုံးကို ဖြေဆိုရမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုချိန် ၃ နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ် ၁၀၀ ဖြစ်သည်။

ပထဝီဝင်ဘာသာရပ်မေးခွန်းတွင် အပိုင်း(က)သည် ဗဟုဝိဓ္ဓာန်မေးခွန်းများဖြစ်သည်။ ကျောင်းသား ကျောင်းသူများသည် သင်ခန်းစာများအားလုံးကို ခြုံငုံသိနားလည်စေရန်နှင့် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်စဉ်းစားဖြေဆိုသည့် အလေ့အကျင့်ကောင်းများရရန်အတွက် ဗဟုဝိဓ္ဓာန်မေးခွန်းများကို ထည့်သွင်းထားခြင်းဖြစ်ပါသည်။ မေးခွန်းအားဖြင့် နံပါတ် ၁ ဖြစ်ကာ ၁(က)၊ ၁ (ခ)နှင့် ၁ (ဂ)ဟူ၍ (၃)ပိုင်းပါရှိမည်။ မေးခွန်း ၁ (က)သည် မှား မှန်ရွေး၊ မေးခွန်း ၁(ခ)သည် ကွက်လပ်ဖြည့်ရန်နှင့် မေးခွန်း ၁(ဂ)သည် ပေးထားသောအဖြေများထဲမှ အဖြေမှန်တစ်ခုကို ရွေးရန်ဖြစ်သည်။ မေးခွန်း ၁ (က)အတွက် ၁၀ မှတ်၊ ၁ (ခ)အတွက် ၁၀ မှတ်နှင့် ၁ (ဂ)အတွက် ၁၀ မှတ်ဖြစ်ပြီး အပိုင်း (က) တစ်ခုလုံးအတွက် စုစုပေါင်း (၃၀)မှတ် ပေးထားခြင်းဖြစ်သည်။ ထိုဗဟုဝိဓ္ဓာန်မေးခွန်းများကို ဒွါဒသမတန်းသင်ရိုး ပထဝီဝင်ဘာသာရပ်ကျောင်းသုံးစာအုပ်ရှိအခန်း(၁)မှ (၅)အထိ အပိုင်းအားလုံးပါဝင်ပြီး အပိုင်းတစ်ပိုင်းစီမှ အညီအမျှထုတ်နုတ်ပြီး မေးမည်ဖြစ်သည်။

အပိုင်း(ခ)တွင် ပြဋ္ဌာန်းထားသည့် သင်ရိုးဖတ်စာအုပ်မှ သင်ခန်းစာ အခန်း (၁) ကမ္ဘာ့တိုက်ကြီးများ၏ သဘာဝပထဝီဝင်အပိုင်းကို မေးမှာဖြစ်ပြီး မေးခွန်းအားဖြင့် မေးခွန်းနံပါတ် (၂) ဖြစ်သည်။ ထိုမေးခွန်းနံပါတ် (၂)တွင် မေးခွန်းရှည်(Essay Type)တစ်ပုဒ် သို့မဟုတ် ပေးထားသည့်အကြောင်းအရာ(၃)ခုမှ ကြိုက်နှစ်သက်ရာ နှစ်ခုကို မှတ်စုတိုအဖြစ် ရွေးချယ်၍ ဖြေဆိုနိုင်မည်။ မေးခွန်းရှည် တစ်ပုဒ်တည်းဖြေက ၁၄ မှတ်ရပြီး ကြိုက်နှစ်သက်ရာ နှစ်ပုဒ်ကို ရွေးချယ်၍ မှတ်စုတိုဖြေက တစ်ပုဒ်ကို ၇ မှတ်စီဖြင့် ၁၄ မှတ် ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ၁၄ မှတ်တန်ကို မေးခွန်းရှည်ဆိုပါက တစ်ပုဒ်တည်း ဖြေရန်ဖြစ်ပြီး ထိုမေးခွန်းရှည်ကိုမဖြေလိုက ပေးထားသည့်သုံးခုအနက် နှစ်ပုဒ်ကို မေးခွန်းတိုအဖြစ် ဖြေရန်ဖြစ်သည်။

ကျန်အပိုင်းများဖြစ်တဲ့ အပိုင်း(ဂ) ကမ္ဘာပေါ်ရှိ စီးပွားကုန်ထုတ်လုပ်ငန်းများ၊ အပိုင်း (ဃ) ပတ်ဝန်းကျင်ဆိုင်ရာပထဝီဝင်၊ အပိုင်း (င) ဒေသန္တရပထဝီဝင်နဲ့ အပိုင်း(စ) လက်တွေ့ပထဝီဝင်တို့ကိုလည်း မေးခွန်းရှည်၊ မေးခွန်းတိုဖွဲ့စည်းပုံကို အထက်မှာ ပြောခဲ့သည့်ပုံစံအတိုင်း မေးသွားမှာဖြစ်တယ်။

မေးခွန်းအပိုင်း(စ) သည် လက်တွေ့ပထဝီဝင်ဖြစ်ပြီး မေးခွန်းအားဖြင့် နံပါတ်(၆)ဖြစ်သည်။ မေးခွန်းဖွဲ့စည်းပုံမှာ ရှေ့ကအပိုင်းများကဲ့သို့ပင်ဖြစ်သည်။ မေးခွန်းရှည်တစ်ပုဒ် သို့မဟုတ် မေးခွန်းတိုနှစ်ပုဒ် ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ သို့သော် လက်တွေ့ပထဝီဝင်တွင် အဝေးမှစူးစမ်းလေ့လာမှုနည်းပညာနှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များဟူ၍ အဓိကအပိုင်းကြီး(၂)ပိုင်းရှိရာ ၎င်းတို့အနက်မှ တစ်ပိုင်းသည် မေးခွန်းရှည်ဖြစ်က ကျန်အပိုင်းသည် မေးခွန်းတိုသုံးပုဒ်အနက် နှစ်ပုဒ်ကို မှတ်စုတိုရွေးချယ်ဖြေရမည့် အပိုင်းဖြစ်မည်။

မေးခွန်းရှည်အပိုင်းတွင် Essay Type ရေးသားဖြေဆိုရသော မေးခွန်းဖြစ်နိုင်သကဲ့သို့ တွက်ချက်ဖြေဆိုရသည့် ပုစ္ဆာများလည်း မေးနိုင်သည်။ ဥပမာအားဖြင့် ကွန်ပျူတာတွင် အချက်အလက်များသိမ်းဆည်းရန်လိုအပ်သောပမာဏကို ရှာဖွေခြင်းကဲ့သို့သော တွက်ချက်မှုများကို မေးနိုင်ပါသည်။ ထို့အတူ ပထဝီဝင်သတင်းအချက်အလက်စနစ်များ သင်ခန်းစာအပိုင်းမှ အခြေခံသဘောတရားများ၊ သိသင့်သည့်အကြောင်းအရာများကို မေးခွန်းရှည်အဖြစ်မေးနိုင်ပါသည်။

လက်တွေ့ပထဝီဝင်၏ မေးခွန်းတိုအပိုင်းတွင်မူ ပထဝီဝင်သတင်းအချက်အလက်စနစ်များ သင်ခန်းစာမှ ပုံများပေးထားပြီး တည်နေရာဆိုင်ရာအချက်အလက်များကို မှတ်သားဖော်ပြခိုင်းသည့် ကိုဩဒိနိတ်မေးခွန်းမျိုးလည်း မေးနိုင်ပါသည်။ တွက်ချက်ရန် မေးခွန်းတိုပုစ္ဆာအဖြစ် ၇ မှတ်တန်လည်း မေးနိုင်ပါသည်။

ယခု နမူနာအားဖြင့် Remote Sensing အပိုင်းမှ တွက်ချက်ရန် ၁၄ မှတ်တန် ပုစ္ဆာတစ်ခုကို ရှင်းလင်းတွက်ပြပါမည်။ အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာတွင် လေ့လာမည့်ရည်ရွယ်ချက်များပေါ်မူတည်ပြီး ဂြိုဟ်တုနှင့် အာရုံခံကိရိယာစနစ်အမျိုးမျိုးရှိသည်။ Grade 12 ပထဝီဝင်ဘာသာရပ် ကျောင်းသုံးစာအုပ်၏ စာမျက်နှာ ၁၅၈ ရှိ ဇယားအမှတ် (၅.၃) တွင် ဂြိုဟ်တုများနှင့် ၎င်းတို့၏ လက္ခဏာရပ်များကို ဖော်ပြထားပါသည်။ ထိုဇယားတွင် ဖော်ပြထားသည့်အချက်များအနက် အိန္ဒိယနိုင်ငံမှလွှတ်တင်ထားသောဂြိုဟ်တု IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းရန်ပမာဏ မည်မျှလိုမည်နည်း ဆိုသည့် ပုစ္ဆာကို နမူနာအားဖြင့် ရှင်းလင်းတွက်ပြမှာဖြစ်ပါတယ်။ IRS LISS 4 နှင့် သက်ဆိုင်သောအချက်အလက်များကို မေးခွန်းတွင် ဖော်ပြပေးထားမှာဖြစ်တယ်။

ပထမဦးစွာ မေးခွန်းပုစ္ဆာတွင်ပေးထားသော အချက်အလက်များကို ချရေးရန်ဖြစ်သည်။ ပုစ္ဆာပါ IRS LISS 4 ၏ အချက်အလက်များကို အောက်ပါအတိုင်း ရေးသားနိုင်သည်။

**ပေးထားချက်**။ ။ ဂြိုဟ်တု = IRS

အာရုံခံကိရိယာ = LISS 4

ပုံရိပ်၏မြင်ကွင်းအကျယ် = ၂၄ ကီလိုမီတာ

မြေပြင်ပေါ်ရှိအရာဝတ္ထုများကိုအသေးစိတ်ခွဲခြားနိုင်မှု(တစ်နည်းအားဖြင့် မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား) = ၅.၈ မီတာ

ပါဝင်သည့် ရောင်စဉ်စုအရေအတွက် (Band) = ၃ ခု

အရာဝတ္ထုမှ ဖြာထွက်လာသော စွမ်းအင်ကို အသေးစိတ်ခွဲခြားမှတ်သားနိုင်မှု = ၇ ဘစ်

ထို့နောက် ပုစ္ဆာကမေးထားသော ရှာရန်အချက်ကို အောက်ပါအတိုင်း ရေးသားဖော်ပြပြီးလျှင် တွက်ချက်ခြင်းကို အဆင့်လိုက် တစ်ဆင့်ချင်းတွက်သွားရန်ဖြစ်သည်။

**ရှာရန်**။ ။ ကွန်ပျူတာတွင်အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏ = ?

တွက်ချက်ရာတွင် တွက်နည်းအဆင့်ဆင့်ကို သဘောပေါက်နားလည်ရန်လိုသည်။ ထိုသဘောတရားကို နားလည်ထားပါက မည်သည့်ဂြိုဟ်တုဓာတ်ပုံ၊ မည်သည့်အာရုံခံကိရိယာအကြောင်းကို အခြေခံ၍ မေးစေကာမူ အလွယ်တကူ တွက်ချက်ဖြေဆိုနိုင်မည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ သိရှိနားလည်ထားရမည်မှာ အာရုံခံကိရိယာမှ မှတ်တမ်းတင်သောပုံရိပ်များကို အတိုင်များ(Columns)၊ အတန်းများ(Rows)ဖြင့် ဖွဲ့စည်းထားသည့် သေးငယ်သောစတုရန်းဂရစ်ကွက်များအတွင်း မှတ်တမ်းတင်သိမ်းဆည်းသည်။ ၎င်းစတုရန်းဂရစ်ကွက် တစ်ကွက်ချင်းကို ပစ်ဇယ် (Pixel)ဟု ခေါ်သည်။ တစ်နည်းအားဖြင့် ပစ်ဇယ်ဆိုသည်မှာ ဂြိုဟ်တုတွင်တပ်ဆင်ထားသောအာရုံခံကိရိယာမှ မြေပြင်ပေါ်ရှိ အရာဝတ္ထုများကို မှတ်တမ်းတင်နိုင်သည့် အသေးငယ်ဆုံး မြေပြင်ဧရိယာဖြစ်သည်။ ပစ်ဇယ်အရွယ်အစား(Pixel size)သေးသေးဖြင့်မှတ်နိုင်လေ မြေပြင်ပေါ်ရှိအရာဝတ္ထုများ – ဥပမာ အဆောက်အအုံ၊ ကားလမ်း စသည်တို့ကို ပို၍အသေးစိတ်ထင်ရှားပြတ်သားစွာ တွေ့ရလေဖြစ်တယ်။ ဥပမာအားဖြင့် ပစ်ဇယ်အရွယ်အစား ၄ မီတာသည် ၃၀ မီတာထက်ပုံရိပ်ကို ပို၍ထင်ရှားပြတ်သားစွာ အသေးစိတ်မြင်ရမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် နောက်ထပ်သိထားရမည့်အချက်မှာ ဂြိုဟ်တုဓာတ်ပုံဆိုသည်မှာ ဂြိုဟ်တုတွင်တပ်ဆင်ထားသော အာရုံခံကိရိယာမှ ကမ္ဘာ့မျက်နှာပြင်ရှိအခြင်းအရာများကို မှတ်တမ်းတင်ကူးယူခြင်းဖြစ်သည်။ ယခုပုစ္ဆာတွင် ပေးထားသော IRS LISS 4 မှ ရိုက်ယူသောပုံရိပ်၏ မြင်ကွင်းအကျယ်သည် ၂၄ ကီလိုမီတာ ဖြစ်သည်။ ၎င်းမှာမြေပြင်ပေါ်တွင် အလျား ၂၄ ကီလိုမီတာနှင့် အနံ ၂၄ ကီလိုမီတာရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် မြေပြင်အလျား ၂၄ ကီလိုမီတာပေါ်မှာ ပစ်ဇယ်အရွယ်အစား ၅.၈ မီတာရှိသော အကွက်များဖြင့် တစ်လိုင်းချင်းမှတ်တမ်းတင်သွားမှာဖြစ်၍ ပုံရိပ်တွင်ရှိသော အတန်းလိုက် (အလျားလိုက်) မျဉ်းအရေအတွက်ကို ရှာရန်လိုအပ်သည်။ ထိုမျဉ်းအရေအတွက်ကိုရရန် အလျား ၂၄ ကီလိုမီတာကို မြေပြင်ပေါ်ရှိ အရာဝတ္ထုများကို အသေးစိတ်ခွဲခြားနိုင်သည့်အရွယ်အစား(Pixel size) ၅.၈ မီတာနှင့် စားရမှာဖြစ်သည်။ အရင်ဆုံး ၂၄ ကီလိုမီတာကို ယူနစ်တူအောင် မီတာသို့ ပြောင်းဖို့လိုသည်။ ၂၄ ကီလိုမီတာကို ၁၀၀၀ မီတာနှင့် မြှောက်ရမည် (၂၄ ကီလိုမီတာ x ၁၀၀၀ မီတာ)။ မြှောက်၍ရသောကိန်းကို မြေပြင်ပေါ်ရှိအရာဝတ္ထုများကို အသေးစိတ်ခွဲခြားနိုင်သည့် အရွယ်အစား(Pixel size) ၅.၈ မီတာဖြင့် စားပါက ပုံရိပ်တွင်ရှိသော အလျားလိုက်တန်းအရေအတွက် ၄၁၃၈ ကိုရမှာဖြစ်သည်။

ထို့နောက် ပုံရိပ်တွင်ရှိသော အလျားလိုက်တန်းတစ်တန်းတွင်ပါဝင်မည့် ပစ်ဇယ်အရေအတွက်ကို ရှာရန်လိုသေးသည်။ ၎င်းအရေအတွက်ကိုရှာရန် ပုံရိပ်၏မြင်ကွင်းအကျယ် (တစ်နည်းအားဖြင့် အာရုံခံကိရိယာမှ မြင်တွေ့ရသော မြေပြင်၏ အနံ သို့မဟုတ် ဒေါင်လိုက်အကျယ်) ၂၄ ကီလိုမီတာကို မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား ၅.၈ မီတာဖြင့် စားရန်လိုသည်။ ဤသို့တွက်ချက်ရာတွင်လည်း ယူနစ်တူအောင်

**စာမျက်နှာ ၂၅ သို့ ▼**

▼ **စာမျက်နှာ ၂၄ မှအဆက်**

ပြောင်းပေးရန်လိုသဖြင့် ၂၄ ကီလိုမီတာကို ၁၀၀၀ ဖြင့် မြှောက်ကာ မီတာအဖြစ်ပြောင်းပြီး ၅.၈ မီတာဖြင့် စားရန် ဖြစ်သည်။ ရရှိသောအဖြေ ၄၁၃၈ သည် ပုံရိပ်တွင်ရှိသော ဒေါင်လိုက်တိုင်အရေအတွက်ပင်ဖြစ်သည်။

ဤနေရာတွင် ဖြည့်စွက်ရှင်းလင်းလိုသည်မှာ ယခုပုစ္ဆာတွင်ပေးထားသော ဂြိုဟ်တုပုံရိပ်များရှိ ပစ်ဇယ်များသည် အတိုင်အတန်းပါသော စတုရန်းဂရစ်ကွက်များဖြင့် ဖွဲ့စည်းထားသောကြောင့် အလျားလိုက်(အတန်း)ရှိသောပစ်ဇယ်တန်ဖိုးများနှင့် ဒေါင်လိုက်(အတိုင်)ရှိသော ပစ်ဇယ်တန်ဖိုးများသည် အတူတူပင်ဖြစ်သည်။ သို့သော် အချို့ဂြိုဟ်တုပုံရိပ်များသည် အလျား(တန်း) နှင့် အနံ(တိုင်) မတူသည်များလည်း ရှိသည်ကို သိထားရန်လိုသည်။ ထိုသို့ အလျားနှင့် အနံ မတူညီပါက အလျားအတွက်တစ်ခါ၊ အနံအတွက်တစ်ခါ တွက်ပေးရန်လိုသည်။

ဆက်လက်၍ ပုံရိပ်မြင်ကွင်းတစ်ခုလုံး၏ ပစ်ဇယ်စုစုပေါင်းကိုရရန် ပုံရိပ်ရှိ အလျားလိုက်တန်းအရေအတွက်နှင့် ပုံရိပ်တွင်ရှိသော ဒေါင်လိုက်တိုင်အရေအတွက်ကို မြှောက်ရန်ဖြစ်သည်။ ပုစ္ဆာတွင်ပေးထားသည့် IRS LISS 4 ၌ ရောင်စဉ်စုအရေအတွက်သည် သုံးခုဖြင့် ရိုက်ကူးထားသောကြောင့် ၃ နဲ့ ထပ်မြှောက်ပေးရန်လိုသည်။ ၄၁၃၈ X ၄၁၃၈ X ၃ =၅၁၃၆၉၁၃၂ ပစ်ဇယ်ရမည်။ ၁ မီဂါပစ်ဇယ်တွင် ပစ်ဇယ်ပေါင်းတစ်သန်းရှိ၍ မြှောက်၍ရသောအဖြေကို တစ်သန်းဖြင့် စားက ၅၁.၃၇ မီဂါပစ်ဇယ်ကိုရမည်။ ထိုအဖြေသည် ပုံရိပ်တွင်ပါဝင်သော စုစုပေါင်း ပစ်ဇယ်အရေအတွက်အဖြစ်သာ ရှိသေးသည်။

ပေးထားသောမေးခွန်းသည် IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းနိုင်မည့် ပမာဏဟုမေးထားခြင်းဖြစ်သည့်အတွက် ရရှိလာတဲ့ ပစ်ဇယ်စုစုပေါင်းကို ကွန်ပျူတာတွင် အချက်အလက် သိမ်းဆည်းရန် လိုအပ်သောပမာဏအဖြစ် ပြောင်းလဲနိုင်ရေးအတွက် ဆက်လက်တွက်ချက်ပေးရန် လိုသည်။

ဤနေရာတွင် ကျောင်းသားများ သိရှိနားလည်ထားရမည်မှာ အရာဝတ္ထုမှ ဖြာထွက်သော လျှပ်စစ်သံလိုက်စွမ်းအင်များ၏ အသေးစိတ်ခွဲခြားမှတ်သားနိုင်မှု အတိုင်းအတာများကို ပစ်ဇယ်များအတွင်း မှတ်တမ်းတင်ရာတွင် "ဘစ်" အရေအတွက်ဖြင့်ဖော်ပြလေ့ရှိသည်။ ကွန်ပျူတာတွင်သိမ်းနိုင်သည့် ပမာဏ(Memory Storage)ကို "ဘစ်"၊ "ဘိုက်"၊ "မီဂါဘိုက်" စသည်တို့ဖြင့် ပြလေ့ရှိသည်။ ဒါကြောင့် ပစ်ဇယ်တန်ဖိုး **ဘစ်မှ ဘိုက်**သို့ ယူနစ်ပြောင်းရန် လိုလာသည်။ ၈ ဘစ်လျှင် ၁ ဘိုက်ရှိသဖြင့် ပုစ္ဆာတွင်ပေးထားသော IRS LISS 4 ၏ အရာဝတ္ထုမှဖြာထွက်လာသောစွမ်းအင်ကို အသေးစိတ်ခွဲခြားမှတ်သားနိုင်မှု ၇ ဘစ် အား ၈ ဘစ်ဖြင့် စားပါက ကွန်ပျူတာတွင် ပစ်ဇယ် ၁ ခုကို သိမ်းနိုင်သော ပမာဏ ၀.၈၈ ဘိုက်ကိုရမည်။

ဤနေရာတွင် ပိုမိုနားလည်အောင် ဖြည့်စွက်ရှင်းပြချင်သည်မှာ ဂြိုဟ်တုနှင့် တပ်ဆင်ထားသော အာရုံခံကိရိယာများပေါ်မူတည်၍ ပစ်ဇယ်တန်ဖိုးများ ကွဲပြားသည်။ ထိုသို့ ပစ်ဇယ်တန်ဖိုးကွဲပြားလျှင် ကွန်ပျူတာတွင် မှတ်တမ်းတင်သိမ်းဆည်းနိုင်သော Memory ပမာဏလည်း ကွဲပြားသွားမှာဖြစ်သည်။

တွက်ချက်၍ရရှိထားသော ပစ်ဇယ်စုစုပေါင်း (၅၁.၃၇ မီဂါပစ်ဇယ်)ကို ကွန်ပျူတာတွင် မှတ်နိုင်သော ပမာဏ ၀.၈၈ ဘိုက်ဖြင့်မြှောက်ပါက ၄၅.၂ မီဂါဘိုက်ကို ရရှိမှာဖြစ်တယ်။ ထို့ကြောင့် IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင်သိမ်းဆည်းရန် လိုအပ်သောပမာဏသည် ၄၅.၂ မီဂါဘိုက် ဆိုတဲ့ အဖြေကို ရမှာဖြစ်သည်။

တွက်ချက်ပုံအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်။

**တွက်ချက်ခြင်း။**

ပုံရိပ်ရှိအလျားလိုက်တန်းအရေအတွက် = အာရုံခံကိရိယာမှမြင်တွေ့ရသောမြေပြင်၏အလျား / မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား

= ၂၄ ကီလိုမီတာ ×၁၀၀၀ မီတာ / ၅.၈ မီတာ

(၁ ကီလိုမီတာ=၁၀၀၀ မီတာ)

= ၂၄၀၀၀ မီတာ / ၅.၈ မီတာ

= ၄၁၃၇.၉၃

= ၄၁၃၈ (အနီးစပ်ဆုံးကိန်းပြည့်ယူရန်)

ပုံရိပ်ရှိဒေါင်လိုက်တိုင်အရေအတွက် = အာရုံခံကိရိယာမှမြင်တွေ့ရသောမြေပြင်၏အနံ / မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား

= ၂၄ ကီလိုမီတာ ×၁၀၀၀ မီတာ / ၅.၈ မီတာ

= ၂၄၀၀၀ မီတာ / ၅.၈ မီတာ

= ၄၁၃၇.၉၃

= ၄၁၃၈ (အနီးစပ်ဆုံးကိန်းပြည့်ယူရန်)

ပုံရိပ်တွင်ပါဝင်သောပစ်ဇယ်စုစုပေါင်း = ပုံရိပ်ရှိ ဒေါင်လိုက်တိုင်အရေအတွက် x ပုံရိပ်ရှိအလျားလိုက်တန်းအရေအတွက် x ရောင်စဉ်စုအရေအတွက်

= ၄၁၃၈ x ၄၁၃၈ x ၃

= ၅၁၃၆၉၁၃၂ ပစ်ဇယ်

= ၅၁.၃၇ မီဂါပစ်ဇယ်(၁ မီဂါပစ်ဇယ် =၁၀၀၀၀၀၀ ပစ်ဇယ်)

အချက်အလက်သိမ်းဆည်းရန်လိုအပ်သောပမာဏ = ၅၁.၃၇ မီဂါပစ်ဇယ် x ၀.၈၈ ဘိုက်

= ၄၅.၂ မီဂါဘိုက်

∴ ကွန်ပျူတာတွင်အချက်အလက်သိမ်းဆည်းရန်လိုအပ်သောပမာဏသည် ၄၅.၂ မီဂါဘိုက် ဖြစ်သည်။

အထက်တွင် အဆင့်လိုက်တွက်ပြသည်များကို လေ့လာပြီး ကျောင်းသုံးဖတ်စာအုပ် စာမျက်နှာ ၁၅၈ ရှိ ဇယားနံပါတ် ၅.၃ တွင် ဖော်ပြထားသော Landsat ဂြိုဟ်တု၊ SPOT ဂြိုဟ်တုများနှင့် ၎င်းတို့၏ အချက်အလက်များကို အသုံးပြုပြီး အတွက်ပုစ္ဆာများကို လေ့ကျင့်တွက်ချက်သင့်ပါသည်။

လက်တွေ့ပထဝီဝင်ပိုင်းမှာ နောက်ထပ်လေ့ကျင့်ရမည့်အပိုင်းကတော့ ပထဝီဝင်သတင်းအချက်အလက်စနစ်များအပိုင်းဖြစ်ပါတယ်။ ပထဝီဝင်သတင်းအချက်အလက်များကို အသုံးပြုမည်ဆိုလျှင် ပထဝီဝင်ဆိုင်ရာ အယူအဆအချို့ဖြစ်တဲ့ တည်နေရာ(Location)၊ ဦးတည်ရာ(Direction)၊ အကွာအဝေး (Distance)၊ နေရာ(Space)နှင့် သွားလာရေး(Navigation)တို့ကို နားလည်ရန်လိုအပ်ပြီး ထိုသတင်းအချက်အလက်များကို ဖော်ပြသော ဗက်တာ၊ ရာစတာတို့ရဲ့ အခြေခံသဘောတရားကို နားလည်ရန်လိုအပ်သည်။


ဗက်တာအခြေခံပထဝီဝင်ဆိုင်ရာအချက်အလက်များကို ဖော်ပြရာတွင် နေရာအလိုက် အချက်အလက်များဖြစ်သည့် ကမ္ဘာ့မျက်နှာပြင်ပေါ်ရှိအခြင်းအရာများကို အမှတ်များ၊ မျဉ်းများ၊ ဧရိယာများဖြင့် ကိုယ်စားပြုဖော်ပြလေ့ရှိသည်။

အမှတ်တစ်ခုသည် တည်နေရာကိုသာ ဖော်ပြနိုင်သည်။ ဥပမာ မြေပုံများတွင် တောင်ထိပ်များ၊ ဘုရားများ၊ ဆေးရုံများကို အမှတ်(တစ်နည်းအားဖြင့် အစက်)ဖြင့် ပြလေ့ရှိတယ်။ မျဉ်းတစ်ကြောင်းကိုဖော်ပြရာတွင်မူ ထိုမျဉ်း၏တည်နေရာအပြင် အလျားအတိုင်းအတာကိုလည်း ဖော်ပြသည်။ ၎င်းမျဉ်း၏ စမှတ်နှင့် ဆုံးမှတ်ဟု အမှတ်နှစ်ခုပါဝင်ပြီး ၎င်းအမှတ်များကြားတွင် နောက်ထပ်အမှတ်များလည်းရှိနိုင်သည်။ ထိုမျဉ်း၏တည်နေရာကို အစဉ်လိုက်ရှိသော x, y ကိုဩဒိနိတ်များဖြင့်ဖော်ပြနိုင်သည်။ မျဉ်းများသည် မျဉ်းဖြောင့် သို့မဟုတ် မျဉ်းကွေးများလည်း ရှိနိုင်သည်။ ဥပမာအားဖြင့် မြေပုံများတွင် ကားလမ်းများ၊ နယ်နိမိတ်မျဉ်းများကို ဖော်ပြခြင်းမျိုးဖြစ်သည်။

ဤအပိုင်းအတွက် ကျောင်းသုံးဖတ်စာအုပ် စာမျက်နှာ ၁၇၆ နှင့် ၁၈၈ တို့တွင်ပါရှိသည့် ပုံများကဲ့သို့ ပုံတစ်ပုံပေးထားပြီး ပေးထားသောပုံမှ အမှတ်များ၊ မျဉ်းပိုင်းများ၊ ဧရိယာများ ဆက်စပ်တည်ရှိမှုကို ဖော်ပြပါဟူသော မေးခွန်းမျိုး လေ့ကျင့်ထားသင့်ပါသည်။

နမူနာအဖြစ် အောက်ဖော်ပြပါပုံမှ မျဉ်းပိုင်းတို့နှင့် ထိစပ်နေသော ဧရိယာများ၊ ထိုဧရိယာတို့တွင် ပါဝင်သောမျဉ်းပိုင်းများနှင့် ကိုဩဒိနိတ်အမှတ်များကို ဖော်ပြပါဆိုသည့်မေးခွန်းကို လေ့လာကြည့်မည်။

ပေးထားသောပုံတွင် မျဉ်းတစ်ကြောင်းချင်းစီ၏ တည်နေရာဆိုင်ရာတန်ဖိုးများကို သတ်မှတ်ရာတွင် ပထမဦးစွာ ထိုမျဉ်းပိုင်းများ၏ ဘယ်ဘက်နှင့် ညာဘက်ရှိ ဧရိယာများကို (ဇယား -က)တွင် ပြထားသကဲ့သို့ မှတ်သားရန်ဖြစ်သည်။ ထို့နောက် ၎င်းဧရိယာများကို ဖွဲ့စည်းထားသော မျဉ်းပိုင်းများကို(ဇယား-ခ)ကဲ့သို့ မှတ်သားရန်ဖြစ်သည်။ ပြီးနောက် ထိုဧရိယာအလိုက် ဖွဲ့စည်းထားသော မျဉ်းပိုင်းတစ်ခုစီ၏ X, Y ကိုဩဒိနိတ်အမှတ်များကို အောက်တွင်ပြထားသည့် ဇယားအတိုင်း(ဇယား-ဂ) မျဉ်းပိုင်းအလိုက် ဖော်ပြပေးရန်ဖြစ်သည်။ ဤသို့ဖြင့် မေးခွန်းတွင် ရှာခိုင်းသည့် ဧရိယာများ၊ ၎င်းဧရိယာတို့ကို ဖွဲ့စည်းထားသော မျဉ်းပိုင်းများနှင့် ကိုဩဒိနိတ်အမှတ်များ၏ ဆက်စပ်မှုကို လွယ်ကူစွာဖော်ပြနိုင်မည်ဖြစ်သည်။




**ဖြေဆိုချက်။**

(ဇယား - က)

| မျဉ်းပိုင်းအမည် | ဘယ်ဘက်ရှိဧရိယာ | ညာဘက်ရှိဧရိယာ |
|---|---|---|
| A | 100 | 101 |
| B | 100 | 102 |
| C | 100 | 103 |
| D | 102 | 101 |
| E | 103 | 102 |
| F | 103 | 101 |

(ဇယား - ခ)

| ဧရိယာအမည် | ပါဝင်သောမျဉ်းပိုင်းများ |
|---|---|
| 101 | A, D, F |
| 102 | B, D, E |
| 103 | C, F, E |

(ဇယား - ဂ)

| မျဉ်းပိုင်းအမည် | မျဉ်းပိုင်းတို့၏ X, Y ကိုဩဒိနိတ်အမှတ်များ |
|---|---|
| A | (1,3) (1,9) (4,9) |
| B | (4,9) (9,9) (9,6) |
| C | (9,6) (1,9) (1,1) (1,3) |
| D | (4,9) (4,7) (5,5) (5,3) |
| E | (9,6) (7,3) (5,3) |
| F | (5,3) (1,3) |

ပထဝီဝင်သတင်းအချက်အလက်စနစ်များ သင်ခန်းစာတွင်လည်း အခြေခံသီအိုရီ သဘောတရားများကို သိနားလည်ထားရမည့်အပြင် ဗက်တာဆိုင်ရာအခြေခံအချက်အလက်များ၊ ရာစတာဆိုင်ရာအခြေခံအချက်အလက်များကို ပုံများပေး၍ အမှတ်များ၊ မျဉ်းများ၊ ဧရိယာနှင့်ဆက်စပ်သော အကြောင်းအရာအချက်အလက်များကို ဖော်ပြခိုင်းသည့် လေ့ကျင့်ခန်းများကို ကြိုတင်လေ့ကျင့်ထားကြရန် လိုအပ်ပါသည်။

အနှစ်ချုပ်တင်ပြရမည်ဆိုပါက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ် မေးခွန်းသည် အလွတ်ကျက်ဖြေခြင်းမှ အထိုက်အလျောက်ကင်းလွတ်ပြီး စဉ်းစားတွေးခေါ်ဖြေဆိုရမည့် အပိုင်းများရှိမည်။ ကျောင်းသားများသည် မေးခွန်းကို သေချာဖတ်ရှုရန်လိုပါမည်။ မေးခွန်းတွင် ဝေဖန်သုံးသပ်ပါ၊ လေ့လာဆန်းစစ်ပါဟု မေးထားပါက မိမိ၏ကိုယ်ပိုင်အမြင်ကို အနည်းငယ်မျှပင်ဖြစ်စေ ထည့်သွင်းဖြေဆိုရမည်ဖြစ်သည်။ ယခုပို့ချချက်သည် ကျောင်းသားများအတွက် များစွာအထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

လာမည့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ကျောင်းသား ကျောင်းသူများအားလုံး ပထဝီဝင်ဘာသာရပ်ကို အခက်အခဲမရှိ ထူးချွန်စွာဖြေဆိုနိုင်ကြပါစေလို့ဆုတောင်းရင်း သင်ခန်းစာကို ဒီမှာပဲရပ်နားလိုက်ပါတယ်။

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များတင်ဆောင်လာသည့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း သတင်းမှန် (၅၉)ကြိမ် ရရှိခဲ့ပြီး သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ (၁၄၅)မှု၊ ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၃၆ ဒသမ ၉၄၈ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် လိုင်စင်ရှိ/ လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။


သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်သစ်မျိုးစုံနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ အပါအဝင် တရားမဝင်ကုန်ပစ္စည်း တင်ဆောင်သည့် လိုင်စင်ရှိ/လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ငါးဖမ်းစက်လှေများ ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သဖြင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင် တင်ပို့/တင်သွင်းမှုများအား သတင်းပေးတိုင်ကြားရန်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း လျှို့ဝှက်ပေးထားမည်ဖြစ်ပြီး ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၃၆၉၄၈ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၂၄၆၇ ဒသမ ၃၉၀ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉၆၉၉၆၁၁၁၁၆၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့ တိုင်ကြားနိုင်ပါကြောင်း သတင်းရရှိသည်။ **မြဝတီ**




၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဖမ်းဆီးရမိမှု။

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ ရှေးသတ္တုတူးဖော်ရာတွင် အသုံးပြုသည့်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဖေဖော်ဝါရီ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၃၁ ရက်နှင့် ဖေဖော်ဝါရီလ ၁ ရက်**တို့တွင် စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၄၀၀၀)နှင့် လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ်၊ နန္ဒဝန်ရပ်ကွက်၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ (၈၁)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ်၊ ရွာတောင်ရပ်ကွက်၌ တရားမဝင် ရှေးသတ္တုတူးဖော်ရာတွင်အသုံးပြုသည့် မုံအိုး (၄)လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)ကိုမြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၇၆၄၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၃၁ ရက်**တွင် ဖြူးမြို့နယ်နှင့်တောင်ငူမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၂ ဒသမ ၉၅၄)တန်၊ အခြားသစ် (၁ ဒသမ ၉၄၂) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၁၃၂၄၈)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပြည်မြို့နယ်၊ လက်ပံတန်းမြို့နယ်၊ မင်းလှမြို့နယ်နှင့် ဘုရားကြီးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၄)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၈၁၂၄၈)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၁ ရက်**တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် (၁)ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၅၈၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နှင့် ဖေဖော်ဝါရီလ ၁ ရက်တို့တွင်** ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၄)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၉၀၃၂၄၈)**ကို ဖမ်းဆီးရမိခဲ့သည်။

နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၂၆ ရက်**တွင် ဒက္ခိဏသီရိမြို့နယ်၊ စီလမ်းဆုံ စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ်၁၂၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၁၅ ရက်**တွင် ဘားအံမြို့နယ် သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Succeed (၁)စီး၊ Toyota Probox (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၁ ရက်နှင့် ၂ ရက်**တို့တွင် မုံရွာမြို့နယ်၊ နန္ဒဝန်ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၄၃၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၈၃၄၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၁ ရက်နှင့် ၂ ရက်**တို့တွင် တောင်ငူခရိုင်၊ သာယာဝတီခရိုင်၊ ပြည်ခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၅)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၅၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သက္ကလမြို့နယ်၊ ဖွဲ့တွန်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၂၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Light Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများ အရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၁၉၂၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၁ ရက်**တွင် မကွေးမြို့နယ်အတွင်း၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း (၃) လုံး၊ Mytel Wifi စက် (၁)လုံးနှင့် ငွေစက္ကူရေရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၇၀၀)ကို လောင်းကစားဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ်၊ ကြီးပင်ကန် (၂) ကျေးရွာရှိ နေအိမ် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄၅) မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၇၁၅၀၀)ကို အမျိုးသားဆေးဝါးဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၂၉၄၂၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂ ရက်နှင့် ၃ ရက်**တို့တွင် ရေးခရိုင်၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၂)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၅)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၅၆၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၂၉ ရက်**တွင် ဖျာပုံမြို့နယ်၊ အမှတ် (၁၂)ရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂ ရက်**တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် (၃)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး၊ လျှပ်စစ်ပစ္စည်း (၃)မျိုး၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၃၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်၊ ၂၆ ရက်၊ ၂၉ ရက်၊ ဖေဖော်ဝါရီလ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင်** ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၃၁)မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၉၈၉၂၀၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ **မြဝတီ**


Tea Mix
Lemon Tea
Black Tea
နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး
ရွှေဖီဦး BLACK TEA (နောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်

# KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဗန်းမောက်မြို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်သိမ်းပိုက်ထိန်းချုပ်

နေပြည်တော် ဖေဖော်ဝါရီ ၈

KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်တွင် အင်အားအလုံးအရင်းဖြင့် မြို့လုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ဒေသခံပြည်သူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း၊ လူသစ်စုဆောင်းခြင်းများ အပါအဝင် အကြမ်းဖက်လုပ်ရပ်မျိုးစုံကို လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် ဗန်းမောက်မြို့အား ပြန်လည်သိမ်းပိုက်ရရှိရေး

စာမျက်နှာ ၂၉ သို့ ▲

**လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဗန်းမောက်မြို့အား ပြန်လည်ထိန်းချုပ်**







အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့၊ တော်ဝင်ရွှေမြို့တော် ဟိုတယ်နှင့် ဟိုတယ်အတွင်း၌ ခံစစ်ပြင်ဆင်ထားရှိမှုကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့၊ အထက(ဗန်းမောက်)ရှိ စာသင်ဆောင်များ၌ ခံစစ်ပြင်ဆင်ထားရှိမှုကိုတွေ့ရစဉ်။

အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဗန်းမောက်ဒေသရှိ မြေပေါ်၊ မြေအောက်ရှိ သယံဇာတပစ္စည်းများကို အလွန်အကျွံထုတ်ယူအသုံးပြုခဲ့သည့်အတွက် သဘာဝပတ်ဝန်းကျင်များစွာ ထိခိုက်ပျက်စီးခဲ့မှုအား တွေ့မြင်ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့၊ တော်ဝင်ရွှေမြို့တော် ဟိုတယ်နှင့် ဟိုတယ်အတွင်း၌ ခံစစ်ပြင်ဆင်ထားရှိမှုကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့၊ မြို့မဘုန်းကြီးကျောင်းအား ဖောက်ခွဲဖျက်ဆီးခဲ့မှုကိုတွေ့ရစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့၊ စာသင်ကျောင်း၊ ရဲစခန်း၊ ထွေအုပ်ရုံးတို့ကို သိမ်းပိုက်ရရှိမှုအား တွေ့ရစဉ်။

အကြမ်းဖက် သောင်းကျန်းသူ များက နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း (နတလ) အတွင်း ခံစစ်ပြင်ဆင်ထား ရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက် သောင်းကျန်းသူ များက နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း (နတလ) အား ဖျက်ဆီးခဲ့မှုကို တွေ့ရစဉ်။






အကြမ်းဖက် သောင်းကျန်းသူ များက ဗန်းမောက်မြို့၊ အထက (ဗန်းမောက်)ရှိ စာသင်ဆောင်များ၌ ခံစစ်ပြင်ဆင်ထားရှိမှု ကိုတွေ့ရစဉ်။



လုံခြုံရေး တပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့၊ မြို့တော်ခန်းမနှင့် ဝန်ထမ်းအိမ်ရာ တို့အား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့၊ မြို့မဈေးနှင့် ဝန်းကျင်တစ်ဝိုက် ချီတက်ရှင်းလင်းစဉ် သိမ်းဆည်းရရှိသည့် ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့် အလောင်း/လက်နက်များကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့် လက်နက်များကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့် လက်လုပ်စိန်ပြောင်း၊ မီးလောင်ပုလင်း၊ လက်လုပ်မိုင်း တို့ကို တွေ့ရစဉ်။

▲ စာမျက်နှာ ၂၈ မှအဆက်

နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး လုပ်ငန်းများကိုဆောင်ရွက်စဉ် အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ဗန်းမောက်မြို့အတွင်းရှိပြည်သူပိုင်နေအိမ် အဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက် အအုံများအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် အဆိုပါ သတင်းအား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ လ ၂၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အကြမ်းဖက်သမားများ အနေဖြင့် ဗန်းမောက်မြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ယာယီသိမ်းပိုက်ထိန်းချုပ်ထားစဉ် ဒေသခံ ပြည်သူများ၏ နေအိမ်များအား မီးရှို့ ဖျက်ဆီးခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် ပစ္စည်းများအား အတင်းအဓမ္မလုယက် ယူဆောင်ခြင်း၊ အစိုးရအုပ်ချုပ်မှုယန္တရား ပျက်ပြားအောင် လုပ်ဆောင်ခဲ့ခြင်းများ ကြောင့် ဒေသခံပြည်သူများသည် ဘေး ဒုက္ခကြီးစွာဖြင့် ယာယီတိုက်ပွဲရှောင်စခန်း များသို့ ၎င်းတို့၏ တိုက်တာအိုးအိမ် အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများ ကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။ ထို့ပြင် အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ဗန်းမောက်ဒေသတစ်ဝိုက်အား ယာယီ စိုးမိုးထားစဉ်ကာလအတွင်း အဆိုပါဒေသရှိ မြေပေါ်၊ မြေအောက်ရှိ သယံဇာတပစ္စည်း များကို အလွန်အကျွံထုတ်ယူအသုံးပြုခဲ့ သည့်အတွက် သဘာဝပတ်ဝန်းကျင်များ စွာ ထိခိုက်ပျက်စီးခဲ့ရကြောင်း တွေ့ရှိရ သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဗန်းမောက်မြို့အား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ရေး စစ်ကြောင်းများခွဲ၍ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်မှစ၍ နယ်မြေ ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီ စိုးမိုးထားသည့် ပင်ဟင်းခါးရွာ၊ ရွှေကျောင်း ရွာ၊ ခိုပြင်ရွာ၊ နောင်သာယာရွာ၊ တာဝါ တိုင်ကုန်း၊ ခမိုးရွာနှင့် ဖြူးတောင်တစ်ဝိုက် တို့အားလည်းကောင်း၊ အောက်တိုဘာလ ၂၆ ရက်တွင် ဗန်းမောက်မြို့၏အနောက် ဘက်နှင့်အနောက်မြောက်ဘက်မီတာ ၂၀၀၀ ခန့်အကွာရှိ စစ်ဗျူဟာအရေးကြီးနေရာ များအားလည်းကောင်း ဦးစွာထိန်းချုပ်နိုင် ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ကာ နယ်မြေရှင်းလင်းရေး လုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ပြီး ဗန်းမောက်မြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ရေးဆောင် ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ သည် ဗန်းမောက်မြို့အတွင်း ဘာသာရေး ဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်း များ၊ ဆေးရုံများ၊ ဌာနဆိုင်ရာအဆောက် အအုံများ၊ လူနေအိမ်များ၊ ဟိုတယ်များနှင့် အထပ်မြင့်အဆောက်အအုံများတွင် သဲအိတ် ဘန်ကာများ အခိုင်အမာဆောက်လုပ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ် တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင် ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ အဆောက်အအုံများ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရေးအတွက် ထုတ်ပြန် ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement–ROE)နှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဖြင့် တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်ခဲ့ရသည့်အတွက် စစ်ဆင်ရေးကာလ ၄ လကျော်ကြာမြင့်ခဲ့ရ ပြီး ဖေဖော်ဝါရီလ ၈ ရက် ယနေ့တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီ စိုးမိုးထားသည့် ဗန်းမောက်မြို့အား လုံခြုံ ရေးတပ်ဖွဲ့ဝင်များက အလုံးစုံပြန်လည် သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ ရာ စစ်ဆင်ရေးကာလအတွင်း အကြမ်း ဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ငယ် ၆၉ ကြိမ်ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ ဝင်အချို့ ကျဆုံး/ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်နက်မျိုးစုံ ၂၇ လက်၊ ခဲယမ်း၊ ဗုံးသီးများ၊ အကြမ်းဖက်သမားရုပ်အလောင်းများနှင့် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရာ တွင် အသုံးပြုသည့် ဖောက်ခွဲရေးဆက်စပ် ပစ္စည်းများ သိမ်းဆည်းရရှိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဗန်းမောက်မြို့အတွင်း နေရပ်စွန့်ခွာ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက် နေထိုင်နိုင်ရေးနှင့် အပျက်အစီးများဖယ်ရှား ရှင်းလင်းပေးခြင်း၊ စာသင်ကျောင်း၊ ဆေးရုံ အဆောက်အအုံများ၏ ပျက်စီးမှုများအား ပြန်လည်ပြုပြင်ပေးခြင်း၊ မိုင်းရှင်းလင်းပေး ခြင်းများ စသည့်အကြမ်းဖက်သမားများ ကြောင့်ယိုယွင်းပျက်စီးခဲ့ရသည့်မြို့ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဒေသခံ ပြည်သူများနှင့်အတူ အမြန်ဆုံးဆက်လက် ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## မွန်ပြည်နယ်၊ သံလွင်မြစ်(ဒရယ်ပေါက်)ရေလမ်းကြောင်း
## တိုးတက်ကောင်းမွန်ရေးသောင်တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါပြန်လည်ခေါ်ယူခြင်း

၁။ မွန်ပြည်နယ်၊ ဘီလူးကျွန်းမြောက်ဘက်ရှိ သံလွင်မြစ်ရေလမ်းကြောင်း(ဒရယ်ပေါက်) တွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် နုန်းအနည်ထိုင်မှုများများပြားလာခဲ့ပြီး ရေစီးရေလာများပိတ်ဆို့၍ ရေကြီးရေလျှံခြင်း၊ ရေစူးအနက်များကျဆင်း၍ ရေယာဉ်များ ဝင်ထွက်သွားလာရေးအား အဟန့်အတားဖြစ်စေခြင်းများဖြစ်ပေါ်လျက်ရှိသဖြင့် ရေစီးရေလာ ကောင်းမွန်ရေးနှင့် ရေလမ်းကြောင်းတိုးတက်ကောင်းမွန်ရေးတို့အတွက် ရေလမ်းကြောင်း တစ်လျှောက် သောင်တူးဖော်ရှင်းလင်းခြင်းနှင့် ထွက်ရှိလာသောသဲများအား ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပြည်တွင်း/ပြည်ပကုမ္ပဏီကြီးများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး တင်ဒါပြန်လည်ခေါ်ယူဆောင်ရွက်ခြင်းဖြစ်ပါသည်။

၂။ ရေလမ်းကြောင်းတိုးတက်ကောင်းမွန်ရေး သောင်တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းသည် စီးပွားရေးဆန်ဆန်သောင်တူးဖော်ခြင်းမျိုးမဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်၏ Eco System ကို ထိခိုက်မှုမရှိစေရန် တူးဖော်ရှင်းလင်းရခြင်း၊ ဌာနမှသတ်မှတ်ပေးသည့် ရေလမ်းကြောင်း တစ်လျှောက်ရှိ ရေတိမ်ကွက်များကိုသာ မူလရေစူးအနက်ပြန်လည်ရရှိအောင် တူးဖော် ရှင်းလင်းရခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးကို ထိခိုက်နှောင့်ယှက်မှုမရှိစေရန် ဆောင်ရွက်ရခြင်း၊ လိုအပ်ပါကဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဒေသလိုအပ်ချက်များတွင် ကူညီပံ့ပိုးဆောင်ရွက်ရခြင်းစသည့်အခြေအနေများကြောင့် လုပ်ငန်းအတွေ့အကြုံ နည်းပညာ၊ စက်ယန္တရား၊ ကျွမ်းကျင်ပညာရှင်များနှင့် ဘဏ္ဍာရေးကိစ္စရပ်များတွင် ကောင်းမွန်ပြည့်စုံ ခိုင်မာမှုရှိရန် အထူးလိုအပ်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါလုပ်ငန်းအတွေ့အကြုံ နည်းပညာ၊ စက်ယန္တရား၊ ကျွမ်းကျင် ပညာရှင်များနှင့် ဘဏ္ဍာရေးကိစ္စရပ်များပြည့်စုံ၍ လုပ်ငန်းဆောင်ရွက်လိုသော ပြည်တွင်း/ ပြည်ပကုမ္ပဏီကြီးများအနေဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများအား အောက်ပါအတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။ (ပြည်ပကုမ္ပဏီကြီးများအနေဖြင့် ပြည်တွင်းကုမ္ပဏီနှင့် ဖက်စပ်ကုမ္ပဏီပြုလုပ်ခြင်း သို့မဟုတ် မြန်မာနိုင်ငံရုံးခွဲဖွင့်လှစ်ထားခြင်း သို့မဟုတ် တင်ဒါရွေးချယ်ခြင်းခံရပါက မြန်မာနိုင်ငံတွင် မှတ်ပုံတင်ခြင်းတို့ကိုလိုက်နာရန် လိုအပ်မည်ဖြစ်ပါသည်)-

(က) လျှောက်လွှာဝယ်ယူရမည့်နေရာ - မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ဗိုလ်တထောင်မြို့နယ်

(ခ) လျှောက်လွှာရောင်းချမည့် နေ့ရက်/အချိန် - ၁၁-၂-၂၀၂၆ မှ ၆-၃-၂၀၂၆ ရက်နေ့၊ (ရုံးချိန်အတွင်း)

(ဂ) လျှောက်လွှာလက်ခံမည့်နေရာ၊ နေ့ရက်/အချိန် - မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်၊ ၁၀-၃-၂၀၂၆(၁၃၀၀)နာရီတိတိ

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ 01-246380, 09-444714377

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
တင်ဒါကော်မတီ

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြစ်ရေလမ်းကြောင်း
## တိုးတက်ကောင်းမွန်ရေးသောင်တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါပြန်လည်ခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြစ်ရေလမ်းကြောင်းတွင် ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် နုန်းအနည်ထိုင်မှုများများပြားလာခဲ့ပြီး ရေစီးရေလာများပိတ်ဆို့၍ ရေကြီးရေလျှံခြင်း၊ ရေစူးအနက်များကျဆင်း၍ ရေယာဉ်များ ဝင်ထွက်သွားလာရေးအား အဟန့်အတားဖြစ်စေခြင်းများဖြစ်ပေါ်လျက်ရှိသဖြင့် ရေစီးရေလာကောင်းမွန်ရေးနှင့် ရေလမ်းကြောင်းတိုးတက်ကောင်းမွန်ရေးတို့အတွက် ရေလမ်းကြောင်းတစ်လျှောက် သောင်တူးဖော်ရှင်းလင်းခြင်းနှင့် ထွက်ရှိလာသောသဲများအား ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ပြည်တွင်း/ပြည်ပကုမ္ပဏီကြီးများနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်ရေး တင်ဒါပြန်လည်ခေါ်ယူဆောင်ရွက်ခြင်းဖြစ်ပါသည်။

၂။ ရေလမ်းကြောင်းတိုးတက်ကောင်းမွန်ရေး သောင်တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းသည် စီးပွားရေးဆန်ဆန်သောင်တူးဖော်ခြင်းမျိုးမဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်၏ Eco System ကို ထိခိုက်မှုမရှိစေရန်တူးဖော်ရှင်းလင်းရခြင်း၊ ဌာနမှသတ်မှတ်ပေးသည့် ရေလမ်းကြောင်း တစ်လျှောက်ရှိ ရေတိမ်ကွက်များကိုသာ မူလရေစူးအနက်ပြန်လည်ရရှိအောင် တူးဖော် ရှင်းလင်းရခြင်း၊ ဒေသခံပြည်သူများ၏လူမှုစီးပွားရေးကို ထိခိုက်နှောင့်ယှက်မှုမရှိစေရန် ဆောင်ရွက်ရခြင်း၊ လိုအပ်ပါကဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဒေသလိုအပ်ချက်များတွင် ကူညီပံ့ပိုးဆောင်ရွက်ရခြင်းစသည့်အခြေအနေများကြောင့် လုပ်ငန်းအတွေ့အကြုံ နည်းပညာ၊ စက်ယန္တရား၊ ကျွမ်းကျင်ပညာရှင်များနှင့် ဘဏ္ဍာရေးကိစ္စရပ်များတွင် ကောင်းမွန်ပြည့်စုံ ခိုင်မာမှုရှိရန် အထူးလိုအပ်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါလုပ်ငန်းအတွေ့အကြုံ နည်းပညာ၊ စက်ယန္တရား၊ ကျွမ်းကျင် ပညာရှင်များနှင့် ဘဏ္ဍာရေးကိစ္စရပ်များပြည့်စုံ၍ လုပ်ငန်းဆောင်ရွက်လိုသော ပြည်တွင်း/ ပြည်ပကုမ္ပဏီကြီးများအနေဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများအား အောက်ပါအတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။ (ပြည်ပကုမ္ပဏီကြီးများအနေဖြင့် ပြည်တွင်းကုမ္ပဏီနှင့် ဖက်စပ်ကုမ္ပဏီပြုလုပ်ခြင်း သို့မဟုတ် မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်လှစ် ထားခြင်း သို့မဟုတ် တင်ဒါရွေးချယ်ခြင်းခံရပါက မြန်မာနိုင်ငံတွင်မှတ်ပုံတင်ခြင်းတို့ကိုလိုက်နာ ရန် လိုအပ်မည်ဖြစ်ပါသည်)-

(က) လျှောက်လွှာဝယ်ယူရမည့်နေရာ - မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ဗိုလ်တထောင်မြို့နယ်

(ခ) လျှောက်လွှာရောင်းချမည့် နေ့ရက်/အချိန် - ၁၁-၂-၂၀၂၆ မှ ၆-၃-၂၀၂၆ ရက်နေ့၊ (ရုံးချိန်အတွင်း)

(ဂ) လျှောက်လွှာလက်ခံမည့်နေရာ၊ နေ့ရက်/အချိန် - မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်၊ ၁၀-၃-၂၀၂၆(၁၃၀၀)နာရီတိတိ

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။ 01-246380, 09-444714377

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
တင်ဒါကော်မတီ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## လေလံကြော်ငြာ

၁။ MIP, AWPT ဆိပ်ကမ်းများတွင် တစ်နှစ်ကျော်လေလံကုန်သေတ္တာ(၂၅)လုံး ရှိပြီး အတွင်းရှိကုန်ပစ္စည်းများအား လက်ရှိမျက်မြင်အခြေအနေအတိုင်း (၂၆-၂-၂၀၂၆)ရက်နေ့(၁၃:၀၀)နာရီအချိန်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင် ထုခွဲရောင်းချမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် (၉-၂-၂၀၂၆)ရက်နေ့မှ (၂၄-၂-၂၀၂၆)ရက်နေ့ထိ ရုံးဖွင့်ရက်/ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၁-၈၆၁၀၂၃၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံတင်ထုခွဲရောင်းချရေးကော်မတီ

### ပျောက်ဆုံးကြောင်း
ချမ်းမြေ့ညို(ဘ)ဦးမင်းဘိုဘို ၇/ပခန(နိုင်) ၅၃၄၁၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

# အလိမ္မာစာမှာရှိ

### ပျောက်ဆုံးကြောင်း
ဝေါမြို့နယ်နေ ရီရီသန့်(ဘ)ဦးမြထွေး ၇/ဝမန(နိုင်)၀၈၅၅၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 794158) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ချစ်ကိုဝင်း(ဘ)ဦးသောင်းမြင့် ၇/ပခန(နိုင်) ၃၃၂၂၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၁၀၂၃၂၈

### ပျောက်ဆုံးကြောင်း
အုံ့ဇော်ထွန်း(ဘ)ဦးထွန်းဝင်း ၁၄/ဘကလ (နိုင်)၁၅၁၇၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ရွှန်းလဲ့မေဇော်(ဘ)ဦးအုံ့ဇော်ထွန်း ၁၂/ဒပန (နိုင်)၀၇၄၅၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ညီညီလင်း(ဘ)ဦးမျိုးဦး ၁၂/ကတန(နိုင်) ၁၃၉၄၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
လှိုင်တင်တင်ဝင်း(ဘ)ဦးတင်အုန်း ၁၄/ ဘကလ(နိုင်)၁၄၄၂၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သက်သက်မွန်(ဘ)ဦးမောင်မောင်အေး ၉/ တသန(နိုင်)၂၃၆၁၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ခင်မိုးဝေ(ဘ)ဦးသက်ခိုင် ၉/တသန(နိုင်) ၂၇၅၇၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
တင်မျိုးထက်(ဘ)ဦးတင်မောင် ၉/ပမန(နိုင်) ၂၆၆၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 208455)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း
ဝါဝါမော်(ဘ)ဦးသာတင် ၇/သနပ(နိုင်) ၁၃၃၃၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မင်းရဲကျော်ထင်(ဘ)ဦးခင်မောင်မြင့် ၈/ အလန(နိုင်)၁၇၅၂၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 026191)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ရေမွန်စိုးနိုင်(ဘ)ဦးစိုးနိုင် ၁၂/သဃက(နိုင်) ၁၇၀၂၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၆၆၀၀၂၃၄

### ပျောက်ဆုံးကြောင်း
အောင်သူ(ဘ)ဦးသန်းစိုး ၈/အလန(နိုင်) ၁၇၈၈၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဇင်လင်း(ဘ)ဦးအောင်သောင်းရင် ၉/ပဘန (နိုင်)၂၂၇၉၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
နှင်းနုဝေ(ဘ)ဦးဝင်းလှိုင် ၅/မရန(နိုင်) ၃၂၉၄၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 564030)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၁၀၂၀၅၀၆

### မွေးသက္ကရာဇ်အမှန်
မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ သကြော ကျေးရွာနေ မောင်မင်းမြင့်မြတ်(ဘ)ဦးမျိုးဝင်း ၁၀/ခဆန(နိုင်)၁၈၂၉၅၆ ကိုင်ဆောင်သူ၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၅-၂၀၀၉ ဖြစ်ပါ ကြောင်း။
၇-၅-၂၀၀၉

### ပျောက်ဆုံးကြောင်း
သင်းသင်းအေး(ဘ)ဦးစိန်အေး ၁၀/သထန (နိုင်)၂၄၃၄၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
မင်းချမ်းမွန်(ဘ)ဦးငြိမ်း ၁၀/ကမရ(နိုင်) ၀၈၅၇၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၉၆၇၂၃၅၀

### ပျောက်ဆုံးကြောင်း
ဇင်မာစန်း(ဘ)ဦးစန်းမောင် ၁၀/ဘလန(နိုင်) ၁၁၅၃၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၄၀၅၁၈၇


### ပျောက်ဆုံးကြောင်း
နန်းထူးဟန်နီ(ဘ)ဦးစောဝင်း ၁၀/မလမ (နိုင်)၂၆၄၂၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၈၉၃၆၂၁

**ပျောက်ဆုံးကြောင်း** အိမ့်မို့ခိုင်(ဘ)ဦးအောင်ခိုင်ကြည် ၁၀/မလမ(နိုင်)၁၉၂၆၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၆၉၅၆၁၃၇

**ပျောက်ဆုံးကြောင်း** မိခိုင်နွေမိုး(ဘ)ဦးအောင်နိုင် ၁၀/ပမန(နိုင်)၁၅၅၅၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၁၃၉၃၈၂၇

**ပျောက်ဆုံးကြောင်း** ဒေါ်အိနန်(ဘ)ဦးကြည်မောင် ၁၀/လမန(နိုင်)၀၃၆၅၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၀၂၃၅၀၄၃


စာပေ၊ ယဉ်ကျေးမှု၊ သုတ-ရသ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အပြည့်ဖြည့်ဆည်းပေးလျက်ရှိသော ငွေတာရီ မဂ္ဂဇင်း



- (၆၅)နှစ်တိုင်တိုင် စဉ်ဆက်မပြတ်ထုတ်ဝေခဲ့သည့်မဂ္ဂဇင်း
- ယဉ်ကျေးမှုနှင့်သမိုင်းဆိုင်ရာ၊ စာပေနှင့်အနုပညာကဏ္ဍများ ဖော်ဆောင်လျက်ရှိသည့်မဂ္ဂဇင်း
- သုတ၊ ရသအတွက် ဝါရင့်ကလောင်ရှင်ကြီးများ၏ဆောင်းပါးများအပြင် ကလောင်သစ်များကိုပါ မြေတောင်မြှောက်ပေးလျက်ရှိသည့်မဂ္ဂဇင်း
- မိမိနေအိမ်စာအုပ်စင်၌ ထာဝစဉ်ထားရှိသင့်သောမဂ္ဂဇင်း
- အစဉ်အလာမပျက် မြန်မာမှုပန်းချီမျက်နှာဖုံးအဖြစ် နာမည်ကျော် ပန်းချီဆရာကြီးများ၏လက်ရာများနှင့်အတူ အရောင်အသွေး စုံလင်စွာဖြင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ငွေတာရီမဂ္ဂဇင်း ထွက်ရှိနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Email - ngwetaryeemagazine@gmail.com
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၉၂၁၃၆၈၈ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)
၀၉ ၂၅၇၃၇၈၄၉၅ (အွန်လိုင်းဖြန့်ချိရေး)

၁၅၀၀ ကျပ်

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

သုတ-ရသ ကဏ္ဍစုံလင်စွာဖြင့်
စာဖတ်ပရိသတ်များ၏လိုအင်များကို အပြည့်ဖြည့်ဆည်းပေးလျက်ရှိသော မြဝတီ ရသစုံမဂ္ဂဇင်း



- ၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလမှစတင်ထုတ်ဝေခဲ့ပြီး (၇၄)နှစ်တိုင်တိုင် စဉ်ဆက်မပြတ် ထုတ်ဝေခဲ့သည့်မဂ္ဂဇင်း
- မြဝတီမဂ္ဂဇင်းသည် အလုပ်သမား၊ လယ်သမားနှင့် တပ်မတော်သားတို့၏အကျိုးကို ကိုယ်စားပြုရပ်တည်လျက်ရှိသောမဂ္ဂဇင်း
- သုတ၊ ရသအတွက် ဝါရင့်ကလောင်ရှင်ကြီးများ၏ဆောင်းပါးများအပြင် စာဆိုစစ်သည် ကလောင်ရှင်များနှင့် စာပေဝါသနာရှင်ကလောင်သစ်များကိုပါ မြေတောင်မြှောက်ပေး လျက်ရှိသည့်မဂ္ဂဇင်း
- မိမိနေအိမ်စာအုပ်စင်၌ ထာဝစဉ်ထားရှိသင့်သောမဂ္ဂဇင်း
- ရုပ်ရှင်၊ ဂီတ၊ သရုပ်ဆောင်မော်ဒယ်များ၏ မျက်နှာဖုံးဓာတ်ပုံများနှင့်အတူ အရောင်အသွေးစုံလင်စွာဖြင့် စဉ်ဆက်မပြတ်ထုတ်ဝေလျက်ရှိပါသည်။
- ကဗျာ၊ ကာတွန်း၊ ဆန်းစစ်လေ့လာမြန်မာစာ၊ ဗုဒ္ဓစာပန်းချီ၊ ရသစာတမ်း၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဝတ္ထုတို၊ ဝတ္ထုရှည်တို့ကို သုတ-ရသစုံလင် စွာဖြင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် မြဝတီမဂ္ဂဇင်းထွက်ရှိနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Email: mwdliteraturehouse@gmail.com
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၉၀၇၅၅၉၆၈(စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄(ဖြန့်ချိရေး)
၀၉ ၂၅၇၃၇၈၄၉၅(အွန်လိုင်းဖြန့်ချိရေး)

၁၅၀၀ ကျပ်

မြဝတီစာပေတိုက်က ထုတ်ဝေသည်။

# အရိပ်

မစန္ဒာ

**ယမန်နေ့မှအဆက်**

'ဟေ့ ဆရာ့မိန်းမက နာတာရှည်ဖြစ်နေတာတဲ့ သိလား'

စုလှိုင်၏ဘေးမှမိန်းကလေးက တီးတိုးပြောလိုက်သည်။

'ဟုတ်လား'

'ကိုယ်ကတော့ ရောဂါတွေထဲမှာ ကင်ဆာကိုအကြောက်ဆုံးပဲ၊ သိလား စုလှိုင် သူရောဟင်'

'ကင်ဆာ'

စုလှိုင်၏ရင်ထဲတွင် လှိုက်ခနဲဖြစ်သွားသည်။ ဒက်ဒီ၏နံပါတ်နှစ်ကို ချက်ချင်းပြေး၍သတိရသည်။ ဆေးစစ်ချက်အရ သူသည် အဆုတ်ကင်ဆာဖြစ်နေကြောင်း သိရပြီဟုဆိုသည်။ ဆရာဝန်များက သူ့ကို ခြောက်လသာခံတော့မည်ဟု ပိုင်းထားပြီဟုဆိုသည်။

'သူသိပ်ကြောက်နေမှာပဲ၊ သေခြင်းတရားကို သူဘယ်လိုများရင်ဆိုင်ရမလဲ၊ ခြောက်လဆိုတာ ဘာမှကြာတာမဟုတ်ဘူး၊ သူလူလောကကြီးထဲကနေ ထွက်သွားရတော့မယ်'

ကြမ်းပြင်ပေါ်တွင်ကြဲပြန့်နေသော စက္ကူမြားဖြူဖြူလေးများကို ငေးကြည့်ရင်း စုလှိုင်၏အတွေးများက ကစဉ့်ကလျားဖြစ်သွားကြသည်။

'ဒက်ဒီရဲ့သားရှိသေးတယ်၊ ခုနေဆိုရင် လေးနှစ်ကျော်ပြီထင်တယ်၊ အင်း တကယ့်တကယ်ဆိုရင် ငယ်ငယ်လေးပဲ၊ သေတယ်ဆိုတာ ဘာမှန်းသိဦးမှာမဟုတ်ဘူး၊ အိုဒါပေမဲ့ သူ့အမေသေလည်း ဒက်ဒီရှိသားပဲ၊ ဒက်ဒီက အဲဒီချူနာကလေးကိုတော့ အတော်ချစ်ပုံရတယ်။ ငါ ဆယ်တန်းအောင်တုန်းက ရုပ်ရှင်ကြည့်ဖို့ဟာ အဲဒီကလေး ဆေးရုံတက်ရလို့ဆိုပြီး မကြည့်ခဲ့ရဘူး၊ အိုမကြည့်ရတော့ရောဘာဖြစ်လဲ၊ အရေးမစိုက်ပါဘူး'

'ဟေ့ဟေ့ စုလှိုင်၊ စုလှိုင် ယူ့ ရိုးလ်ခေါ်နေပြီ'

ဘေးမှမိန်းကလေးက သတိပေးသည်။ ငိုင်တွေတွေဖြစ်နေသော စုလှိုင်သည် ထိုအခါမှ သတိပြန်ဝင်လာသည်။

**"သက်သက်သည် ရွှင်ရွှင်လန်းလန်းလေးရယ်လိုက်ပြီး သူ့လက်များကို ဆုပ်ကိုင်ထားလိုက်သည်။ 'မမယောက်ျား'ဟူသောစကားကို ဂုဏ်ယူဟန်လေးဖြင့်ပြောသော သူ့ကိုစိုက်ကြည့်နေမိသည်။ မိန်းမနဲ့ယောက်ျားမှာ မိန်းမတွေက ပိုပြီးချစ်တတ်ကြတယ်ထင်ပါရဲ့ဟု တွေးနေမိသည်။ စုလှိုင်၏အဖေက သူ့ကို ချစ်၊ မချစ်တော့မသိ။ သူကမူ စုလှိုင်၏အဖေကို တော်တော်လေးချစ်ပုံရသည်ကို သက်သက် အကဲခတ်မိသည်. . ."**

'ပရဲဆင့်' ဟု ကယောင်ကတမ်းနှင့် အော်လိုက်ရင်း သက်ပြင်းချလိုက်လေသည်။

'ဟေ့ ဘာတွေ တွေးနေတာလဲ'

နောက်ဘက်တန်းမှ ကျောင်းသားတစ်ဦးက ရယ်သံတိုးတိုးဖြင့် မကြားတကြားပြောသည်။ စုလှိုင်သည် မကြားချင်ဟန်ဆောင်ရင်း ခုံအမှတ်စဉ်များကို ဖတ်၍ခေါ်နေသောဆရာ့အား လှမ်းကြည့်နေလိုက်သည်။ ထို့နောက် အတွေးမျှင်အစဉ်အတန်းလေးများသည် ကစဉ့်ကလျားကြဲပြန့်သွားကြပြန်လေသည်။

■ ■ ■ ■ ■

'ညီမ ခဏ'

သက်သက်သည် သူ့ကိုလှမ်းခေါ်သူမမစောအား လည်ပြန်ကြည့်ရင်း ပြုံးပြလိုက်သည်။ ရှေ့မှလူနာကို ဆေးပေးနေစဉ်ဖြစ်၍ သူ့ဆီတော့ချက်ချင်းမသွားနိုင်သေးပေ။ ရှင်းရှင်းပြောရလျှင် သွားရမည်ကိုလည်း ဝန်လေးနေသည်။ သူသည် စုလှိုင်ဖခင်၏နံပါတ်နှစ်ဖြစ်သည်။ အဆုတ်ကင်ဆာဖြစ်နေကြောင်း ဆရာဝန်များသိပြီးဖြစ်သော်လည်း သူ့ကိုတော့ အသိမပေးဘဲထားသည်။

'ညနေကျရင် မမဆေးရုံက ဆင်းရတော့မယ်'

'ဒါကြောင့် ပျော်နေတာပေါ့ဟုတ်လား မမစော'

သက်သက်က လိုသည်ထက်ပို၍ရွှင်ပျသောအမူအရာဖြင့် ပြောလိုက်မိသည်။ သူ့ရောဂါကို ဘာရောဂါနည်းဟု မေးလိုက်မည်ကိုတွေးပြီး စိုးရိမ်နေမိသည်။ လိမ်ညာပြောရမည်ကို သက်သက် အလွန်ဝန်လေးသည်။ ထို့ပြင် မျက်နှာထားကိုလည်း အလေးအနက်ထားမရဘဲ ယောင်တောင်တောင်ဖြစ်နေတတ်လေသည်။ အကြောင်းသိသူများကို သက်သက်သည် နောက်ပြောင်သည့်သဘောဖြင့်ပင် လိမ်ညာ၍မရပေ။ သူ့မျက်နှာထားကို မြင်ရုံနှင့် အတည်ပြောခြင်းလော၊ ညာပြောခြင်းလော တန်း၍သိသွားတတ်ကြသည်။

'ညီမလေး မမတို့အိမ် လာလည်ပါလား'

'လာရင် မုန့်ကျွေးရမှာနော်'

'ကျွေးမှာပေါ့ကွယ်၊ ရှိသမျှအကုန်ကျွေးမှာပေါ့၊ လာခဲ့နော်၊ မမက ညီမ မျက်နှာပြုံးပြုံးလေးကို ချစ်လွန်းလို့ပါ၊ အိမ်လာရင် သားလေးကိုလည်း တွေ့ရတာပေါ့'

သူ့သားအကြောင်းပြောသောအခါ သူ့မျက်လုံးများသည် အရောင်တောက်လာသည်။ သက်သက်သည် သူ့ကိုကြည့်ရင်း ရင်ထဲတင်းကျပ်သွားသည်။ သူ့သားငယ်ကို သူသည် လပိုင်းအတွင်းထားရစ်ခဲ့ရတော့မည်ကိုသိလျှင် သူ့ခများမည်သို့ဖြစ်နေရှာမည် မတွေးရက်ပေ။

'မမယောက်ျားကတောင် ပြောသေးတယ်၊ ဒီဆရာမလေးကိုကြည့်ရတာ ပြုံးပြီးပျော်နေတာပဲ၊ အလုပ်မှာစိတ်ဝင်စားပြီး ရွှင်လန်းဖျတ်လတ်နေလိုက်တာ၊ အမြဲတမ်းဒီလိုပဲလားတဲ့၊ မမက အမြဲတမ်းဒီလိုပါပဲ၊ သူ့ကိုမြင်ရတာနဲ့ စိတ်ထဲမှာ အေးချမ်းသွားတာပဲလို့ ပြောရသေးတယ်၊ အဟုတ်ပြောတာ'

သက်သက်သည်ရွှင်ရွှင်လန်းလန်းလေး ရယ်လိုက်ပြီး သူ့လက်များကို ဆုပ်ကိုင်ထားလိုက်သည်။ 'မမယောက်ျား'ဟူသောစကားကို ဂုဏ်ယူဟန်လေးဖြင့်ပြောသော သူ့ကို စိုက်ကြည့်နေမိသည်။ မိန်းမနဲ့ယောက်ျားမှာ မိန်းမတွေက ပိုပြီးချစ်တတ်ကြတယ်ထင်ပါရဲ့ဟု တွေးနေမိသည်။ စုလှိုင်၏အဖေက သူ့ကို ချစ်၊ မချစ်တော့မသိ။ သူကမူ စုလှိုင်၏အဖေကို တော်တော်လေးချစ်ပုံရသည်ကို သက်သက် အကဲခတ်မိသည်။ ညှော်ချိန်ရောက်လျှင် သနပ်ခါးမှုန့်ရိုက်ပြီး နှုတ်ခမ်းကို နီပြေပြေလေးဆိုးကာ မျှော်နေတတ်သည်။ တစ်ခါတစ်ရံ မျှော်သူသာမောရတတ်သည်။ သူမျှော်သူကား ပေါ်မလာတတ်ပေ။ ထိုသို့သောနေ့မျိုးတွင် မျက်နှာလေးညှိုးကာ စောစောအိပ်သွားတတ်လေသည်။

'သူ့မှာ မိန်းမကြီးရှိသေးတယ် မမယောက်ျားမှာလေ'

'ဟယ် အဟုတ်လား'

သူက စိတ်လိုလက်ရပြောသောအခါ သက်သက်သည် သိပြီးဖြစ်သော်လည်း အံ့သြချင်ဟန်ဆောင်လိုက်ရသည်။

'ဒီတော့ အိမ်မှာအမြဲတမ်းရှိမှာက မမရယ်၊ သားလေးရယ်ပဲ၊ ညီမလာရင် လွတ်လပ်ပါတယ်၊ အခု မမ ဆေးရုံတက်နေရတုန်းတော့ သားလေးကို ကလေးထိန်းနဲ့ထားရတယ်၊ မမဆေးရုံကဆင်းရင်လည်း သူ့အဖေက အထိန်းကို ဆက်ထားဦးမယ်တဲ့၊ မမက သိပ်မကျန်းမာတော့ ကလေးဝေယျာဝစ္စတွေ လုပ်ဖို့မကောင်းသေးဘူးတဲ့၊ မမရောဂါက ကင်ဆာတော့မဟုတ်ပါဘူးနော်'

'အို ဟုတ်ပါဘူး'

'သေချာရဲ့လား ညီမရယ်၊ မမက ဖွင့်မပြောဘဲ တမင်များဖုံးထားတာလားလို့'

'ဟုတ်ပါဘူး မမစောရယ်၊ မမက အဲဒါကို အမြဲစိုးရိမ်ပြီး အမြဲစွဲလမ်းနေတာကိုး'

'အေးကွယ် စိုးတော့ စိုးရိမ်တာပေါ့'

အမျိုးသမီးသည် သက်ပြင်းလေးချလိုက်သည်။ အိပ်ရာပေါ်သို့ လှဲချလိုက်ရင်း သက်သက်ကို မချိပြုံးလေးပြုံးပြသည်။

'မမက သေရမှာကို သိပ်ကြောက်နေတယ်'

'လူတိုင်းပဲကြောက်ကြတာပေါ့ မမရယ်'

'မဟုတ်ဘူး လူတိုင်းထက် မမက ပိုမယ်ထင်တယ်'

'ဘာဖြစ်လို့လဲဟင်'

'သားလေးကို တစ်ယောက်တည်းထားခဲ့ရမှာစိုးတယ်'

'မမကလည်း ဘာလို့မဟုတ်တာတွေ တွေးတွေးနေတာလဲ၊ ပျော်ပျော်နေစမ်းပါ၊ သေတာကတော့ လူတိုင်းသေရမှာပေါ့၊ မမရဲ့သားလေးလည်း တစ်နေ့သေရမှာပဲ၊ သက်သက်လည်း သေရမှာပဲ၊ ဒါပေမဲ့ အရေးကြီးတာက နေရတဲ့အချိန်လေးမှာ အကျိုးရှိရှိနေဖို့က ပိုအရေးကြီးတယ်မဟုတ်လား၊ သက်သက်ကတော့ သေမင်းကို ဘယ်တော့မှကြိုတွေးမနေဘူး၊ သေနေ့စေ့လို့ သေချိန်တန်မှပဲ အပြုံးမပျက်ရင်ဆိုင်လိုက်မယ်၊ "ဟေ့ သေမင်း နေကောင်းရဲ့လား၊ နင်ရော ဘယ်တော့ သေမှာလဲလို့" လှမ်းနှုတ်ဆက်လိုက်မယ်'

သက်သက်သည် ဖျောင်းဖျပြောဆိုနေရင်း အရွှန်းလေးဖောက်လိုက်သည်။ ဒေါ်ခင်ခင်စောက မရယ်သော်လည်း ဘေးဘက်ခုတင်မှ ဒေါ်လှအေးက တသိမ့်သိမ့်ရယ်လေသည်။

'အဲဒီ အစောတစ်ယောက်ဟာလေ အမြဲပဲ ကြံဖန်ပြီးစိတ်ညစ်နေတာ ဆရာမလေးရဲ့'

'ပျော်ပျော်နေ သေခဲတယ် မမစောရဲ့'

'အင်း အင်း၊ သေမှာတော့ကြောက်တယ်၊ ပျော်ပျော်ပဲနေတော့မယ်ဟုတ်လား'

သူက မချိပြုံးလေးနှင့်ပြောကာ ရယ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## ယခုဘဏ္ဍာနှစ်တွင် မြောင်းမြခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးမှူးဆောင်ရွက်နေသော လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်

မြောင်းမြ ဖေဖော်ဝါရီ ၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှကြီးမှူး၍ ယခုဘဏ္ဍာနှစ်တွင် မြောင်းမြခရိုင်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြောင်းမြခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်တွင် မြောင်းမြခရိုင်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ၃၁ ခုကို ဆောင်ရွက်လျက်ရှိသည်။

"မြောင်းမြခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ဒီဘဏ္ဍာနှစ်မှာ မြို့နယ်သုံးမြို့နယ်မှာ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းပေါင်း ၃၁ ခုကို စီမံဆောင်ရွက်နေပါတယ်။ လက်ရှိမှာ ၉၀ ရာခိုင်နှုန်းလောက်ပြီးစီးနေပြီဖြစ်ပါတယ်" ဟု မြောင်းမြခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်သန္တာဝင်းကပြောသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ဒေသခံပြည်သူများ သွားလာရေးလွယ်ကူလျင်မြန်စေမည်ဖြစ်ကြောင်း သိရသည်။ **ဆောင်းဦး**

## ကော့သောင်းမြို့မဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်

ကော့သောင်း ဖေဖော်ဝါရီ ၈



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဖေဖော်ဝါရီလ ၈ ရက်တွင် ကော့သောင်းမြို့ မြို့မဈေး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကော့သောင်းခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးသူရဝင်း ဦးဆောင်သော ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှတာဝန်ရှိသူများ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူ၊ ဈေးသားများအား မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြပြီး မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက စနစ်တကျမီးငြိမ်းသတ်ရမည့်နည်းလမ်းများကို အသိပညာပေးဟောပြောကြသည်။ ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ရေစိုအဝတ်များ၊ မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်နည်းကို သရုပ်ပြသရာ ဈေးသူ၊ ဈေးသားများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်မှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့်တာဝန်ရှိသူများ ကြည့်ရှုအားပေးပြီး မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးနှင့်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မီးသတ်ဆေးဘူးများ တပ်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ချမ်းမြေ့**

❖ တက္ကသိုလ်ဆိုသည်မှာ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးရာ ဘူမိနက်သန် ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင်သည့် နည်းပညာအခြေပြုသုတေသနများ အစပြုဖော်ဆောင်ရာနေရာလည်းဖြစ် . . .

❖ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိရာတွင် အရည်အသွေးပြည့်ဝသည့် အရင်းအမြစ်များမွေးထုတ်ရာ တက္ကသိုလ်များနှင့်ကောလိပ်များ၊ သိပ္ပံများသည် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်နေ . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော မန္တလေးတက္ကသိုလ် နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ) ၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲကို ယနေ့ ညနေပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး Banquet Hall ၌ ကျင်းပပြုလုပ်သည်။

အဆိုပါဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ စာမျက်နှာ ၁၂ ကော်လံ ၁ ❍

## KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဗန်းမောက်မြို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်သိမ်းပိုက်ထိန်းချုပ်

စာ - ၂၈ သို့




လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့၊ ပြည်သူ့ဆေးရုံအား သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

စာ - ၇ သို့

### ပထဝီဝင်ဘာသာရပ်ဆိုင်ရာသိကောင်းစရာပါရှိ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ်မြဝတီသတင်းစာ စာမျက်နှာ(၂၄)နှင့်(၂၅)တို့တွင် ဖော်ပြထားပါသည်။

